# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တပ်မက်မှုကိုစွန့်လွှတ်**

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၈၃)**


၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၉ ရက်၊ သောကြာနေ့၊ အတွဲ (၅၅)၊ အမှတ် (၃၄၀)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## မစ္စတာ ကိုဖီအာနန်၏ ကျွမ်းကျင်သည့်ခေါင်းဆောင်မှုဖြင့် ပြဿနာကို ချဉ်းကပ်ဖြေရှင်းနိုင်မည်ဟု ယုံကြည်



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ကိုဖီအာနန်အား ယနေ့နံနက်၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ရခိုင်ပြည်နယ်ကိစ္စသည် မြန်မာနိုင်ငံအတွက် အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မစ္စတာ ကိုဖီအာနန်၏ ကျွမ်းကျင်သည့်ခေါင်းဆောင်မှုဖြင့် ပြဿနာကို ချဉ်းကပ်ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

မစ္စတာ ကိုဖီအာနန်က ယခုကော်မရှင်ကို မြန်မာနိုင်ငံက ဖွဲ့စည်းထားခြင်း ဖြစ်ပါကြောင်း၊ ပါဝင်ဖွဲ့စည်းထားသည့် နိုင်ငံခြားသား သုံးဦးအနေဖြင့်လည်း ရခိုင်ပြည်နယ်ကိစ္စရပ်များအပေါ် မိမိတို့၏ နိုင်ငံတကာအတွေ့အကြုံများဖြင့် ပေါင်းစပ်သုံးသပ်၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေရိကန်သို့ ချစ်ကြည်ရေးခရီးသွားမည်

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတ မစ္စတာ ဘားရက်အိုဘားမား၏ ဖိတ်ကြားချက်အရ အမေရိကန်ပြည်ထောင်စုသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နယူးယောက်မြို့တွင် ကျင်းပပြုလုပ်မည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့လည်း တက်ရောက်မည်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသို့အသွားခရီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥရောပဒေသ၊ အရှေ့အလယ်ပိုင်းဒေသအခြေစိုက် မြန်မာသံအမတ်ကြီးများနှင့်တွေ့ဆုံရန်နှင့် ဗြိတိန်နိုင်ငံအစိုးရအဖွဲ့အကြီးအကဲများနှင့် တွေ့ဆုံမှုပြုလုပ်ရန် ဗြိတိန်နိုင်ငံသို့လည်း သွားရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ**

စာမျက်နှာ-၃




# အာဆီယံထိပ်သီးနှင့် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသော (၂၉) ကြိမ်မြောက် အာဆီယံသီးသန့်အစည်းအဝေး၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးအစည်းအဝေးများနှင့် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးများသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံတို့မှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

(၂၉)ကြိမ်မြောက် အာဆီယံသီးသန့်အစည်းအဝေးအပြင် (၁၉) ကြိမ်မြောက် အာဆီယံ -တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ-တောင်ကိုရီးယားထိပ်သီးအစည်းအဝေး၊ ဒုတိယအကြိမ်မြောက် အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေး၊ (၈) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးများကိုလည်း ကျင်းပခဲ့ခြင်းဖြစ်သည်။

အာဆီယံနိုင်ငံများမှာ လူဦးရေ သန်း ၆၂၀ ခန့်ရှိသော မတူကွဲပြားသည့် လူမျိုး၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာများရှိသည့်နိုင်ငံ ၁၀ နိုင်ငံပေါင်းစုထားသောဒေသတွင်း အဖွဲ့အစည်းကြီး ဖြစ်သည်။ နိုင်ငံရေးအရဆိုလျှင်လည်း ဘုရင်စနစ်မှသည် ကွန်မြူနစ်ဝါဒအထိရှိသော နိုင်ငံများ၊ အာဏာရှင်စနစ်မှသည် ဒီမိုကရေစီနည်းကျရွေးချယ်ခံစနစ်ကျင့်သုံးသောနိုင်ငံများ ပေါင်းစည်းထားခြင်းဖြစ်ပေသည်။ ထိုသို့သော မတူကွဲပြားမှုများကြား ပေါင်းစည်းမှုမှသည် ဒေသတွင်းစီးပွားရေးအင်အားကောင်းသောအနေအထားသို့ရောက်ရှိလာရန် အလားအလာများစွာ ရှိနေသည်ဟု သုံးသပ်ကြသည်။

အာဆီယံအဖွဲ့ဝင်များဖြစ်ကြသော စင်ကာပူ၊ ဗီယက်နမ်၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့တွင် မော်တော်ကား၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် အခြားကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်လျက်ရှိသည်ကို တွေ့နိုင်သည်။ မဝေးလှသောအနာဂတ်တွင် ကုန်စည်များ ထုတ်လုပ်ရာမှကုန်စည်များစားသုံးသော နိုင်ငံများဖြစ်လာတော့မည်။ **Made in China** မှ **Made for China**၊ **Made in Asean** မှ **Sold in Asean** ဖြစ်လာတော့မည်ဟု ခန့်မှန်းမှုများရှိလာနေပါသည်။

ယခု အာဆီယံဒေသတစ်ခုလုံး၏ ထုတ်လုပ်မှုမှာ ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံရှိပြီး ကမ္ဘာ့အဆင့် (၇) နေရာတွင် ရှိနေသည်။ ၂၀၅၀ ခုနှစ်လောက်တွင် ကမ္ဘာ့အဆင့် (၄) သို့ ရောက်လာမည်ဟု ခန့်မှန်းကြသည်။ စားသုံးသူသုံးစွဲမှုတွင်လည်း ၂၀၂၀ ခုနှစ်တွင် ၂ ဒသမ ၃ ထရီလီယံလောက်ရှိလာမည်ဖြစ်ပြီး ၂၀၁၂ ခုနှစ်အနေအထားထက် ၈၀ ရာခိုင်နှုန်းခန့်မြင့်တက်လာမည် ဖြစ်သည်။ အာဆီယံဒေသတွင်း အလယ်အလတ် လူတန်းစား ၂၀၂၅ ခုနှစ်တွင် သန်း ၁၂၀ ခန့်ရှိလာမည်ဖြစ်ပြီး ၂၀၁၀ ထက် နှစ်ဆဖြစ်လာမည်။ ထိုလူတန်းစားသည် သုံးစွဲနိုင်မှုမြင့်မားလာမည်။ ခရီးသွားခြင်း၊ ဖျော်ဖြေရေးများ၊ အာမခံနှင့် ပညာရေးစသည်တို့တွင် ပိုမိုသုံးစွဲလာကြမည်ဖြစ်သည်။ ဒေသတွင်း **Digital Banking Technology** သုံးစွဲလာနိုင်မှုကြောင့် လာမည့်နှစ်များအတွင်း သန်းဆယ်နှင့်ချီသော လူများကိုစုဆောင်းခြင်း၊ ချေးငွေ၊ ရင်းနှီးမြှုပ်နှံမှု၊ အာမခံဝန်ဆောင်မှုများ ပထမဆုံးအကြိမ်အဖြစ် လွယ်ကူစွာခံစားရတော့မည်ဟုလည်း ခန့်မှန်းတွက်ဆမှုများ ရှိနေပါသည်။

ထိုသို့သော အလားအလာများကြောင့် အာဆီယံထိပ်သီးအစည်းအဝေးတိုင်း၌ အာဆီယံ+၃၊ အာဆီယံ+၇ စသဖြင့် မိတ်ဖက်နိုင်ငံများနှင့် ပါဆွေးနွေးမှုများ ပုံမှန်ရှိနေခြင်းဖြစ်သည်။ ယခုအစည်းအဝေးတွင်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်၊ ဂျပန်နှင့် နယူးဇီလန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် သီးခြားတွေ့ဆုံမှုများ ရှိခဲ့သည်ကို တွေ့ရသည်။ အဆိုပါ နိုင်ငံများနှင့် ဘဏ္ဍာရေး၊ ခရီးသွားလာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍမြှင့်တင်မှု၊ လျှပ်စစ်နှင့်စွမ်းအင်၊ ဆက်သွယ်ရေး၊ ဘဏ်လုပ်ငန်းများစသဖြင့် ကဏ္ဍပေါင်းစုံဆွေးနွေးမှုများ သဘောတူညီမှုများရှိခဲ့သည်ကို တွေ့ရပေသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံမှုတွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်ယမ်းငွေ ၁၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ဘီလီယံ) ချေးငွေထောက်ပံ့မည်ဖြစ်သည်။ ထိုချေးငွေမှာ ဆိုင်းငံ့ကာလ ၁၀ နှစ် အပါအဝင် နှစ် ၄၀ ချေးငွေဖြစ်ပြီး အလွန်သက်သာသော အတိုးနှုန်းဖြစ်သည့် နှစ်စဉ် ၀ ဒသမ ၀၁ ရာခိုင်နှုန်းသာပေးရမည်ဖြစ်ပါသည်။ ယင်းချေးငွေများဖြင့် စိုက်ပျိုးရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရေပေးဝေမှု၊ လမ်းတံတားစသော အခြေခံအဆောက်အအုံစီမံကိန်းများအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

အာဆီယံသီးသန့်ထိပ်သီးအစည်းအဝေးမှ အရေးပါသော နိုင်ငံရေးကိစ္စများ၊ ဒေသတွင်း တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးများအပြင် နိုင်ငံတကာမှ အကူအညီအထောက်အပံ့များလိုအပ်နေသော မြန်မာနိုင်ငံအတွက်လည်း အကျိုးရှိမည့် သဘောတူညီချက်များ၊ ထောက်ပံ့ငွေများ လက်ခံရရှိခြင်းသည် နိုင်ငံအတွက် ကောင်းမွန်သော အလားအလာများပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။




## ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာငါးရွာ ၂၄ နာရီလျှပ်စစ်မီးရရှိ

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၈**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မှူး ဦးမိုးကျော်သူနှင့် ဝန်ထမ်းများက စက်တင်ဘာလပထမပတ်က လျှပ်စစ်မီးရရှိပြီးဖြစ်သော ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြတ်တောက်မှုမရှိစေရေးနှင့် လူထုပညာပေးဟောပြောပွဲများကို ပြုလုပ်ခဲ့ပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြသည်။

ပုဏ္ဏားကျွန်းမြို့နယ်တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် ဓာတ်အားစနစ်မှ ၂၄ နာရီဓာတ်အားရရှိခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ကျေးရွာကိုးရွာတွင် ဓာတ်အား ၂၄ နာရီ ရရှိခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာငွေပိုလျှံ၍ အလယ်ချောင်း၊ မကျည်းချောင်း၊ သာယာကုန်း၊ ကျွဲချ၊ ဒီပါရုံကျေးရွာများမှာ ထပ်မံပြီး ဓာတ်အား ၂၄ နာရီရရှိနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မှူးထံမှ သိရသည်။

(၁၅၇)

## စေတီပြန်လည်ပြုပြင်ရာမှ ရှေးဟောင်းဘုရားဆင်းတုတော်များတွေ့ရှိ

**ညောင်လေးပင် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အလယ်ရွာကျေးရွာ၌ စက်တင်ဘာ ၇ ရက်က ယိုယွင်းပျက်စီးနေသော ရှေးဟောင်းစေတီတော်ကြီးအား ပြန်လည်ပြုပြင်ရာမှ ရှေးဟောင်းဘုရားဆင်းတုတော်များ တူးဖော်တွေ့ရှိရကြောင်း သိရသည်။

ရှေးနှစ်ပေါင်းများစွာက ညောင်လေးပင်မြို့နယ် အလယ်ရွာကျေးရွာတွင် ရှေးဟောင်းစေတီတော်ကြီးငယ် ၁၁ ဆူ ရှိကြောင်း သိရသည်။ ယင်းစေတီများအနက် ဝေဠုဝန်ကျောင်းတိုက်အတွင်းရှိ စေတီအောက်ခြေ အကျယ် ၄၅ ပေ၊ ပတ်လည်နှင့် လုံးပတ် ၃၆ ပေ၊ ဉာဏ်တော်အမြင့်ပေ ၅၀ ကျော်ခန့်ရှိသော ရွှေပြည်အေးစေတီတော်ကြီးအား ပြန်လည်ပြုပြင်နေစဉ် ပဋ္ဌမပစ္စယံနေရာ၌ အရှည် ၁၀ တောင်ခန့်ရှိသော သစ်ပင်ကြီး ပေါက်ရောက်နေသဖြင့် ထိုသစ်ပင်ကြီးအား ရှင်းလင်းတူးဖော်စဉ် စက်တင်ဘာ ၃ ရက်က အမြစ်ရှိသော နေရာ၊ ဌာပနာတိုက်ဟုယူဆရသောနေရာမှ ရှေးဟောင်းဘုရားဆင်းတုတော် ၃၉ ဆူနှင့် ခဲမိုပုံလောင်း ဘုရားအသေး ၇၆ ဆူတို့အား တွေ့ရှိရကြောင်း၊ ဆင်းတုတော်များထဲတွင် ရွှေသားအစစ် ဆင်းတုတော် ဉာဏ်တော်အမြင့် လေးလက်မတစ်ဆူ၊ ငွေသား ဆင်းတုတော် ဉာဏ်တော်အမြင့် ၁၁ လက်မတစ်ဆူ၊ ၁၀ လက်မ တစ်ဆူ၊ ကိုးလက်မ သုံးဆူ၊ ငါးလက်မ ၃၃ ဆူနှင့် ခဲမိုပုံလောင်းအပါး အမြင့် သုံးလက်မ ၅၉ ဆူ၊ လေးလက်မ ၁၇ ဆူ တူးဖော်တွေ့ရှိရကြောင်း ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဦးခေမာစာရက မိန့်ကြားသည်။

ယခုတူးဖော်တွေ့ရှိရသော ဆင်းတုတော်များကို အနယ်နယ်အရပ်ရပ်ရှိ ရဟန်းရှင်လူ ပြည်သူအများ လာရောက်ဖူးမြော်ကြည်ညိုလေ့လာနိုင်ရန်အတွက် အဆိုပါကျောင်းတိုက်၌ စနစ်တကျ သိမ်းဆည်းကာ အပူဇော်ခံထားရှိ၍ စေတီတော်ဟောင်းကြီးအား ဆက်လက်ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



## မြစ်ကြီးနား-မန္တလေး အမှတ် (၅၅/၅၆)အထူးအမြန်ရထား အထက်တန်းအိပ်ခန်းတွဲအချို့တွင် ပန်ကာများပျက်စီးနေ

**မန္တလေး စက်တင်ဘာ ၈**

မြန်မာ့မီးရထားဖြင့် ဒေသန္တရခရီးသွားလာကြသူများ အဆင်ပြေချောမွေ့စေရန်နှင့် ခရီးသွားကုန်ကျစရိတ်များသက်သာပြီး စိတ်ချမ်းမြေ့စွာဖြင့် ဝန်ဆောင်မှုပေး၍ နေ့စဉ် မြန်မာ့မီးရထား အစုန်-အဆန်ခရီးစဉ်များကို ပြေးဆွဲလျက်ရှိရာ ခရီးသွားအများစုက မီးရထားဖြင့်ခရီးသွားခြင်းကို အထူးကြိုက်နှစ်သက်ကြကြောင်း စက်တင်ဘာ ၇ ရက်က မီးရထားခရီးသည်တစ်ဦးထံမှ သိရသည်။

"ကျွန်တော်တို့က တစ်ခါတစ်ရံမှ ခရီးထွက်ဖြစ်တာပါ။ အခုလိုခရီးထွက်တိုင်း ကားစီးရင်ကျဉ်းကျပ်လွန်းလို့ သက်သောင့်သက်သာစီးလို့ရတဲ့ ရထားစီးတာကိုပိုပြီး သဘောကျတယ်။ အခုစီးတဲ့ အမှတ်(၅၆)မြစ်ကြီးနား-မန္တလေးအစုန်အထူးရထားဟာ အဆင့်မြင့်ပါတယ်။ ဒါပေမယ့် အခုအထက်တန်းအိပ်စင်တွဲ( B-1 B-2 B-3 B-4 ) မှာ ပန်ကာပျက်နေတဲ့အတွက် စိတ်လက်မအီမသာဖြစ်ရပါတယ်။ မီးရထားကို ပြည်တွင်းပြည်ပ ခရီးသွားတွေပါစီးနေကြတာကြောင့် ခရီးသည်မတင်မီ ပြုပြင်စရာရှိတာတွေကို ပြုပြင်ပေးဖို့လိုအပ်ပါတယ်" ဟု ရထားစီးခရီးသည်တစ်ဦးက ပြောသည်။

အဆိုပါ အမှတ်(၅၅/၅၆)အစုန်-အဆန် အထူးအမြန်ရထားသည် စက်တင်ဘာ ၁ ရက်မှစတင်ကာ အထက်တန်းအိပ်စင်တွဲ(၁)တွဲကို စတင်ချိတ်ဆွဲပြေးဆွဲခဲ့ကြောင်း၊ အမှတ်(၃၃/၃၄)အိပ်စင်ရထားကို ဖျက်သိမ်းသည့်အတွက် ခရီးသွားများ အဆင်ပြေစွာစီးနင်းနိုင်စေရန် အဆိုပါအိပ်စင်တွဲကို ချိတ်ဆွဲရခြင်းဖြစ်ကြောင်း၊ မန္တလေး-မြစ်ကြီးနား မြန်မာ့မီးရထားခရီးစဉ်သည် အထက်မြန်မာပြည်၏ အဓိကအရေးပါသော ခရီးသွားဝန်ဆောင်မှုဖြစ်သည့်အတွက် ရထားစီးခရီးသွားများ အဆင်ပြေစွာသွားလာနိုင်ရေး လမ်းပိုင်းများကြံ့ခိုင်မှုရှိရန် လိုအပ်သကဲ့သို့ ရထားတွဲဆိုင်းများ၊ ထိုင်ခုံများ၊ ပန်ကာများကို ခရီးစဉ်တစ်လျှောက် ဝန်ဆောင်မှုအပြည့်ပေးနိုင်ရေးလိုအပ်ကြောင်း သိရသည်။

**နီတိုး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း  ၈-၉-၂၀၁၆  ခင်ရတနာ-စုစည်းသည်။

**ရွှေစျေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၇၅၀၀ |

**စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၆.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၂၁ |
| ထိုင်း | တစ်ဘတ် | ၃၅.၀၇၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၂၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၃၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၉၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




**(၁၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေး ကျင်းပစဉ်** (ဓာတ်ပုံ-ပြန်/ဆက်)

**ဗီယင်ကျန်း စက်တင်ဘာ ၈**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ဗီယင်ကျန်းမြို့အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေး၊ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀တွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေးနှင့် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ဆက်လက်ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းပြည်ပမှ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ လာအိုနိုင်ငံ သိပ္ပံနှင့်နည်းပညာဝန်ကြီး H.E.Mr.Borvieng-kham Vondara၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စိုးဝင်း၊ သံရုံးမိသားစုများနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ လာအို သံရုံးယာယီတာဝန်ခံနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်** (သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ယနေ့ညနေပိုင်းတွင် ဒေသတွင်း ဘက်စုံစီးပွားရေး မိတ်ဖက်ပြုမှုဆိုင်ရာ နိုင်ငံခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်ထုတ်ပြန်ခြင်းအခမ်းအနား၊ (၂၈)ကြိမ်နှင့် (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ ပိတ်ပွဲအခမ်းအနားနှင့် ၂၀၁၇ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်မည့် ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ အာဆီယံဥက္ကဋ္ဌ တာဝန်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံ

## လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်** (သတင်းစဉ်)

**ဗီယင်ကျန်း စက်တင်ဘာ ၈**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီနှင့် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသား ကွန်ဗင်းရှင်းဗဟိုဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာများ အပြန်အလှန်ဖလှယ်ရေး၊ အိန္ဒိယနိုင်ငံသို့ မြန်မာနိုင်ငံမှ ပဲသီးနှံအမျိုးမျိုးတင်ပို့ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့ပြင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ယခုနှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ ကျင်းပမည့် ဘင်းစတက်ထိပ်သီးအစည်းအဝေးနှင့် BRICS ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ရန် မျှော်လင့်ပါကြောင်း၊ အစည်းအဝေးများနှင့် တစ်ဆက်တည်း နှစ်နိုင်ငံတွေ့ဆုံပွဲကို ကျင်းပသွားလိုကြောင်း၊ မြန်မာနိုင်ငံ အစိုးရသစ်၏ ပြည်တွင်းပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေးဆောင်ရွက်ချက်များကို အိန္ဒိယအစိုးရမှ အစဉ်ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ဂျပန်နှင့် အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ထားသော အစီအစဉ်တစ်ခုဖြစ်သည့် ဗုဒ္ဓဘာသာ ထိပ်သီးအစည်းအဝေးကို ယခုတစ်ကြိမ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန် အဆိုပြုပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**




# (၂၈)ကြိမ်နှင့် (၂၉)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများကျင်းပပြီးစီး

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများမှအကြီးအကဲများနှင့်သီးခြားစီတွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များဆွေးနွေးခဲ့

နေပြည်တော် စက်တင်ဘာ ၈

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိကျင်းပခဲ့သည့် (၂၈) ကြိမ်နှင့် (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခဲ့သည့်အပြင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ အကြီးအကဲများ နှင့် သီးခြားစီတွေ့ဆုံပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ဆွေးနွေးခဲ့သည်။**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စက်တင်ဘာ ၆ ရက်က စတင်ကျင်းပသည့် (၂၈)ကြိမ်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနား၊ (၂၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ မျက်နှာစုံညီ အစည်းအဝေး၊ အာဆီယံဒေသတွင်းနှင့် ဒေသပြင်ပရှိသဘာဝ ဘေးအန္တရာယ်များကို အာဆီယံအနေဖြင့် တုံ့ပြန်ကာကွယ် ခြင်းဆိုင်ရာ အာဆီယံကြေညာချက် လက်မှတ်ရေးထိုးခြင်း အခမ်းအနား၊ အာဆီယံပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ မဟာစီမံကိန်း(၂၀၂၅)နှင့် အာဆီယံပေါင်းစည်းရေးဆိုင်ရာ ကနဦးလုပ်ငန်းစီမံချက်-၃ တို့အား စတင်အကောင်အထည် ဖော်ခြင်းအခမ်းအနား၊ အာဆီယံနိုင်ငံ/အစိုးရအဖွဲ့ အကြီး အကဲများနှင့် အာဆီယံပါလီမန်များ ညီလာခံကိုယ်စားလှယ် များ တွေ့ဆုံဆွေးနွေးပွဲ၊ အာဆီယံနိုင်ငံ အစိုးရအဖွဲ့အကြီးအကဲ များနှင့် အာဆီယံလူငယ်ကိုယ်စားလှယ်များ တွေ့ဆုံဆွေး နွေးပွဲနှင့် အာဆီယံနိုင်ငံ/အစိုးရ အဖွဲ့အကြီးအကဲများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီနှင့် တွေ့ဆုံဆွေးနွေးပွဲ များသို့ တက်ရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စက်တင်ဘာ ၇ ရက်က (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေး၊ အာဆီယံ-တရုတ် ဆွေးနွေးဖက် ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ်ဆိုင်ရာ (၁၉)ကြိမ် မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ် မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ် မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေးနှင့် (၁၉) ကြိမ်မြောက် အာဆီယံ-အပေါင်းသုံး ထိပ်သီးအစည်းအဝေး၊ နှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပသည့် ပထမအကြိမ် အာဆီယံ-ဩစတြေးလျထိပ်သီးအစည်းအဝေးနှင့် (၈) ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ် မြောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးများသို့ အခြား အာဆီယံနိုင်ငံများမှ အကြီးအကဲများနှင့်အတူ တက်ရောက် ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့ကျင်းပသည့် (၁၄) ကြိမ်မြောက် အာဆီယံ-အိန္ဒိယထိပ်သီးအစည်းအဝေး **(အပေါ်ပုံ)**၊ စတုတ္ထအကြိမ်မြောက် အာဆီယံ-အမေရိကန်ထိပ် သီးအစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် အရှေ့အာရှထိပ်သီး အစည်းအဝေးများသို့လည်း တက်ရောက်ခဲ့သည်။

ထို့ပြင် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် တစ်ဆက် တည်းကျင်းပခဲ့သည့် (၈)ကြိမ်မြောက် မဲခေါင်-ဂျပန်ထိပ်သီး အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ် နှင့် ဂျပန်နိုင်ငံတို့မှ အကြီးအကဲများနှင့်အတူ တက်ရောက် ခဲ့သည်။

အဆိုပါ (၂၈)ကြိမ်နှင့် (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများ တွင် လက်မှတ်ရေးထိုးချုပ်ဆိုသည့် အာဆီယံ ကြေညာချက် တစ်ခု၊ ဥက္ကဋ္ဌထုတ်ပြန်သည့် ကြေညာချက် ၁၁ ခု၊ အတည်ပြု သည့် ထုတ်ပြန်ချက် ၁၈ ခု၊ မှတ်တမ်းတင်သည့် ထုတ်ပြန်ချက် ၂၇ ခု စုစုပေါင်း ထုတ်ပြန်ချက် ၅၇ ခုကို ထုတ်ပြန်ခဲ့သည်။

ထိပ်သီးအစည်းအဝေးကာလအတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာငုယင်စွမ်းဖု၊ ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာဂျွန်ကီး၊ အိန္ဒိယနိုင်ငံဝန်ကြီး ချုပ် မစ္စတာနာရင်ဒရာမိုဒီတို့နှင့် သီးခြားစီ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေး ခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကျင်းပ ပြီးစီးခဲ့သည့်(၂၈)ကြိမ်နှင့် (၂၉) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေး များတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ဆက်ဆံရေးနှင့် အနာဂတ်ဦးတည်ချက်၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စရပ်များ၊ အာဆီယံနှင့် ပြင်ပဆက်ဆံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင် ဆွေးနွေးခဲ့သည့်အပြင် မြန်မာနိုင်ငံမှ ဆွေးနွေးဖက်ဆက်ဆံ ရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည့် ပထမအကြိမ် အာဆီယံ-ဩစတြေးလျထိပ်သီးအစည်းအဝေးတွင်လည်း ဦးဆောင် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

◆ ***ရှေ့ဖုံးမှ***

မိမိတို့၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် ဒီမိုကရေစီစနစ်နှင့်အညီ ဆန္ဒဖော်ထုတ်မှုများ ကြုံတွေ့ခဲ့ရခြင်းကိုလည်း နားလည်လက်ခံပါကြောင်း၊ ကော်မရှင်အနေဖြင့် လူထု၏သဘောထားများ တောင်းခံရာတွင် လိုအပ်ချက်များအား ရှင်းရှင်းလင်းလင်းသိလိုပါကြောင်း၊ သို့မှသာ ပြဿနာအား ချဉ်းကပ်ဖြေရှင်းရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ တာဝန်ရှိသူများ၏ အတွေ့အကြုံများဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့ပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် နိုင်ငံအတွက် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်၍ အလေးအနက်ထားရှိမှု၊ ကိုဖီအာနန်ဖောင်ဒေးရှင်းမှ ဆောင်ရွက်နေသော စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေမှုနှင့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဇီကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၈

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဇီကာရောဂါကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအမျိုးသားအဆင့် နည်းဗျူဟာစီမံကိန်းကို ရေးဆွဲအတည်ပြုကာ အဆိုပါ နည်းဗျူဟာစီမံကိန်းအရ ZIKA ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။**

ဇီကာရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးပညာပေးခြင်းနှင့် သတင်းအချက်အလက်အသစ်များကို ပြည်သူလူထုသိရှိနိုင်ရန် နိုင်ငံတစ်ဝန်းရှိအခြေခံ ကျန်းမာရေးဝန်ထမ်းများမှ တစ်ဆင့်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန Website နှင့် Myanmar CDC Facebook Page များမှတစ်ဆင့် လည်းကောင်း၊ အသိပညာပေး ဆောင်ရွက်လျက်ရှိသည်။

လူဝင်မှုဆိုင်ရာ ဆိပ်ကမ်းကျန်းမာရေးဌာနခွဲသည် နိုင်ငံတကာမှ ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များအား လေဆိပ်နှင့် ဆိပ်ကမ်းများ၌ အဖျား လက္ခဏာရှာဖွေသည့် စက်များဖြင့် ထောက်လှမ်း စောင့်ကြပ်ကြည့်ရှုခြင်း၊ မြန်မာ-ထိုင်း၊ မြန်မာ-တရုတ်နှင့် မြန်မာ-အိန္ဒိယ နယ်စပ်ဝင်ထွက်ပေါက်များတွင်လည်း ရောဂါစောင့်ကြည့်ထောက်လှမ်းခြင်း လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ကာကွယ်နှိမ်နင်းရေးဌာန(ရပကန)က လေဆိပ်များနှင့် ဆိပ်ကမ်းများ၌ဇီကာဗိုင်းရပ်စ်နှင့် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ရောဂါပိုးများကို သယ်ဆောင်နိုင်သောAedes ခြင်ကျားသက်ကြီးခြင်များ၊ ပိုးလောက်လမ်းများ၊ ခြင်ဥများကို စုံစမ်းရှာဖွေလျက်ရှိပြီး ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ရောဂါထောက်လှမ်းစောင့်ကြပ်ကြည့်ရှုသည့်စနစ်ကို အားဖြည့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဇီကာဗိုင်းရပ်စ်ရောဂါသံသယလူနာတွေ့ရှိလာခဲ့ပါက ဓာတ်ခွဲနမူနာများကို အမျိုးသား ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ပေးပို့ပြီး ကနဦး ဓာတ်ခွဲစစ်ဆေး အတည်ပြုပေးနိုင်ပြီဖြစ်သည်။ ယခုအချိန်ထိ မြန်မာနိုင်ငံတွင် ဇီကာရောဂါ ကူးစက်ခံရသည့်လူနာ မတွေ့ရှိသေးပါကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရှေ့ပြေးကနဦးအဖွဲ့များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူလူထုတို့နှင့် ပူးပေါင်းပြီး၊ ခြင်ကျားပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၅-၂-၂၀၁၆ ရက်မှ ၆-၉-၂၀၁၆ ရက်အထိ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၀၉၄၀ ခုရှိ အိမ်ခြေ ၂၁၇၁၈၄၀ တွင် ဖုံး၊ သွန်၊ လဲ ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းသတ်ဆေးများကိုလည်း ရပ်ကွက်နှင့် ကျေးရွာပေါင်း ၈၆၂၆ ခုရှိ အိမ်ခြေ ၅၈၂၄၀၄ တွင် ရေစည်၊ ရေအိုးများ၌ ဆေးခတ်ပေးခြင်းနှင့် ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၂၁၁ ခုရှိ အိမ်ခြေ ၂၃၁၁၆၂ ၌ ခြင်ကျား သက်ကြီးကောင်နှိမ်နင်းရေးလုပ်ငန်းအဖြစ် ခြင်ဆေးမှိုင်းမှုတ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျောင်းအခြေပြု ခြင်ကျားသက်ကြီးကောင်နှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများသည် သက်ဆိုင်ရာ အခြေခံပညာရေးဌာနများ၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်းကာ အခြေခံပညာ ကျောင်းပေါင်း ၄၄၂၄ ကျောင်းတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ပိုးလောက်လမ်းသတ်ဆေးကို ၆၆၅၁ ကျောင်းတွင် ဆေးခတ်ပေးခြင်းနှင့် ၁၉၅၇ကျောင်းတွင် ခြင်ဆေးမှိုင်းမှုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။

ရှေ့လုပ်ငန်းစဉ်များအဖြစ် ဇီကာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ အသစ်တွေ့ရှိချက်များကို အဆင့်မြင့်နည်းပညာ ဆွေးနွေးပွဲပြုလုပ်၍ မြန်မာနိုင်ငံနှင့် သင့်လျော်သည့်နည်းလမ်းများအား ကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများတွင် ထည့်သွင်းလုပ်ဆောင်သွားရန်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ဇီကာရောဂါကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုအား အသိပေး ဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပသွားရန်၊ ရောဂါနှိမ်နင်းရေးအတွက် ထပ်မံလိုအပ်သည့်စက်ပစ္စည်း၊ ဓာတ်ခွဲပစ္စည်းနှင့် ကျန်းမာရေးပညာပေး လုပ်ငန်းသုံးပစ္စည်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ညှိနှိုင်းပြီး ဝယ်ယူဖြည့်တင်းသွားမည်ဟု သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့်မန္တလေးအဝေးသင်တက္ကသိုလ် ဒုတိယအသုတ်၊ တတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများကြေညာ

**ရန်ကုန်  စက်တင်ဘာ  ၈**

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၆ ပညာသင်နှစ် ဒုတိယအသုတ်အနီးကပ် ပို့ချသင်တန်းများကို အောက်တိုဘာ ၁၁ ရက်မှ ၂၀ ရက်အထိနှင့် အတန်းတင်စာမေးပွဲများကို အောက်တိုဘာ ၂၅ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ဥပဒေပညာ ကျောင်းသားကျောင်းသူများသည် မိမိတို့နှင့်သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါ ဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်ကြောင်း တတိယအသုတ် အနီးကပ် ပို့ချသင်တန်းများကို နိုဝင်ဘာ ၃ ရက်မှ ၁၂ ရက် အထိနှင့် အတန်းတင် စာမေးပွဲများကို နိုဝင်ဘာ ၁၇ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် မြန်မာစာ၊ သမိုင်း၊ စီးပွားရေး၊ စီးပွားစီမံ အထူးပြုများ၏ ပထမနှစ် ကျောင်းသားကျောင်းသူများနှင့် မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ အရေး အသား၊ သမိုင်း၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ အထူးပြုများ၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်ကြောင်းနှင့် အသေးစိတ် အစီအစဉ်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင် တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ကျော့ဖုံးမှ*

မစ္စတာ ကိုဖီအာနန်က ယခုကဲ့သို့ရှင်းလင်းပြောကြားပေး၍ မိမိအတွက် သမိုင်းအသိရပြီး အနာဂတ်ကိုမြော်မြင်နိုင်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ကော်မရှင်အနေဖြင့် ယခုကိစ္စအတွက် ဆုံးဖြတ်ချက်ပေးခြင်းမဟုတ်ဘဲ Stakeholder များ၊ နှစ်ဖက်အသိုက်အဝန်းများနှင့်တွေ့ဆုံ၍ လေ့လာသုံးသပ်ပြီး အကြံပေးခြင်း၊ အကြံပြုခြင်းများသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်မှု၊ မဖြစ်မှု ကိစ္စတစ်ခုတည်းသာမက ဒေသဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ဘက်စုံထောင့်စုံမှ လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိ ရခိုင်ဒေသသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် နှစ်ဖက်အသိုက်အဝန်း၏ စိုးရိမ်ပူပန်မှုအသီးသီးကိုလည်း ကြားသိခဲ့ရပါကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်သည် ဆက်လက်ဆောင်ရွက်သင့်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် ပြဿနာကို ပြေလည်အောင်ဖြေရှင်းနိုင်မည့် နည်းလမ်းများကို လေ့လာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် တို့ တွေ့ဆုံဆွေးနွေးစဉ်

### လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၈ -** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန် - တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် ⁄မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**(မြန်မာ့အလင်း)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ Defence Expo Korea 2016 ပြပွဲ ဖွင့်ပွဲတက်ရောက်



Defence Expo Korea 2016 ပြပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်

**နေပြည်တော်  စက်တင်ဘာ  ၈**

ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပသည့် Defence Expo Korea 2016 ပြပွဲ ဖွင့်ပွဲ အခမ်းအနားအား Kintex မြို့တွင် စက်တင်ဘာ ၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့များ၊ ပြပွဲတက်ရောက်လာကြသည့် နိုင်ငံများမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကိုရီးယားတပ်မတော်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Jang Junkyu နှင့် ပြပွဲဆိုင်ရာ တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုရီးယားတပ်မတော် တေးဂီတအဖွဲ့မှ သီဆိုသရုပ်ပြသမှုများအား ကြည့်ရှုကြကာ ပြခန်းအတွင်း ပြသထားသော ကာကွယ်ရေးဆိုင်ရာပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကိုရီးယားတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပြပွဲခန်းမအတွင်းရှိ Bilateral Meeting Room ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားရှိ ချစ်ကြည်ရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ စစ်ဘက်ဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ညပိုင်းတွင် JWMARRIOTT ဟိုတယ်၌ ကိုရီးယားတပ်မတော် ကြည်းတပ်ဦးစီးချုပ်မှ တည်ခင်းဧည့်ခံသည့် Defence Expo Korea 2016 ပြပွဲ ဖွင့်ပွဲ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❁ *ကျော့ဖုံးမှ*

စက်တင်ဘာ ၂၀ ရက်တွင် လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သော အုပ်စုတွင် ခြေစွမ်းမြင့်မားသောအသင်းများ ပါဝင်နေရာ ဆီမီးဖိုင်နယ် တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေသည်။ တစ်အုပ်စုတည်း ကျရောက်နေသည့် မြန်မာနှင့် ထိုင်းအသင်းသည် ဩဂုတ်လနောက်ဆုံးပတ်က မန္တလေးမြို့၌ ကျင်းပခဲ့သည့် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွင် တွေ့ဆုံခဲ့ပြီး မြန်မာအသင်းက အုပ်စုပွဲတွင် အနိုင်ရခဲ့သော်လည်း တတိယနေရာလုပွဲတွင် ပယ်နယ်တီအဆုံးအဖြတ်၌ ပြန်လည်ရှုံးနိမ့်ခဲ့သည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ- ဦးစိုင်းခင်မောင်အေး၊ နည်းပြချုပ်-ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြ- ဦးစိုးမိုးနှင့် ဦးအောင်ကျော်ထွန်း၊ ဂိုးနည်းပြ-ဦးဇော်ဝင်းနိုင်၊ ကစားသမားများအဖြစ် **ဂိုး-**ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ အောင်မျိုးထွေး၊ **နောက်တန်း -** ကျော်စွာဝင်း၊ ဝင်းမိုးကျော်၊ စိုးမိုးထွန်း၊ ရဲရင့်အောင်၊ သူရိန်စိုး၊ မင်းရဲထွဋ်၊ ရဲမင်းသူ ၊ ဟိန်းဖြိုးဝင်း၊ **အလယ်တန်း-** ဇွဲသက်ပိုင်၊ အောင်နိုင်ဝင်း ၊ ဥက္ကာမောင်၊ ဝေယံ၊ မြတ်ထွန်းသစ်၊ မြင့်ထွန်းနိုင်၊ အောင်မိုးသူ၊ သက်အောင်၊ **ရှေ့တန်း-** ရွှေကို၊ စအောင်ပြည့်ကို ၊ အောင်ကောင်းမာန်နှင့် ဇော်ပေါက်တို့ ပါဝင်ကြသည်။

မြန်မာယူ- ၁၉ အသင်းသည် ပြိုင်ပွဲမတိုင်မီ ပြင်ဆင်မှုအဖြစ် ကစားသမားများ နိုင်ငံတကာပွဲ အတွေ့အကြုံရရှိစေရန် ဗီယက်နမ် ၊ ထိုင်းနှင့် ဂျပန် ဒုတိယတန်းကလပ် ဆာပေါ်ရိုအသင်းတို့ပါဝင်သည့် လေးနိုင်ငံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲမှ အတွေ့အကြုံကောင်းများကို ယခုပြိုင်ပွဲတွင် အသုံးချနိုင်ရန် လိုအပ်နေပေသည်။

❊ *ကျော့ဖုံးမှ*

စနစ်မကျတဲ့ မန္တလေးဆိပ်ကမ်းမှာ အများကြီး စနစ်ကျလာမှာပါ။ သဲစုတဲ့နေရာ၊ ခရီးသည် ဆိပ်ကမ်းနေရာ၊ ကုန်တင်ကုန်ချဆိပ် စတဲ့ လုပ်ငန်းအုပ်စုအလိုက် နေရာသတ်သတ်မှတ်မှတ်ရှိလာမယ်၊ လုပ်ငန်းလုပ်သူတွေလည်း အဆင်ပြေလာမယ်” ဟု ၎င်းက ပြောသည်။

အဆိုပါကော်မတီသည် ဆိပ်ကမ်းများတွင် လုပ်ငန်းသဘာဝအလိုက် နေရာချထားပေးမည်ဖြစ်၍ ကော်မတီတွင် လုပ်ငန်းတာဝန် ရှစ်ခုပါဝင်ပြီး ဆိပ်ကမ်းများ၊ ဆိပ်ခံများ၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်စေရန်၊ ဆိပ်ကမ်းနယ်မြေများတွင် ဝင်⁄ထွက်သွားလာနေသည့် ရေယာဉ်များ စနစ်တကျ ဆိုက်ကပ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ ကာကွယ်ရန် ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

“ကော်မတီဖွဲ့ပြီး လုပ်တာဖြစ်လို့ စနစ်တကျရှိလာမယ်။ ဒီကော်မတီက ဆိပ်ကမ်းသာယာလှပရေးကအစ နေရာချထားရေးတွေကို လုပ်သွားမှာပါ။ လက်ရှိမှာက ဆိပ်ကမ်းမှာ သဲဆိပ်ကမ်းဆိုရင် မရမ်းခြံနဲ့ ပေပင်မှာ သုံးနေရာလောက်ကွဲနေပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေတယ်။ တဖြည်းဖြည်းလုပ်ရမှာပါ” ဟု ဦးတိုးအောင်လင်းက ဆက်လက်ပြောကြားသည်။

### နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပ

**ဟားခါး**

စက်တင်ဘာ ၈ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး ယူနက်စကို ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ပညာရေးမှူး ဦးသိန်းဆောင်က ဖတ်ကြားသည်။

**(ပြည်နယ် ပြန်⁄ဆက် )**

**မြစ်ကြီးနား**

နှစ်(၅၀)ပြည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အောင်နန်းရိပ်သာရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မဏ္ဍုသကခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးမြင့်ဇော်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

**မင်းရာဇာ**

# စီမံခန့်ခွဲမှုပုံစံကြောင့် လုပ်ငန်းအကျပ်အတည်းရင်ဆိုင်နေရသည့် ကိုရီးယားကုမ္ပဏီအုပ်စုကြီးချေးဘိုး

## လူလေးဝိုင်း

**မြင်နေတွေ့နေရတာကတော့ ချေးဘိုး (Chaebol) လို့ခေါ်တဲ့ ကိုရီးယားကုမ္ပဏီအုပ်စုကြီးတွေဟာ ခလုတ်တံသင်းများတဲ့လမ်းကို ဖြတ်ကျော်နေရပုံပါပဲ။ တိတိကျကျပြောရရင် ကိုရီးယားသူကြွယ်မိသားစုတွေချုပ်ကိုင်ထားတဲ့ ချေးဘိုးကုမ္ပဏီအုပ်စုကြီးသုံးခုဟာ လက်ရှိမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီချေးဘိုး ကုမ္ပဏီအုပ်စုကြီးတွေကတော့ ဆမ်ဆောင်း၊ လော့တီး(Lotte)နဲ့ ဟန်းဂျင် (Hanjin) သင်္ဘောလုပ်ငန်းတွေပါ။ အက်ပဲလ် (Apple) ဖုန်းနဲ့ပခုံးချင်းယှဉ်ပြီးဈေးကွက်ပြိုင်လုမယ်လို့ စီစဉ်ထားတဲ့ Galaxy Note 7က မထင်မှတ်ထားတဲ့ ဘက်ထရီမီးလောင်တဲ့ကိစ္စ ရင်ဆိုင်ခဲ့ရပါတယ်။ ဟန်းဂျင်သင်္ဘောလုပ်ငန်းကလည်း ဒေဝါလီခံလုနီးနီးဖြစ်နေတာပါ။ ကြွေးရှင်တွေက ဟန်းဂျင်သင်္ဘောလုပ်ငန်းပိုင်သင်္ဘောတွေ သိမ်းယူတာမျိုးမလုပ်နိုင်အောင် အခုလောလောဆယ်မှာ တရားရုံးက ဟန့်တားကာကွယ်ထားပေးတာပါ။**




ကိုရီးယားကုမ္ပဏီအုပ်စုကြီး ချေးဘိုးက လုပ်ကိုင်ဆောင်ရွက်သည့် လုပ်ငန်းစုများ

ပြီးခဲ့တဲ့လက ချေးဘိုးကုမ္ပဏီအုပ်စုကြီးတစ်ခုဖြစ်တဲ့လော့တီးရဲ့ ဒုတိယဥက္ကဋ္ဌဟာ ကုမ္ပဏီအုပ်စုကြီးကိုချုပ်ကိုင်ထားတဲ့ မိသားစုဝင်တွေအပါအဝင် သူနဲ့ဆက်နွှယ်ပတ်သက်နေတဲ့ အကျင့်ပျက်လာဘ်စားမှုတွေကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ပါတယ်။ ဒါဆိုရင် ချေးဘိုးကုမ္ပဏီအုပ်စုကြီးတွေ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပြီလားမေးရင် အဲဒီလိုတော့ မပြောနိုင်ပါဘူး။ ပြောရရင်တော့ ကာလရှည်ကြာကတည်းက ရှိနေခဲ့တဲ့ချေးဘိုးကုမ္ပဏီအုပ်စုကြီးတွေဟာ သူတို့ရည်မှန်းချက်တွေပေါက်မြောက်အောင် စွမ်းဆောင်နိုင်စွမ်းရှိပါ့မလားဆိုတဲ့ မေးခွန်းက ရှေ့တန်းကိုပြန်ရောက်လာတာပါ။ အခြေအနေကို သုံးသပ်ကြည့်တဲ့အခါ ချေးဘိုးကုမ္ပဏီအုပ်စုကြီးသုံးခုရဲ့အခက်အခဲတွေဟာ တစ်ခုနဲ့တစ်ခု မတူကြပါဘူး။ ဆမ်ဆောင်းကုမ္ပဏီဖြစ်ရပ်ကိုကြည့်ရင် ဆမ်ဆောင်းကုမ္ပဏီဖွဲ့စည်းပုံနဲ့ ဘက်ထရီမီးလောင်တဲ့ကိစ္စကြား ဆက်စပ်ပတ်သက်မှုမရှိပါဘူး။ ပြောရရင် အက်ပဲလ် (Apple) ကုမ္ပဏီက ထုတ်တဲ့ဖုန်းတွေကလည်း ချောက်ပြစ်ကင်းသဲလဲစင်မဟုတ်ပါဘူး။ ဒါပေမယ့် တခြားချေးဘိုးကုမ္ပဏီအုပ်စုကြီးနှစ်ခုရဲ့ ဒုက္ခသုက္ခတွေကတော့ ပြန့်ကျဲနေတဲ့မိသားစုပိုင်ကုမ္ပဏီတွေကို ဘယ်လိုစီမံခန့်ခွဲအုပ်ချုပ်သလဲဆိုတာနဲ့ ဆက်စပ်ပတ်သက်နေပါတယ်။ လော့တီး (Lotte)ကိုကြည့်ရင် စီးပွားရေးလုပ်ငန်းအမျိုးပေါင်း ၆၀ လောက်ကို လုပ်ကိုင်နေတာပါ။ ကုန်တိုက်ကြီးတွေပါဝင်သလို ဆောက်လုပ်ရေးလုပ်ငန်းတွေလည်းပါပါတယ်။ ဓာတုပစ္စည်းလုပ်ငန်းတွေလည်းပါပါတယ်။ ဘဏ္ဍာရေး လုပ်ငန်းတွေကိုပါ လုပ်ကိုင်ခဲ့တာပါ။ ဒီလုပ်ငန်းတွေအားလုံးကို ကုမ္ပဏီစတင်ထူထောင်ခဲ့တဲ့ မိသားစုဝင်တွေက ထိန်းချုပ်ထားတာပါ။ ဒီမိသားစုဝင်တွေကြားက ဘယ်သူက ဘယ်လုပ်ငန်းချုပ်ကိုင်မလဲဆိုတဲ့ အကွဲအပြဲက ကြီးမားပါတယ်။ လော့တီးမိသားစုရဲ့သားနှစ်ယောက်က ကုမ္ပဏီကိုအုပ်ချုပ်ပိုင်ခွင့်ရဖို့ တရားရုံးမှာ အခုအမှုရင်ဆိုင်နေကြပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လက လော့တီးကုမ္ပဏီအုပ်စုကြီးရဲ့ ဒုတိယဥက္ကဋ္ဌ သူ့ကိုယ်သူသတ်သေသွားတာက အကျင့်ပျက်လာဘ်စားမှုနဲ့ပတ်သက်ပြီး သူ့ကို စုံစမ်းစစ်ဆေးရေးမဝင်ခင်မှာပါ။ ချေးဘိုးကုမ္ပဏီအုပ်စုကြီးရဲ့ ဖွဲ့စည်းပုံဟာ ချွတ်ယွင်းချက်တွေရှိနေတယ်လို့ ယူဆနေသူတွေအတွက်ကတော့ လော့တီးကုမ္ပဏီအုပ်စုကြီးကိစ္စဟာ ထောက်ပြစရာ အကွက်ကောင်းပါ။

လက်တွေ့ကျကျသုံးသပ်ကြည့်ရင် ဟန်းဂျင်သင်္ဘောလုပ်ငန်းကိစ္စကတော့ ကမ္ဘာ့ကုန်သွယ်မှုနှေးကွေးလာတဲ့ဒဏ်ကို ခံရတာပါ။ ကမ္ဘာ့ကုန်သွယ်မှုနှေးကွေးလာတဲ့အတွက် ဟန်းဂျင်ကုမ္ပဏီပိုင် ကုန်ပစ္စည်းတင်သင်္ဘောတွေကို ငှားရမ်းအသုံးပြုမှုလျော့ကျလာပါတယ်။ ဒီလို အဖြစ်မျိုးကတော့ ဘယ်လိုကုမ္ပဏီပဲဖြစ်ဖြစ်တောင့်ခံဖို့မလွယ်ပါဘူး။ စောစောကတင်ပြခဲ့သလို ချေးဘိုးကုမ္ပဏီအုပ်စုကြီးတွေရဲ့ဖွဲ့စည်းပုံက မှန်မှန်ကန်ကန်ရှိရဲ့လား၊ အခက်အခဲပြဿနာတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ဖြေရှင်းနိုင်စွမ်းရှိရဲ့လားဆိုတာတွေက ပိုကျယ်ပြန့်တဲ့ ရှုထောင့်ကနေသုံးသပ်ရမယ့်မေးခွန်းတွေပါ။ သမိုင်းကို ပြန်ကြည့်တဲ့အခါ ဟန်းဂျင်ရဲ့ မူရင်းကုမ္ပဏီကိုချိုချူဟွန်း (Cho Choong Hoon)က ၁၉၄၅ ခုနှစ်မှာ ထရပ်ကားကုမ္ပဏီအဖြစ် စတင်ထူထောင်ခဲ့တာပါ။ စတင်ထူထောင်စဉ်ကထရပ်ကား တစ်စီးပဲရှိတာပါ။ ချိုချူဟွန်းက ကိုရီးယားစစ်ပွဲနဲ့ ဗီယက်နမ်စစ်ပွဲကာလအတွင်း အမေရိကန်တပ်ဖွဲ့တွေအတွက် ထောက်ပို့သယ်ဆောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရင်းကြွယ်ဝချမ်းသာလာတာပါ။ ကုမ္ပဏီစတင်ထူထောင်သူချိုချူဟွန်းဟာ ၂၀၀၂ ခုနှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာချိုချူဟွန်းဟာ အသက်(၈၂)နှစ်ရှိပါပြီ။ ချိုချူဟွန်းရဲ့မျိုးဆက်တွေက ကုမ္ပဏီကို ဆက်လက်စီမံခန့်ခွဲအုပ်ချုပ်ခဲ့ပါတယ်။ ဒါပေမယ့် ပြဿနာကင်းကင်းဆောင်ရွက်နိုင်ခဲ့တာတော့ မဟုတ်ပါဘူး။ ကိုရီးယားလေကြောင်း (Korean Air) ဟာ ဟန်းဂျင်ကုမ္ပဏီအုပ်စုကြီးရဲ့ကုမ္ပဏီခွဲတစ်ခုပါ။ ကိုရီးယားလေကြောင်းဟာ မနှစ်ကအခွံမာသီးကိစ္စနဲ့ ပတ်သက်ပြီး လူအများရဲ့လှောင်ပြောင်စရာဖြစ်ခဲ့ပါတယ်။ အကြောင်းရင်းကတော့ ကုမ္ပဏီဥက္ကဋ္ဌ ချိုရန်ဟို (Cho Yang -ho) ရဲ့သမီး ချိုဟိုင်းနား (Cho Hyun-ah)က ကုမ္ပဏီက ပြေးဆွဲနေတဲ့ လေယာဉ်ခရီးစဉ်တစ်ခုအတွင်း အခွံမာသီးကို ပန်းကန်မှာ ထည့်မကျွေးဘဲ အိတ်နဲ့ကျွေးခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး လေယာဉ်မယ်ကို ဆူပူပြစ်တင်ကြိမ်းမောင်းပြီးအရှက်ခွဲခဲ့တဲ့ကိစ္စပါ။ ဟန်းဂျင်သင်္ဘောလုပ်ငန်းရဲ့အမျိုးသမီးဥက္ကဋ္ဌဖြစ်တဲ့ ချွိုင်အင်ယန်း (Choi Eun-young)ဟာ ကုမ္ပဏီပိုင်ရှယ်ယာတွေကို ထုတ်ရောင်းခဲ့တယ်ဆိုပြီး စုံစမ်းစစ်ဆေးရေးမှူးတွေက စွပ်စွဲခဲ့ပါတယ်။ အကြောင်းရင်းကတော့ ဒီလိုရှယ်ယာထုတ်ရောင်းတယ်ဆိုတဲ့ကိစ္စဖြစ်ပြီး နောက်တစ်ရက်မှာ ထွက်ပေါ်လာတဲ့သတင်းဆိုးတွေနဲ့အတူ ရှယ်ယာဈေးနှုန်းတွေ ထိုးဆင်းကျလာလို့ပါ။ ချွိုင်အင်ယန်းကတော့ ကိုရီးယားသတင်းမီဒီယာတွေနဲ့ တရားရုံးအပြင်ဘက်မှာတွေ့တဲ့အခါ သူ့အနေနဲ့ စုံစမ်းစစ်ဆေးမှုတွေကို ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ပြောကြားခဲ့ပါတယ်။ ချွိုင်အင်ယန်းက ဟန်းဂျင်သင်္ဘောလုပ်ငန်းရဲ့ ဥက္ကဋ္ဌအဖြစ် ၂၀၀၇ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့တာပါ။ ဆိုးလ်မြို့မှာရှိတဲ့ ဥပဒေနှင့် စီးပွားရေးဗဟို သုတေသနဌာန (Law and Business Research Centre) ရဲ့ ရှေ့နေ လီဂျီးဆူ (Lee Ji Soo)က ချွိုင်အင်ယန်းဟာ ကုမ္ပဏီကိုဦးဆောင်ဖို့ အရည်အချင်းမပြည့်မီဘူးလို့ ဝေဖန်ခဲ့ပါတယ်။ ပြောရရင် ဟန်းဂျင်ကုမ္ပဏီအုပ်စုပိုင် ကိုရီးယားလေကြောင်းလိုင်းဟာ ၁၉၈၀ ကျော်နဲ့ ၁၉၉၀ ကျော်ကာလတွေမှာ မကြာခဏဆိုသလို ပျက်ကျမှုတွေနဲ့ မတော်တဆထိခိုက်ပျက်စီးမှုတွေဖြစ်ခဲ့တာပါ။ ဝေဖန်သုံးသပ်သူတွေကတော့ ဒါဟာ အထက်ကနေအောက်ကို အဆင့်ဆင့်အမိန့်ပေးတဲ့စနစ်ကို တင်းတင်းကျပ်ကျပ် ကျင့်သုံးနေလို့ အောက်ခြေဝန်ထမ်းတွေက အခြေအနေမှန်ကို မပြောရဲ မဆိုရဲ ဖြစ်ရာကနေ ဖြစ်ပေါ်လာတယ်လို့ ယူဆကြပါတယ်။ ပြောရရင်တော့ ဒီလိုဖြစ်ရပ်ဆိုးတွေရဲ့ အခြေခံအကြောင်းရင်းဟာ ဟန်းဂျင်ကုမ္ပဏီအုပ်စုကြီးကို စတင်ထူထောင်ခဲ့တဲ့ ချိုချူဟွန်းရဲ့ စီမံခန့်ခွဲမှုစနစ်နဲ့ ဆက်စပ်နေပါတယ်။ နယူးယော့တိုင်း သတင်းစာရဲ့ချိုချူဟွန်း နာရေးကြော်ငြာမှာ "ကိုရီးယားလေကြောင်းလိုင်းဥက္ကဋ္ဌ ချိုချူဟွန်း၏ ကြီးမားသော အမှားအယွင်းများသည် ၁၉၈၃ခုနှစ်မှ စတင်ခဲ့ပါသည်။ ၁၉၈၃ ခုနှစ်တွင် ဆိုဗီယက်ပိုင် လေကြောင်းပိုင်နက်ထဲသို့ ကိုရီးယားလေကြောင်းပိုင် ဘိုးရင်း(၇၄၇) မှားဝင်ပျံသန်းမိ၍ ဆိုဗီယက်တိုက်လေယာဉ် (MIG)က ပစ်ချခဲ့သောကြောင့် လေယာဉ်ပေါ် ပါခရီးသည် ၂၆၉ ဦး သေဆုံးခဲ့ပါသည်။ ၁၉၈၃ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ကာလအတွင်း ကိုရီးယားလေကြောင်းလိုင်းပိုင် လေယာဉ်များ ပျက်ကျမှုကြောင့် ခရီးသည် ၈၀၀ သေဆုံးခဲ့ပါသည်" လို့ ဖော်ပြထားပါတယ်။ တောင်ကိုရီးယားသမ္မတ ကင်ဒေးယွန် (Kim Dae Jung)က ကိုရီးယားလေကြောင်းလိုင်းရဲ့ စီမံခန့်ခွဲမှုပုံစံကို လူသိရှင်ကြား ဝေဖန်ခဲ့ပြီး ဥက္ကဋ္ဌ ချိုချူဟွန်းကို တာဝန်ယူဖို့ ဖိအားပေးခဲ့တဲ့အတွက် ချိုချူဟွန်းဟာ ဥက္ကဋ္ဌတာဝန်ကနေ နုတ်ထွက်ပေးခဲ့ရပါတယ်။

**ပြီးခဲ့တဲ့လက ချေးဘိုးကုမ္ပဏီအုပ်စုကြီးတစ်ခုဖြစ်တဲ့လော့တီးရဲ့ ဒုတိယဥက္ကဋ္ဌဟာ ကုမ္ပဏီအုပ်စုကြီးကိုချုပ်ကိုင်ထားတဲ့ မိသားစုဝင်တွေအပါအဝင် သူနဲ့ဆက်နွှယ်ပတ်သက်နေတဲ့ အကျင့်ပျက်လာဘ်စားမှုတွေကြောင့် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ပါတယ်။ ဒါဆိုရင် ချေးဘိုးကုမ္ပဏီအုပ်စုကြီးတွေ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပြီလားမေးရင် အဲဒီလိုတော့မပြောနိုင်ပါဘူး။ ပြောရရင်တော့ ကာလရှည်ကြာ ကတည်းကရှိနေခဲ့တဲ့ ချေးဘိုးကုမ္ပဏီအုပ်စုကြီးတွေဟာ သူတို့ရည်မှန်းချက်တွေ ပေါက်မြောက်အောင် စွမ်းဆောင်နိုင်စွမ်းရှိပါ့မလားဆိုတဲ့ မေးခွန်းက ရှေ့တန်းကိုပြန်ရောက်လာ**

ဒီပြဿနာတွေကြည့်ရုံနဲ့ ဒီကနေ့ ဟန်းဂျင်သင်္ဘောလုပ်ငန်းရဲ့ ပြဿနာတွေဟာ မိသားစုပုံစံစီမံခန့်ခွဲမှုစနစ်ကြောင့်ဖြစ်ရတယ်လို့ အတပ်မပြောနိုင်ပါဘူး။ ဒါပေမယ့် ကိုရီးယား ပြည်သူတွေကြား ချေးဘိုးကုမ္ပဏီအုပ်စုကြီးတွေရဲ့ စီမံခန့်ခွဲမှုပုံစံကို မကျေမလည်ဖြစ်နေတာကတော့ ထင်ရှားပါတယ်။ တောင်ကိုရီးယားစီးပွားရေးနယ်ပယ်မှာ ကျွမ်းကျင်သူတွေရဲ့ အဆိုအရ ချေးဘိုးကုမ္ပဏီအုပ်စုကြီးတွေကို မဖြစ်မနေပြောင်းလဲမှုတွေ လုပ်လာအောင် ဖိအားပေးဖို့ နိုင်ငံရေးသန္နိဋ္ဌာန်ရှိနေပါပြီ။ မိသားစုပိုင်ဆိုင်မှုပုံစံကနေ ပြင်ပပုဂ္ဂိုလ်များကို ကုမ္ပဏီရဲ့ တစ်စိတ်တစ်ပိုင်း ပိုင်ဆိုင်ခွင့်ပြုဖို့၊ ပြင်ပကျွမ်းကျင်သူတွေရဲ့ စီမံခန့်ခွဲမှုတွေ လက်ခံလာဖို့ စတဲ့ စတဲ့ ပြုပြင်ပြောင်းလဲမှုတွေ ပြုလုပ်ဖို့ ကြိုးပမ်းလာနေကြတာပါ။

## ဩဂုတ်လနောက်ဆုံးပတ်အတွင်း ဆန်တင်ပို့မှု ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၃ ဒသမ ၀၁၈ သန်းနှင့် ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၄၈၄ သန်း တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် လျော့နည်းခဲ့

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်ပသို့ ဩဂုတ်လနောက်ဆုံးပတ် ဆန်တင်ပို့စာရင်း ထုတ်ပြန်ရာတွင် ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၁၈ သန်း တန်ဖိုးရှိဆန် ၈၂၃၈ တန်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် တင်ပို့မှုထက် ၄၀၁၇ တန် လျော့နည်းခဲ့ကြောင်း သိရသည်။

မြန်မာ- တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုဖြစ်သည့် မူဆယ်ကုန်သွယ်ရေးဇုန်၌ ဆန်အရည်အသွေးစစ်ဆေးနေမှုများနှင့် တရားမဝင်ကုန်သွယ်မှုအရေးယူမှုများရှိနေသည့်အတွက်ကြောင့် ဆန်တင်ပို့မှုနည်းခဲ့ပြီး အရောင်းအဝယ်အေးနေကြောင်း နယ်စပ်ဆန်ကုန်သည်များထံမှ သိရသည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၂၇၉၇ တန်၊ ညို့မထဆန် တန် ၉၀၀၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၈၆တန်ခန့်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၄၃၅၅ တန်ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

ဆန်ကွဲတင်ပို့မှုအနေဖြင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ၉၃၁တန်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ၃၀၃ တန်ကျော်တင်ပို့ခဲ့သည့်အတွက် စုစုပေါင်း ၁၂၃၄ တန်နှင့် ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၄၀၂ သန်းရှိခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ၁၉၁ တန်လျော့နည်းခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၂၁ ရက်မှ ၂၇ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈၄ သန်းတန်ဖိုးရှိ ဆန်ဖြူနှင့် ပေါင်းဆန် ၃၉၀၄ တန်တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ညို့မထဆန် တန် ၂၃၀၀၊ အီးယူနိုင်ငံများ သို့ ပေါင်းဆန်တန် ၉၅၀ နှင့် ညို့မထဆန်တန် ၆၅၄ တန် တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၂၄၅၀ ပိုမိုတင်ပို့နိုင်ခဲ့သည်။

ဆန်အပြင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၅၉ သန်းတန်ဖိုးရှိ ဆန်ကွဲတန် ၃၁၅၀ ကို အီးယူနိုင်ငံများသို့ တင်ပို့ခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန် ၃၅၀ လျော့နည်းခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရှာငံ စက်တင်ဘာ ၈** - ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်အတွင်းရှိ ပြည်သူများလုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း စသည့်အကြောင်းအရာများအား အသိပညာပေးခြင်းကို မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ စက်တင်ဘာ ၇ ရက်က ရှာငံမြို့နယ် ယကြီးကျေးရွာအုပ်စုနှင့် နန်းခုံကျေးရွာအုပ်စုတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရှာငံ)**

## အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက် ထွက်ပေါက် လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် လုပ်ငန်းလမ်းညွှန်ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက် ထွက်ပေါက် လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်းသည့် လုပ်ငန်းလမ်းညွှန်အား ယနေ့ထုတ်ပြန်ပြီးဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းလမ်းညွှန်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန Website (www.motc.gov.mm) တွင် လွှင့်တင်ထားရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(အထူး) {Network Facilities Services(Individual)} ရရှိထားသည့် ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက် ထွက်ပေါက် လုပ်ငန်း(IGW-International Gateway Services)လုပ်ကိုင်ဆောင်ရွက်လိုပါက ထုတ်ပြန်ထားသည့် လုပ်ငန်းလမ်းညွှန်နှင့်အညီ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေဖြင့် ခေတ်မီလေအိတ်ဘိုဂီတွဲသစ် ၁၀၀ ဝယ်ယူရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၈**

ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ မေးခွန်းသုံးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပုဗ္ဗန်တောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ **ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမ ဒုတိယ အယူခံမှု/ ပြင်ဆင်မှု/ ရာဇဝတ် အယူခံမှု/ ပြင်ဆင်မှု (တစ်ပါးထိုင်)အမှုများကို အထက်မြန်မာပြည်အတွက် မန္တလေးမြို့၌လည်းကောင်း၊ အောက်မြန်မာပြည်အတွက် ရန်ကုန်မြို့၌လည်းကောင်း ရုံးထိုင်စစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၀ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နေပြည်တော်တွင် ရုံးထိုင်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

အမြင့်ဆုံးတရားရုံးဖြစ်ပြီး နောက်ဆုံးအဆင့်ဖြစ်သည့်အယူခံမှုများ ပြင်ဆင်မှုများကို ရုံးထိုင်ကြားနာခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခြားဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများကဲ့သို့ နေပြည်တော်တွင်ရုံးထိုင်၍ အမှုတွဲများကို စစ်ဆေးစီရင်ခြင်းဖြစ်ပါကြောင်း၊ နေပြည်တော်သည် မြန်မာနိုင်ငံ၏ ဗဟိုအချက်အချာ အလယ်ဗဟိုတွင်ရှိသည့်အတွက် အထက်ဒေသများဖြစ်သည့် ကချင်၊ ရှမ်းစသည့်ဒေသများ၌လည်းကောင်း၊ အောက်ပိုင်းဒေသများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးနှင့် အခြားဒေသများသည် နေပြည်တော်သို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်ပါကြောင်း၊ လက်ရှိအခြေအနေတွင် တိုင်းဒေသကြီးတရားလွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များ ရုံးထိုင်ရာဒေသဖြစ်သည့် မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် ရုံးထိုင်စစ်ဆေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

မိုးကောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၏ **မြစ်ကြီးနား-မန္တလေးလမ်းပိုင်းတွင် စုန်/ဆန် ပြေးဆွဲလျက်ရှိသည့် မြန်မာ့မီးရထားမှ လူစီးတွဲများအား ပိုမိုကောင်းမွန်သည့် တွဲဆိုင်းများဖြင့် အစားထိုးပေးရန်နှင့် မီးရထားဝန်ထမ်းများအတွက် ပြည်သူ့ဆက်ဆံရေးသင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြစ်ငယ်စက်ရုံမှ အသစ်တည်ဆောက်



မိုးကောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်

ပြီးစီးသည့် ခေတ်မီအိပ်စင် တစ်တွဲစီကို အမှတ် (၅၅) အဆန်နှင့် အမှတ်(၅၆) အစုန်ရထား တွဲဆိုင်းသုံးဆိုင်းတွင် ထပ်မံဖြည့်စွက် ချိတ်ဆက်ပေးမည့်အပြင် အဆင့်မြှင့်ပြုပြင်၍ ထွက်ရှိလာသည့် ရိုးရိုးတန်းအသစ် တစ်တွဲစီကိုလည်း လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၄၅ သန်းဖြင့် ခေတ်မီလေအိတ် ဘိုဂီတွဲသစ် ၁၀၀ ဝယ်ယူရေးဆောင်ရွက်လျက်ရှိရာ တွဲဆိုင်းများရောက်ရှိလာပါက ကိုရီးယားတွဲသစ် (၃၆)တွဲကို မန္တလေး-မြစ်ကြီးနား လမ်းပိုင်းတွင် အစားထိုးပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ မြစ်ငယ်စက်ရုံတွင် ကိုရီးယား လူစီးတွဲဟောင်း (၄၀) အား သက်တမ်းဝက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ထွက်ရှိလာသည့် လူစီးတွဲသစ်များမှ ခြောက်တွဲအား အဆိုပါလမ်းပိုင်းတွင် အစားထိုးလဲလှယ် ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်အတွင်း လုပ်ငန်းစွမ်းဆောင်ရည်နှင့် ပြည်သူ့ဆက်ဆံရေးအတွက် ဂျပန်နိုင်ငံမှ သင်တန်းဆရာဖြင့် အရာရှိနှင့်ကြီးကြပ်ရေးအဆင့် ဝန်ထမ်းများအား ရှစ်ကြိမ်၊ (The Oversea Human Resources and Industry Development Association-HIDA) မှ အရာရှိနှင့် ကြီးကြပ်ရေးအဆင့် ဝန်ထမ်းများအား နှစ်ကြိမ်၊ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်) ရုံးတွင် အရာရှိအဆင့်နှင့် ကြီးကြပ်ရေးအဆင့်ဝန်ထမ်းများအား နှစ်ကြိမ် သင်တန်းပို့ချခဲ့ပြီး အဆိုပါသင်တန်းတက်ရောက်ခဲ့သည့်သူများမှ ဆင့်ပွားသင်တန်းပို့ချပေးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီကိုယ်စား ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်းက နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့်လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို တင်သွင်းသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပေါ်ထွန်းလာစေရန်၊ မည်သူမျှ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုတို့ကို နစ်နာဆုံးရှုံးမှုမရှိစေရန်၊ နိုင်ငံတော်သည် နိုင်ငံသားများ၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဘဝလုံခြုံမှုများရရှိစေရန်ဆိုသည့် ရည်ရွယ်ချက်ကောင်းတို့ဖြင့် ရေးဆွဲထားသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အသက် ၁၅ နှစ်အထက် တစ်နိုင်ငံလုံး စာမတတ်သူ ၃ ဒသမ ၅ သန်းခန့်ရှိသည့်အနက် သုံးသန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်

**နေပြည်တော် စက်တင်ဘာ ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်၏ တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ရဲနိုင်ဦးက အခမဲ့ မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်ချက်များကြောင့် စာမတတ်သူပပျောက်သည့် ဦးရေလျော့နည်းလာသော်လည်း အသက် ၁၅ နှစ်အထက် တစ်နိုင်ငံလုံး စာမတတ်သူ ၃ ဒသမ ၅ သန်းခန့်ရှိသည့်အနက် သုံးသန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ကြခြင်း၊ တစ်နိုင်ငံလုံးတွင် ငါးနှစ်အထက် ကျောင်းမနေသူ ၄ ဒသမ ၈ သန်းခန့်ရှိပြီး ၁ ဒသမ ၃ သန်းခန့်မှာ ငါးနှစ်မှ ၁၈ နှစ်အထိ ကလေးသူငယ်များဖြစ်ကြခြင်း၊ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားဦးရေ ၉ ဒသမ ၃ သန်းခန့်ရှိနေခြင်းနှင့် တိုက်ပွဲရှောင်များရှိနေခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပုံမှန်သင်ကြားမှု အစီအစဉ်မဟုတ်သည့် (Non Formal Primary Education-NFPE ) အစီအစဉ်ကို ယခုထက်ပို၍ ဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်နှင့် တောင်ပေါ်ဒေသနေ တိုင်းရင်းသားလူမျိုးများကို ယခုထက်ပို၍ အဆင့်မြင့်ပညာဆည်းပူးလေ့လာခွင့်ရစေရန် ဆောင်ရွက်ပေးသင့်ကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီကို တည်ထောင်၍မရသကဲ့သို့ ဒီမိုကရေစီမရှိဘဲနှင့် လည်း ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်၍မရနိုင်ပါကြောင်း၊ ငြိမ်းချမ်းရေးသည် တရားဥပဒေစိုးမိုးမှုအောက်တွင် ဖြစ်ထွန်းအောင်မြင်နိုင်မည် ဖြစ်သကဲ့သို့ ငြိမ်းချမ်းရေးကို ပါဝင်ဆောင်ရွက်နေသူအားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်မှသာ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ပြီး တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေး၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာပညာရပ်များ သင်ယူနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို စဉ်ဆက်မပြတ် အားပေးမြှင့်တင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း က အဆိုကို ပါဝင်ဆွေးနွေးကြသည့် ကိုယ်စားလှယ်

**တစ်နိုင်ငံလုံးတွင် ငါးနှစ်အထက် ကျောင်းမနေသူ ၄ ဒသမ ၈ သန်းခန့်ရှိပြီး ၁ ဒသမ ၃ သန်းခန့်မှာ ငါးနှစ်မှ ၁၈ နှစ်အထိ ကလေးသူငယ်များဖြစ်ကြခြင်း၊ ပြည်တွင်းရွှေ့ပြောင်းအလုပ်သမားဦးရေ ၉ ဒသမ ၃ သန်း ခန့်ရှိနေခြင်းနှင့် တိုက်ပွဲရှောင်များရှိနေခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပုံမှန်သင်ကြားမှုအစီအစဉ်မဟုတ်သည့် (Non Formal Primary Education - NFPE) အစီအစဉ်ကို ယခုထက်ပို၍ ဆောင်ရွက်သင့်**

အရေအတွက်ကို ကြည့်ခြင်းအားဖြင့် ပညာရေးလိုအပ်ချက်သည် မိမိတို့တိုင်းပြည်တွင် အလွန်အရေးကြီးကြောင်းနှင့် ပညာရေးနှင့်ပတ်သက်၍ ပြည်နယ်ပြည်မ တန်းတူရပိုင်ခွင့်ရရှိရေးသည် အလွန်လိုအပ်သည်မှာ သိသာထင်ရှားနေပါကြောင်း၊ မည်သည့်တိုင်းရင်းသားဖြစ်စေ ဝေးလံခေါင်သီသည့်နေရာများတွင် စာမတတ်သူအရေအတွက် ပိုမိုများပြားပါကြောင်း၊ ပညာရေးကို ပြုပြင်ပြောင်းလဲရေး အသွင်တစ်ရပ်အနေဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ တိုင်းပြည်ပြုပြင်ပြောင်းလဲရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုသည် အဓိကအကျဆုံးသော အရင်းအနှီးတစ်ခုဖြစ်ပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများသာမက စစ်ရေးနှင့် နိုင်ငံရေးတို့ကိုပါ အထောက်အပံ့ပြုပါကြောင်း၊ လူသားသယံဇာတများ ထုတ်ယူသုံးစွဲနိုင်ရန် ပညာရေးကို ရင်းနှီးမြှုပ်နှံသင့်ပါကြောင်း၊ သို့ပါ၍ အဆိုကို မှတ်တမ်းအဖြစ် ထားရှိသင့်ကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးနိုင်သီဟက စာပေသည် ဘာသာစကား၊ ယဉ်ကျေးမှုတို့၏ မှတ်တိုင်ဖြစ်ပါကြောင်း၊ စာပေနှင့် ဘာသာစကားသည် လူမျိုးတစ်ဦး၏ အသက်ပင်ဖြစ်ကြောင်း၊ စာပေနှင့် ဘာသာစကားပျောက်ကွယ်သွားပါက လူမျိုးတိမ်ကော ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း၊ လူမျိုးတစ်မျိုး ရပ်တည်နေထိုင်နိုင်ရေးသည် စာပေ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့အပေါ်တွင် မူတည်ပါကြောင်း၊ တိုင်းရင်းသားပေါင်းစုံနေထိုင်သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားမိခင်ဘာသာစကားနှင့် စာပေသင်ကြားခွင့်ရရှိရေးသည် နိုင်ငံရေးအရသော်လည်းကောင်း၊ ပညာရေးအရသော်လည်းကောင်း အထူးအလေးပေးသင့်ပါကြောင်း၊ ပြည်တွင်းစစ်မီးတောက်လောင်ခြင်းတွင် ပညာရေးမူဝါဒများ လက်တွေ့ဆောင်ရွက်ခြင်းသည်လည်း ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားပညာရေးကျောင်းများသည် ပုံစံအမျိုးမျိုးဖြင့် ရှိပါကြောင်း၊ မွန်ပြည်နယ်ရှိ မွန်အမျိုးသားစာသင်ကျောင်းများ၌ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာများကို အစိုးရသင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားနေသည့်ကျောင်းများဖြစ်ပြီး မွန်ဘာသာစကားကိုလည်း ထည့်သွင်းသင်ကြားပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ အမျိုးသားကျောင်းများကို တရားဝင်အသိအမှတ်ပြုပြီး ပညာရေးရန်ပုံငွေချထားခြင်းနှင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ နန်းမိုးမိုးထွေးက အဆိုရှင်အနေဖြင့် ဝေးလံခေါင်သီသည့် ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲရေးတို့ကို ရည်ရွယ်သည့်အတွက် ဝမ်းမြောက်ရပါကြောင်း၊ တောင်ပေါ်ဒေသများ၌သာမက မြေပြန့်ဒေသရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများရှိ တိုင်းရင်းသားလူမျိုးများသည်လည်း အခွင့်အလမ်းနည်းပါးနေပါကြောင်း၊ ထို့ကြောင့် ထိုဒေသများရှိ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးတို့သည် များစွာနောက်ကျကျန်နေပါကြောင်း၊ အဆိုရှင်၏စာမတတ်သူပပျောက်ရေးဟူသည့် အချက်သည် အကောင်အထည်ဖော်ရန် လွန်စွာခက်ခဲပါကြောင်း၊ အဆိုကို မှတ်တမ်းတင်သင့်ကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁) မှ ဦးကျော်နီနိုင် က တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကထားရမည့် အမျိုးသားရေးဖြစ်သည့်အတွက် ပညာရေး၊ ကျန်းမာရေးစသည်တို့တွင် တန်းတူညီမျှရရှိရန် အရေးကြီးပါကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုများအတွက် အဆင့်မြင့်ပညာသင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားနိုင်ရေး၊ တောင်ပေါ်ဒေသနေ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရန် ပိုမို ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားအားလုံးတန်းတူ အခွင့်အရေးရရှိရေးအတွက် ဆောင်ရွက်ပေးသင့်ကြောင်း၊ နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်ကိန်းအောင်းလာရန်နှင့် နိုင်ငံလုံခြုံရေးကို အသိပညာဖြင့် ထိန်းကျောင်းနိုင်ရန် အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးကို အားပေးဆောင်ရွက်သင့်ကြောင်း၊ ဝေးလံခေါင်သီသည့်ဒေသများရှိ တိုင်းရင်းသားများကို ပညာရေးအားပေးမှု လိုအပ်နေသည့်အပြင် ကျန်းမာရေးကိုလည်း အစဉ်ဂရုစိုက်သင့်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတွင် တိုင်းရင်းသားများအနေဖြင့် တစ်ထောင့်တစ်နေရာမှ တာဝန်ယူထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ အဆိုကို ထောက်ခံကြောင်း ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာမင်းသိန်း ရေဦးမဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး၊ ဦးဝင်းအောင် မိုးမောက်မဲဆန္ဒနယ်၏ မိတ်ဆွေ နှစ်ဦး၊ ဦးမောင်မောင်ဦး အင်းစိန်မဲဆန္ဒနယ်၏ မိတ်ဆွေ ၃၂ ဦး၊ ဒေါက်တာလှမိုး အောင်မြေသာစံမဲဆန္ဒနယ်၏ မိတ်ဆွေ ၁၄၂ ဦး၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်နှင့် မန္တလေးဧည့်လမ်းညွှန်အသင်းမှ ၅၆ ဦး၊ စုစုပေါင်း ၂၃၄ ဦးတို့သည် ယနေ့နံနက်တွင်ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည် ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်း ကြိုးပမ်းကြညီညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှု ဖြစ်ပွားပါက အရေးပေါ် Call Centre ဖုန်း - ၁၉၂ (EMS-192) သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်

**သတင်းဆောင်းပါး-မင်းမင်းဇော်(ကလေး)**

**ဓာတ်ပုံ - မောင်ဖိုးဇော်**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားပါက အရေးပေါ် အသက်ကယ်ဆယ်နိုင်မည့် အရေးပေါ်လူနာတင်ယာဉ်စနစ် (Emergency Medical Service - EMS) ကို ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်က စတင်ဆောင်ရွက်လျက်ရှိသည်။

"ဒီစနစ်ဖြစ်ပေါ်လာဖို့အတွက် မြန်မာနိုင်ငံအရေးပေါ် လူနာတင်ယာဉ်စနစ် ပေါ်ပေါက်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ် ဇွန်လ ၂၅ ရက်ကနေ ၂၆ ရက်အထိ ကျင်းပခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲကနေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် အရေးပေါ်လူနာတင်ယာဉ်စနစ်ထူထောင်ခြင်းကို ကနဦးစီမံချက်အဖြစ် စတင်ဆောင်ရွက်ဖို့ ထောက်ခံအကြံပြုဆွေးနွေးခဲ့ကြပြီး ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်မှာ ထည့်သွင်းဆောင်ရွက်ခဲ့ပါတယ်" ဟု EMS- Call Centre Operation အပိုင်းကို တာဝန်ယူဆောင်ရွက်နေသည့် ဒေါက်တာသန်းလှအောင်က ပြောသည်။

> **အမြန်လမ်းမှာဖြစ်ပွားတဲ့ ယာဉ်မတော်တဆမှုက လူနာတွေကို နီးစပ်တဲ့ သက်ဆိုင်ရာဆေးရုံကို ပို့ဆောင်ကုသပေးမှာ ဖြစ်ပါတယ်။ လူနာတင်ယာဉ်အနေနဲ့ အခင်းဖြစ်ပွားတဲ့နေရာရောက်ရင် ဘယ်လူနာကို ပထမဆုံး ဆေးရုံပို့ရမယ်ဆိုတာ ခွဲခြားပါတယ်။ အသက်အန္တရာယ်ရှိတယ်၊ ချက်ချင်း သယ်ရမယ်ဆိုရင် အနီရောင်၊ အသက်အန္တရာယ်ရှိပေမယ့် သိပ်မစိုးရိမ်ရဘူးဆိုရင် အဝါရောင်၊ အသက်အန္တရာယ်မရှိဘူးဆိုရင် အစိမ်းရောင်နဲ့ သေဆုံးတယ်ဆိုရင် အမည်းရောင်ဆိုပြီး အရောင်တွေ ခွဲခြားသတ်မှတ်ထားပါတယ်။ ဒါကြောင့် အခင်းဖြစ်ပွားရာအရပ်က အနီရောင်အဆင့် သတ်မှတ် ထားတဲ့လူနာကို ပထမဆုံးသယ်မယ်။ နောက်မှ အဝါနဲ့ အစိမ်းကို သယ်မှာဖြစ်ပါတယ်။**

Emergency Medical Service- EMS တွင် Call Centre နှင့် Emergency Medical Service ဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး အမြန်လမ်းပေါ်ရှိ ယာဉ်မတော်တဆမှု အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ EMS လူနာတင်ယာဉ်ကို သက်ဆိုင်ရာဆေးရုံ အရေးပေါ်ဆရာဝန်က အနီးကပ်ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

"ကျွန်တော်တို့ Call Centre ကို EMS- 192 လို့ အမည်ပေးထားပါတယ်။ အမြန်လမ်းမှာ အရေးပေါ်လိုအပ်ရင် ဖုန်း ၁၉၂ ကို အကူအညီတောင်းခံနိုင်ပါတယ်။ EMS- 192 ကို Command Control Centre အပိုင်းနဲ့ EMS ပေးတဲ့အပိုင်းဆိုပြီး နှစ်ပိုင်းခွဲထားပါတယ်။ Command Control Centre က နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးမှာ အခြေပြုထားပါတယ်။ Command Control Centre ကို Command Control နဲ့ EMS ပေးတဲ့အဖွဲ့ဆိုပြီး ထပ်ပြီး ခွဲခြားထားပါတယ်။ တစ်ပိုင်းက Call လက်ခံမယ်၊ အဲဒီမှာ 192 ကို ခေါ်ဆိုနိုင်တဲ့ ဖုန်းလိုင်း ငါးလိုင်းတပ်ဆင်ထားပါတယ်။ ထပ်မံတိုးချဲ့တပ်ဆင်ဖို့လည်းစီစဉ်ထားပါတယ်။ လိုင်း ငါးလိုင်း တပ်ဆင်ထားတဲ့အတွက် လူ ငါးဦးက တစ်ပြိုင်တည်း ခေါ်ဆိုလို့ရပါတယ်။

"EMS အဖွဲ့တွေကို ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်မှာ မိုင် ၄၀ ခြားပြီး EMS Station တစ်ခုစီထားပါတယ်။ အဲဒီစခန်းတွေကို လှည်းကူး၊ ဘုရားကြီး၊ မြို့ချောင်း၊ ဖြူး၊ တောင်ငူ၊ လယ်ဝေး၊ အလည်ရွာ၊ မိတ္ထီလာ၊ ပြင်စည် (နွားထိုးကြီး)နဲ့ တံတားဦးမြို့နယ်တွေမှာ ဖွင့်လှစ်ထားရှိပါတယ်။ EMS Station တစ်ခုစီတိုင်းမှာ လူနာတင်ယာဉ် တစ်စီး၊ ယာဉ်မောင်း သုံးဦး၊ Ambulance Crew ရှစ်ဦးရှိပြီး ၂၄ နာရီ အလှည့်ကျတာဝန်ထမ်းဆောင်နိုင်ဖို့ စီစဉ်ထားပါတယ်။

"EMS ယာဉ်တိုင်းမှာ ခြေထောက်ကျိုးတာ၊ လက်ကျိုးတာ၊ ခါးရိုးကျိုးတာ၊ လည်ပင်းရိုးကျိုးတာစတဲ့ ထိခိုက်ဒဏ်ရာတွေအတွက် အသုံးပြုရမယ့်ပစ္စည်း ကိရိယာတွေ၊ အောက်ဆီဂျင်ဘူးတွေ၊ နှလုံးနှိုးစက်၊ ချွဲစုပ်စက်၊ အသက်ရှူလမ်းကြောင်းဖွင့်ကိရိယာတွေ၊ သွေးခုန်နှုန်းကောင်းအောင်လုပ်တဲ့ ပစ္စည်းတွေနဲ့ မီးသတ်ဆေးဘူးတွေ တပ်ဆင်ထားပါတယ်။ နိုင်ငံတကာမှာ အသုံးပြုနေတဲ့ Ambulance တွေအတိုင်း တပ်ဆင်ထားပါတယ်"ဟု ဒေါက်တာသန်းလှအောင်က ဆက်လက်ရှင်းပြသည်။



ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပါက အရေးပေါ် အသက်ကယ်ဆယ်နိုင်မည့် အရေးပေါ်လူနာတင်ယာဉ်များအား ကွပ်ကဲထိန်းချုပ်သည့် Call Centre ၌ လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်



အရေးပေါ်လူနာတင်ယာဉ်ပေါ်၌ အသက်ကယ်ပြုစုကုသနည်း သင်ကြားပြသနေသည်ကို တွေ့ရစဉ်

Ambulance Crew တစ်ဦးဖြစ်သူ ဦးမင်းမင်းစိန်က "ကျွန်တော့်အနေနဲ့ Command Control Centre က ပေးတဲ့ တာဝန်တွေကို ထမ်းဆောင်နေပါတယ်။ အရင်ကတည်းက ကြက်ခြေနီအသင်းမှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတော့ ရှေးဦးသူနာပြုစုနည်းတွေက ကျွန်တော့်အတွက် မစိမ်းလှပါဘူး။ EMS ယာဉ်မှာ တာဝန်ထမ်းဆောင်ဖို့အတွက် အသက်ကယ်နည်းတွေ၊ ယာဉ်ပေါ်မှာပါတဲ့ အသက်ကယ်ပစ္စည်း အသုံးချနည်း သင်တန်းကိုလည်း တက်ရပါတယ်။ သက်ဆိုင်ရာ ဆရာဝန်ကြီးတွေက အနီးကပ်ကြပ်မတ်သင်ကြားပေးထားပါတယ်" ဟု ပြောကြားသည်။

အမြန်လမ်းတွင် ယာဉ်မတော်တဆမှုဖြစ်စဉ်များ၌ လူနာများကို အရောင်များဖြင့် ခွဲခြားသတ်မှတ်ထားရှိသည်။

"အမြန်လမ်းမှာဖြစ်ပွားတဲ့ ယာဉ်မတော်တဆမှုက လူနာတွေကို နီးစပ်တဲ့ သက်ဆိုင်ရာဆေးရုံကို ပို့ဆောင်ကုသပေးမှာဖြစ်ပါတယ်။ လူနာတင်ယာဉ်အနေနဲ့ အခင်းဖြစ်ပွားတဲ့နေရာရောက်ရင် ဘယ်လူနာကို ပထမဆုံး ဆေးရုံပို့ရမယ်ဆိုတာ ခွဲခြားပါတယ်။ အသက်အန္တရာယ်ရှိတယ်၊ ချက်ချင်း သယ်ရမယ်ဆိုရင် အနီရောင်၊ အသက်အန္တရာယ်ရှိပေမယ့် သိပ်မစိုးရိမ်ရဘူးဆိုရင် အဝါရောင်၊ အသက်အန္တရာယ်မရှိဘူးဆိုရင် အစိမ်းရောင်နဲ့ သေဆုံးတယ်ဆိုရင် အမည်းရောင်ဆိုပြီး အရောင်တွေ ခွဲခြားသတ်မှတ်ထားပါတယ်။ ဒါကြောင့် အခင်းဖြစ်ပွားရာအရပ်က အနီရောင်အဆင့် သတ်မှတ်ထားတဲ့လူနာကို ပထမဆုံးသယ်မယ်။ နောက်မှ အဝါနဲ့အစိမ်းကို သယ်မှာဖြစ်ပါတယ်။ ယာဉ်အနေနဲ့ အရောင်သတ်မှတ်ချက်တွေအရ Command Control Centre က ညွှန်ကြားတဲ့ဆေးရုံတွေကို ဆက်လက်မောင်းနှင်ပို့ဆောင်ပေးရမှာဖြစ်ပါတယ်။

"Command Control Centre က ညွှန်ကြားတဲ့ ဆေးရုံဆိုတာနဲ့ပတ်သက်လို့ ဥပမာပေးရမယ်ဆိုရင် အမြန်လမ်းမကြီးရဲ့ မိုင် ၉၀ မှာ ယာဉ်မတော်တဆမှု ဖြစ်ပွားမယ်ဆိုရင် ဒဏ်ရာပြင်းထန်တဲ့လူနာကို မြို့ချောင်းဆေးရုံကို ခေါ်မသွားစေဘဲ ဖြူးဆေးရုံကို တိုက်ရိုက်ခေါ်သွားဖို့ ညွှန်ကြားမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့ချောင်းဆေးရုံမှာ အထူးကုဆရာဝန်မရှိဘဲ ဖြူးဆေးရုံမှာရှိလို့ ဖြစ်ပါတယ်။ နောက်မှ အရောင်သတ်မှတ်ချက်တွေအတိုင်း ဆက်လက်ပို့ဆောင်စေမှာ ဖြစ်ပါတယ်"ဟု ဒေါက်တာသန်းလှအောင်က ပြောသည်။

Command Control Centre အနေဖြင့် အရေးပေါ်ကိစ္စရပ်များသာမက အနှောင့်အယှက်ပေးသည့် Call ခေါ်ဆိုမှုများကိုလည်း မလိုလားအပ်ဘဲ ဖြေရှင်းပေးနေရသည်။

"၂၀၁၆ ခုနှစ် လလယ်ပိုင်းလောက်ကတည်းက Call Centre မှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒီမှာ အနှောင့်အယှက်ပေးတဲ့ Call တွေကို အများဆုံးဖြေရှင်းနေရပါတယ်။ အရေးပေါ်ကိစ္စတွေဖြစ်တဲ့အတွက် အနှောင့်အယှက်ပေးတဲ့ Call တွေ မခေါ်ဆိုသင့်ပါဘူး။ ကျွန်မတို့အဖွဲ့အနေနဲ့ မှန်ကန်တဲ့သတင်းတွေကို မြန်မြန်ဆန်ဆန်ဖြစ်


*စာမျက်နှာ ၉ သို့*



ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပါက အရေးပေါ် အသက်ကယ်ဆယ်နိုင်မည့် အရေးပေါ်လူနာတင်ယာဉ်ကို တွေ့ရစဉ်



စက်တင်ဘာ ၈ရက်က (၆၈)နှစ်မြောက် ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ ထူထောင်သည့်နေ့ အထိမ်းအမှတ် ညည့်ခံပွဲအခမ်းအနား တက်ရောက်လာသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့်ဇနီး ဒေါ်သီသီတို့အား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားပြည်သူ့ဒီမိုကရက်တစ်နိုင်ငံ သံအမတ်ကြီး **H.E.Mr. Jong Ho Bom** ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)




# မလေးရှားထိန်းသိမ်းရေးစခန်းများမှ ပြန်လည်ရောက်ရှိလာသည့် ကလေးမြို့နယ်နေ အလုပ်သမားများ နေရပ်သို့ ပြန်ရောက်လာ

**ကလေး စက်တင်ဘာ ၈**

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှအလုပ်သမားများသည် ဆဋ္ဌမသုတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ၁၂ ဦး၊ တမူးမြို့နယ်မှ တစ်ဦး စုစုပေါင်း ၁၃ ဦးတို့သည် စက်တင်ဘာ ၈ ရက် နံနက် ၈ နာရီခန့်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိကြရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပြန်လည်ရောက်ရှိလာသော အလုပ်သမားများ၏ မိသားစုဝင်များ၊ သက်ဆိုင်ရာကျေးရွာ အုပ်ချုပ်ရေးမှူးများက နွေးထွေးစွာ ကြိုဆိုကြသည်။ ယင်းနောက် ကြိုဆိုညှိခံတွေ့ဆုံပွဲကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌရုံးခန်း၌ ဆက်လက်ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက လိုအပ်သည့် လူမှုရေးအခက်အခဲများနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အလုပ်သမားများအား သက်ဆိုင်ရာနေရပ်ဒေသအသီးသီးသို့ အဆင်ပြေစွာ ရောက်ရှိရေး ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **ချင်းတွင်းသား**

# ရန်ကုန်တိုင်းဒေသကြီး လေးမြို့နယ် ကိုရီးယားချေးငွေထုတ်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၈**

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် ကိုရီးယားသမ္မတနိုင်ငံရှိ ငွေကြေးဆိုင်ရာ ထိပ်တန်းကုမ္ပဏီတစ်ခုဖြစ်သည့် Shinhan Microfinance ကုမ္ပဏီအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးလိုက်ပြီဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် အသေးစားချေးငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝေသန်းက ပြောသည်။

"ကျွန်တော်တို့ ဒီဘဏ်ကို ယာယီလိုင်စင်တစ်နှစ် စတင်ခွင့်ပြုထားပါတယ်။ ခွင့်ပြုတဲ့နေ့ကစပြီး ခြောက်လအတွင်း အသေးစားငွေရေး ကြေးရေးလုပ်ငန်းတွေ ဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု ဦးဝေသန်းက စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက အင်းစိန်မြို့နယ်အရှေ့ရွာမရပ်ကွက် သီရိမင်္ဂလာလမ်း အမှတ် (၂၀၆)၌ ကျင်းပသော Shinhan Microfinance ရုံးဖွင့်ပွဲအခမ်းအနားတွင် ပြောသည်။

"ကျွန်တော်တို့အနေနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် တစ်ဖက်တစ်လမ်းက ထောက်ပံ့ပေးနိုင်ဖို့အတွက် အခုလို ချေးငွေပေးရေးအစီအစဉ်ကို ဆောင်ရွက်ရတာဖြစ်ပါတယ်" ဟု ၎င်းကုမ္ပဏီမှ CEO မစ္စတာ ဝီဆန်းက ပြောသည်။

အဆိုပါ ချေးငွေရယူနိုင်သည့် မြို့နယ်များမှာ လှိုင်သာယာ၊ အင်းစိန်၊ ရွှေပြည်သာနှင့် မင်္ဂလာဒုံမြို့နယ်များဖြစ်ကြောင်း၊



စက်တင်ဘာလမှစတင်ပြီး အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်သုံးသိန်းချေးယူနိုင်မည်ဖြစ်ကြောင်း၊ ချေးယူနိုင်မည့် ကာလမှာ တစ်နှစ်ဖြစ်ပြီး အတိုးနှုန်းမှာ ၃၀ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ချေးငွေလျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်နေသူဖြစ်ရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းလည်း လိုအပ်မည်ဖြစ်ကြောင်း၊ ယင်းငွေကြေးကုမ္ပဏီက အမေရိကန်ဒေါ်လာ သုံးသန်း(မြန်မာငွေကျပ် ဘီလီယံ ၃၀) ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ယင်းမှ ဆက်လက်၍ ၂၀၁၇ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး၌လည်း မြို့နယ်နှစ်မြို့နယ်ကို ရွေးချယ်သတ်မှတ်ကာ ချေးငွေများ ထုတ်ပေးရေးအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ငွေကြေးကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးအခွင့်အလမ်းများ တိုးတက်မည့်အနေအထားကို သိရှိထားသဖြင့် လိုအပ်နေသော ပြည်သူများအား ငွေကြေးအကူအညီအတွက် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးကေလင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# တီဘီရောဂါဆိုင်ရာ ရှာဖွေကုသပေးခြင်းများဆောင်ရွက်

**ကမမောင်း စက်တင်ဘာ ၈**

ကရင်ပြည်နယ် ကမမောင်းမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိပြည်သူများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ဒေသခံလူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တီဘီရောဂါဆိုင်ရာ ကွင်းဆင်းရှာဖွေကုသပေးခြင်းကို စက်တင်ဘာ ၇ ရက် က ရပ်ကွက်နှင့် ကျေးရွာအလိုက် လိုက်လံဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ တီဘီရောဂါဆိုင်ရာ ကွင်းဆင်းရှာဖွေကုသပေးရေးအဖွဲ့မှ မွန်/ကရင် တာဝန်ခံဒေါက်တာ ဦးသိန်းမြင့်၊ အဖွဲ့ခေါင်းဆောင် ဒေါက်တာဇေယျာနွေနိုင်၊ ဝန်ထမ်းများနှင့် ဒေသခံလူမှုရေးအဖွဲ့များက တီဘီရောဂါဆိုင်ရာစစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်း၊ သောက်ဆေးပေးခြင်းများအပြင် အထွေထွေရောဂါငယ်များအတွက် စမ်းသပ်ပေးခြင်းနှင့် စားဆေးများကို အခမဲ့ပေးဝေခဲ့သည်။ ထို့အပြင် တီဘီရောဂါ ရှာဖွေကုသမှုလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာပြည်သူများအတွက် ရပ်ကွက်၊ ကျေးရွာအလိုက် ကွင်းဆင်းဆောင်ရွက်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေကြီးနစ်မြုပ် မိုးသီးနှံများအတွက် မျိုးစပါးပေးအပ်

**ပန်လုံ စက်တင်ဘာ ၈**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့ မုန်းကွန်ကျေးရွာအုပ်စု မုန်းကွန် ရွာတွင် ရေကြီးနစ်မြုပ်မှု၊ မိုးလွန်၊ မိုးခေါင်မှုနှင့် တောင်ကျရေတိုက်စားမှုကြောင့် ပျက်စီးသွားသော အစေ့ထုတ်ပြောင်း နှစ်ဧကနှင့် မိုးစပါးကိုးဧက ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် စက်တင်ဘာ ၇ ရက်က ဟိုပန်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်၊ ပန်လုံမြို့အုပ်ချုပ်ရေးမှူး ဦးအောင်နေဇော်၊ ဟိုပန်မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်နှင့် ပန်လုံမြို့နယ်ဦးစီးမှူး ဦးချိုလေးတို့က မျိုးစပါး တစ်ဧကတစ်တင်းနှုန်းဖြင့် တောင်သူများလက်ဝယ်သို့အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**တောမဲ့မြေသား ရေတိုက်စား၏**

**ဆေးပေါ့လိပ်၊ စီးကရက်နှင့် ကွမ်းယာ စားသောက်သုံးစွဲခြင်း ကုန်ကျမှုတန်ဖိုးနှင့် အိမ်ထောင်စုစားသောက်ကုန်တန်ဖိုး ညီမျှမှု**




*စာမျက်နှာ ၈ မှ*

အောင် ဆောင်ရွက်ပေးနေပါတယ်"ဟု Call Centre ၏ Team Leader မမင်းမင်းခက်က ပြောသည်။

ဒေါက်တာသန်းလှအောင်က "ကျွန်တော်တို့ဌာနဟာ သတင်းလက်ခံတာ၊ သတင်းအပေါ် အလျင်အမြန်တုံ့ပြန်ပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်။ Call Centre မှာ Call Centre Solution ဆော့ဖ်ဝဲ တပ်ဆင်ထားပါတယ်။ ဒီဆော့ဖ်ဝဲက နိုင်ငံတကာမှာသုံးနေတဲ့ ဆော့ဖ်ဝဲလည်း ဖြစ်ပါတယ်။ အနှောင့်အယှက်ပေးတဲ့ Call လား၊ အမှန်တကယ်အကူအညီလိုအပ်နေတဲ့ Call လား၊ အမြန်လမ်းက Call လား၊ အမြန်လမ်းမဟုတ်တဲ့နေရာက Call လား၊ Call Record တွေကို အုပ်စုခွဲဆောင်ရွက်ပေးနိုင်ပါတယ်။ နှောင့်ယှက်တဲ့ ခေါ်ဆိုမှုမျိုးတွေ မပြုလုပ်သင့်ပါဘူး၊ အမြန်လမ်းမှာဖြစ်ပွားတဲ့ ယာဉ်မတော်တဆဖြစ်ပွားမှု အရေးပေါ်ကိစ္စတွေအတွက် ကျွန်တော်တို့ Call Centre ဖုန်း ၁၉၂ ကို ဆက်သွယ်ခေါ်ဆို အကူအညီတောင်းခံနိုင်ပါတယ်"ဟု ဆက်လက်ရှင်းလင်းပြောကြားသည်။



အရေးပေါ် အသက်ကယ် ပြုစုကုသမှုသင်တန်း၌ လက်တွေ့လေ့ကျင့်နေမှုကို တွေ့ရစဉ်


# ထရန့်အား မဲအနည်းငယ်အသာဖြင့် ကလင်တန်ဆက်လက်ဦးဆောင်လျက်ရှိ

**ဝါရှင်တန် စက်တင်ဘာ ၈**

အမေရိကန် ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်သည် ပြိုင်ဘက် ရီပတ်ဘလစ်ကန် ဒေါ်နယ်ထရန့်အား ယခုအချိန်အထိ မဲအသာဖြင့် ဦးဆောင်လျက်ရှိကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထရန့်သည် ဘာသာရေးနှင့် ပတ်သက်ပြီး ဝေဖန်မှုအမြောက်အမြား ခံရပြီးနောက် လွန်ခဲ့သောလ အစောပိုင်းအထိ ကလင်တန်သည် ဒေါ်နယ်ထရန့်အား မဲရလဒ်အနည်းငယ်အသာဖြင့် ဦးဆောင်ခဲ့ကြောင်း သိရသည်။

သို့သော်လည်း ကလင်တန်အနေဖြင့် နိုင်ငံခြားရေးဝန်ကြီး ဖြစ်ခဲ့စဉ်က မိသားစု လူမှုရေးဖောင်ဒေးရှင်းသို့ ကူညီရန် အလှူရှင်များအား ဦးစားပေးခဲ့သည်ဟုဆိုသည့် စွပ်စွဲချက်ဖြင့် မဲရလဒ်အနည်းငယ်သာ ရရှိခဲ့သည်။




မကြာသေးမီက ကောက်ယူခဲ့သော စစ်တမ်းများအရ မဲဆန္ဒရှင် ၄၅ ဒသမ ၉ ရာခိုင်နှုန်းက ကလင်တန်အား ထောက်ခံခဲ့ပြီး ၄၂ ဒသမ ၉ ရာခိုင်နှုန်းက ထရန့်အား ထောက်ခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတလောင်း နှစ်ဦးတို့သည် အပြိုင်အဆိုင် မဲအနိုင်ရရှိရေးအတွက် ဖလော်ရီဒါ၊ မြောက်ကာရိုလိုင်းနားနှင့် အိုဟိုင်းယိုးတို့တွင် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ သမ္မတလောင်းနှစ်ဦးတို့သည် ယခုလနှောင်းပိုင်းနှင့် နောက်လများတွင် စကားစစ်ထိုးမှု သုံးခုကို ဆက်လက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

**(အင်န်အိတ်ချ်ကေ)**

# နှစ်ပတ်ကြာတိုက်ပွဲများပြီးဆုံးပြီးနောက် ဆီးရီးယားပြည်သူများနေရပ်သို့ပြန်ထွက်ခွာ



**အန်ကာရာ စက်တင်ဘာ ၈**

ဆီးရီးယားနိုင်ငံသား ၂၉၂ ဦးပါဝင်သည့် အဖွဲ့သည် ဗုဒ္ဓဟူးနေ့က တူရကီနိုင်ငံမှ ဆီးရီးယားနိုင်ငံ ဂျရာဘလပ်စ်မြို့သို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ နယ်စပ်ဒေသ၏ လုံခြုံရေးအတွက် နှစ်ပတ်အကြာ တူရကီ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် မြို့နေပြည်သူများ၏ ပထမဆုံးသောအိမ်အပြန်ခရီးဖြစ်ကြောင်း တူရကီအာဏာပိုင်များက ပြောကြားခဲ့သည်။

အိုင်အက်စ်အဖွဲ့က ထိန်းချုပ်ထားသည့် ဂျရာဘလပ်စ်မြို့သည် ဩဂုတ် ၂၄ ရက်တွင် တူရကီစစ်တပ်နှင့် ၎င်း၏ မဟာမိတ် ဆီးရီးယားသူပုန်များ ၏ ပထမဆုံး ကျူးကျော်စစ်ဆင်မှုကို ခံခဲ့ရသည့် မြို့တစ်မြို့ ဖြစ်လာခဲ့သည်။ ကျူးကျော်တိုက်ခိုက်သည့် ရည်ရွယ်ချက်မှာ ဂျီဟတ်စစ်သွေးကြွများနှင့် ဆီးရီးယားနိုင်ငံရှိ ကာ့ဒ်စစ်သွေးကြွများကို သုတ်သင်ဖယ်ရှားရန် ဖြစ်သည်။

တူရကီက ဆီးရီးယားကမ်းခြေမှ ကီလိုမီတာ ၉၀ အကွာ ပိုင်နက်နယ်မြေတစ်လျှောက်၌ စစ်သွေးကြွများကို ရှင်းလင်းပြီးဖြစ်ကြောင်းနှင့် ၎င်းအနေဖြင့် အိုင်အက်စ်အဖွဲ့က ထိန်းချုပ်ထားသည့် ရက်ကွာမြို့ကို တိုက်ခိုက်မည့် ဘယ်အမေရိကန်အဖွဲ့ဖြစ်ဖြစ် အကူအညီအထောက်အပံ့ပေးအပ်သွားမည်ဟု ပြောကြားခဲ့သည်။

သို့သော်လည်း တူရကီ၏ စစ်ရေးနည်းဗျူဟာများသည် ၎င်း၏ နေတိုးမဟာမိတ်အဖွဲ့ဖြစ်သည့် အမေရိကန်နှင့် မကြာသေးမီကပင် သံတမန်ရင်းနှီးဆက်ဆံမှုရှိခဲ့သည့် ရုရှားနိုင်ငံအနေဖြင့် ဝေဖန်စရာဖြစ်လာခဲ့သည်။ ကာ့ဒ်စစ်သွေးကြွများကို တူရကီ၏တိုက်ခိုက်မှုသည် အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်နေသည့် အမေရိကန်ကျောထောက်နောက်ခံပြုထားသော မဟာမိတ်အဖွဲ့ကို ထိခိုက်ဒဏ်ရာရရှိစေခဲ့ကြောင်း ဝါရှင်တန်က ပြောကြားသည်။

**(ရိုက်တာ)**

# ဂွါတီမာလာမြေပြိုမှု လူကိုးဦးသေဆုံး

**ဂွါတီမာလာ စက်တင်ဘာ ၈**

ဂွါတီမာလာ ဆင်ခြေဖုံးဆင်းရဲသားရပ်ကွက်တစ်ခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုတစ်ရပ်ဖြစ်ပွားကာ လူကိုးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက စက်တင်ဘာ ၇ ရက်တွင် ပြောကြားခဲ့သည်။

ဂွါတီမာလာတောင်ဘက် ဗီလာနျူဗာတွင် အင်္ဂါနေ့ညက ထိုကဲ့သို့ စိတ်မကောင်းဖွယ်ဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မြေယာပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် မြေပြိုမှုဖြစ်ပွားခြင်းကြောင့် အခြေအနေမှာ ပိုမိုဆိုးရွားခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

မြေပြိုမှုကြောင့် လူကိုးဦး သေဆုံးကာ တစ်ဦးကိုဆေးရုံသို့ပို့ ဆောင်ခဲ့ရပြီး အခြားတစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ မြေပြိုမှုကြောင့် လူ ၄၅ ဦး ဒုက္ခရောက်နေကြောင်း ၎င်းက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ပျောက်ဆုံးသူတစ်ဦးမှာ ကလေးငယ်ဖြစ်ကြောင်း မီးသတ်သမားများက ပြောသည်။ အိမ်ကိုးလုံးမှာ မြေပြိုမှုကြောင့်လုံးဝပျက်စီးသွားခဲ့သည်။

မေလမှ နိုဝင်ဘာလအထိ မိုးရာသီကာလအတွင်း ထိုကဲ့သို့ ဝမ်းနည်းဖွယ်ရာကိစ္စရပ်များမှာ နှစ်စဉ်နှစ်တိုင်း ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

လွန်ခဲ့သောနှစ်ကလည်း မြေပြိုမှုများကြောင့် လူပေါင်း ၂၉ ဦးထက် မနည်းသေဆုံးခဲ့သည်။

ယခုနှစ်မိုးရာသီတွင် လူ ၁၁ ဦး သေဆုံးခဲ့ကာ လူ ၂၅၀၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

**(ဆင်ဟွာ)**



# မက္ကဆီကန်ရဲဘက်ဆိုင်ရာရဟတ်ယာဉ် တိုက်ခိုက်ခံရမှု သေဆုံးသူငါးဦးထိမြင့်တက်

**မီချိုဂန် စက်တင်ဘာ ၈**

မက္ကဆီကိုနိုင်ငံ မီချိုဂန်ဒေသတွင် ရဲဘက်ဆိုင်ရာရဟတ်ယာဉ်တစ်စင်း တိုက်ခိုက်ခံရသောကြောင့် စက်တင်ဘာ ၇ ရက်အထိ သေဆုံးသူငါးဦးအထိ မြင့်တက်လာခဲ့ကြောင်း၊ ရဲအရာရှိမှာဆေးရုံရောက်ပြီးနောက်တစ်နေ့ စက်တင်ဘာ ၈ ရက်တွင် သေဆုံးခဲ့ကြောင်း အစိုးရက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

လေယာဉ်တိုက်ခိုက်ခံရပြီး တစ်ဦးတည်းကျန်ခဲ့သော ရဲအရာရှိကို မြို့တော်ဆေးရုံတွင်ဆေးဝါးကုသမှုပေးနေစဉ် ရရှိခဲ့သောဒဏ်ရာများဖြင့် စက်တင်ဘာ ၈ ရက်တွင် သေဆုံးခဲ့ကြောင်း မီချိုဂန်ရှေ့နေချုပ်ရုံးက တွစ်တာစာမျက်နှာတွင် ဖော်ပြခဲ့သည်။

တာဝန်ထမ်းဆောင်နေစဉ် အသက်ပေးဆပ်ခဲ့ရသဖြင့် သေဆုံးခဲ့သူများကို ဂုဏ်ပြုကြောင်း မီချိုဂန်ရှေ့နေချုပ်ရုံးက ၎င်း၏တရားဝင်တွစ်တာစာမျက်နှာတွင် ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

# ဂရိနိုင်ငံတွင် လျှပ်တစ်ပြက်ရေကြီး လူသုံးဦးထက်မနည်းသေဆုံး

**အေသင် စက်တင်ဘာ ၈**

ဂရိနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးမှုများဖြစ်ပေါ်ပြီး လူသုံးဦးသေဆုံးကာ အမျိုးသမီးတစ်ဦး ပျောက်ဆုံးနေကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။


ဂရိနိုင်ငံအနောက်တောင်ဘက် ကလာမာတာမြို့တော်နှင့် အနီးတစ်ဝိုက်တွင် အဆိုးရွားဆုံးဖြစ်ပွား ခဲ့ပြီး ၆၃ နှစ်အရွယ် မသန်စွမ်းအမျိုးသမီးတစ်ဦး၊ အသက် ၈၀ အရွယ်အမျိုးသားတစ်ဦးတို့ ၎င်းတို့၏အဆောက်အအုံထဲတွင် သေဆုံးခဲ့ကြသည်။ ထို့ပြင် အသက် ၉၀ အရွယ်လူတစ်ဦးကို သေဆုံးလျက်တွေ့ရှိခဲ့သည်။

ထို့ပြင် ဂရိနိုင်ငံမြောက်ပိုင်းတွင် ကားတစ်စီးရေစီးထဲမျောပါသွားရာ အမျိုးသမီးတစ်ဦးလည်း ယင်းကားနှင့်အတူပျောက်ဆုံးနေကြောင်း သိရသည်။ ရေကြီးမှုများကြောင့် အိမ်များနှင့်စီးပွားရေးလုပ်ငန်းများပျက်စီးခဲ့ပြီး ကားများလည်း ပင်လယ်ထဲသို့ မျောပါသွားခဲ့သည်။

အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ကလည်း ရိုမေးနီးယားအမျိုးသမီးတစ်ဦးနှင့် ၎င်း၏ကလေးနှစ်ဦးကို အနောက်မြောက်ဘက်ကမ်းရိုးတန်းဒေသမှ ကယ်တင်ခဲ့သည်။ အရှေ့မြောက်ဘက် ဆာလိုနီကီဒေသမှ တောင်ဘက် စပါတာဒေသအတွင်းရှိ မြို့များအထိ ရေလွှမ်းမိုးသွားခဲ့သည်။ ကလာမာတာ မြို့တော်ဝန်က ဤကဲ့သို့ တစ်ခါမှမမြင်ဖူးကြောင်း ရိုက်တာသတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလကလည်း အေသင်တွင် လျှပ်တစ်ပြက် ရေကြီးမှုကြောင့် ကားများနှင့်မော်တော်ဆိုင်ကယ်များ ရေစီးနှင့်မျောပါသွားခဲ့ကာ အဆောက်အအုံများလည်း ပျက်စီးခဲ့သည်။ **(ဘီဘီစီ)**

# မျက်နှာပြုပြင်ကုသမှုပြုလုပ်သည့် ပြင်သစ်အမျိုးသမီးသေဆုံး



**ပါရီ စက်တင်ဘာ ၈**

ပြင်သစ်နိုင်ငံ၌ ပထမဆုံးမျက်နှာပြုပြင်ကုသမှုပြုလုပ်ခဲ့သည့်အမျိုးသမီးတစ်ဦးဖြစ်သူ အစ်ဇဘယ်လီဒီဒိုရီးသေဆုံးသွားပြီဖြစ်ကြောင်း ပြင်သစ်ဆရာဝန်များက ပြောကြားခဲ့သည်။

၂၀၀၅ ခုနှစ်က ခွဲစိတ်ပါရဂူများသည် အစ်ဇဘယ်အား ၎င်းမွေးမြူထားသော အိမ်မွေးခွေးအကိုက်ခံရမှုကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်သွားသည့်မျက်နှာကို ခွဲစိတ်ကုသကာ နှာခေါင်းအသစ်နှင့်ပါးစပ်အသစ်ဖန်တီးပေးခဲ့သည်။

သို့သော်ခွဲစိတ်ရာတွင် အလွန်အကျွံအသုံးပြုခဲ့သည့် ဆေးဝါးများက ၎င်းကို အင်အားချည့်နဲ့စေခဲ့ကာ ၎င်းသည် ဧပြီလတွင် ကင်ဆာဝေဒနာဖြင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။ အသက် ၄၉ နှစ်ရှိ အစ်ဇဘယ်လီ၏သေဆုံးမှုကို ၎င်း၏ မိသားစုဝင်များ စိတ်မကောင်းဖြစ်မည်ကို စိုးရိမ်၍အာမီရန်ရှိဆေးရုံမှကြေညာရန် အချိန်နှောင့်နှေးကြန့်ကြာခဲ့သည်။ ဖီဂရို သတင်းစာက ၎င်းသည် ခွဲစိတ်ကုသမှုဆိုင်ရာခံတတ်မတည့်သည့် တုံ့ပြန်မှုကိုလည်း ခံစားခဲ့ရသေးကြောင်း ရေးသားခဲ့သည်။

သူမ၏အိမ်မွေးခွေးကြောင့် မျက်နှာပျက်စီးခဲ့မှုက သူမ၏ဘဝကိုနိဂုံးချုပ်စေခဲ့ခြင်း ဖြစ်သည်ဟု ဘီဘီစီအင်တာဗျူးတစ်ခု၌ ဖော်ပြထားသည်။ **(ဘီဘီစီ)**

# ရခိုင်ပြည်နယ်အရေး အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် ထိတွေ့ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကိုဖီအာနန်ပြောကြား

**ရန်ကုန် စက်တင်ဘာ ၈**

ရခိုင်ပြည်နယ်အရေး ကိုင်တွယ်ဖြေရှင်းရာတွင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်ပါ ထိတွေ့ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ခန့်အပ်တာဝန်ပေးခဲ့သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ကိုဖီအာနန်က ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဆူးလေချန်ဂရီလာဟိုတယ်၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"ဒီရခိုင်အရေးဖြေရှင်းတဲ့အခါမှာ တစ်နိုင်ငံတည်း ဖြေရှင်းလို့မရဘူး။ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ ဘယ်လိုဆောင်ရွက်နိုင်မယ်ဆိုတာကို ကော်မရှင်တွေအနေနဲ့ စူးစမ်းပြီးတော့ လုပ်ဆောင်မှာဖြစ်တယ်။ ဥပမာ လူတွေရွှေ့ပြောင်းသွားတာ၊ နယ်စပ်ဖြတ်ကျော်သွားတာ စတဲ့ လိုအပ်တဲ့ပူးပေါင်းဆောင်ရွက်မှုတွေကို ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းကိုင်တွယ်တဲ့အခါမှာ အိမ်နီးချင်းနိုင်ငံအစိုးရတွေနဲ့ပါ ကျွန်တော်တို့ ကော်မရှင်က ထိတွေ့ပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားဖို့ရှိပါတယ်"ဟု ကိုဖီအာနန်က ပြောကြားသည်။

ဆက်လက်ပြီး ကိုဖီအာနန်က ကော်မရှင်၏ လုပ်ငန်းတာဝန်၊ ဦးတည်ချက်သည် အကြံပေးရန်သာဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ ရှုပ်ထွေးပြီး သိမ်မွေ့သည့်ကိစ္စရပ်များကို ကာလရှည်တည်တံ့နိုင်မည့် ဖြေရှင်းချက်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် အကြံပြုသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်သည် ဘက်မလိုက်သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို အကြံပြုသွားမည့် အဖွဲ့ဖြစ်ကြောင်း၊ တိတိကျကျနှင့် လုံးဝဘက်မလိုက်ဘဲ ကြားနေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်အားဖြင့် ကျယ်ပြန့်၍ အဓိကအကြံပြုသွားမည်မှာ ပဋိပက္ခဖြေရှင်းရေး၊ လူသားချင်းစာနာကူညီရေး၊ ပြန်လည်သင့်မြတ်ရင်ကြားစေ့ရေး၊ နယ်မြေအတွင်းအဖွဲ့အစည်းသစ်များ အားကောင်းစေရေးအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းနယ်ပယ်၌လည်း အကြံပြုသွားမည်ဖြစ်ကြောင်း၊ အကြံပြုသည့်အခါတွင်လည်း ဒေသခံများပြောသည်ကို လေ့လာသင်ယူပြီး အကြံပြုသွားမည် ဖြစ်ကြောင်း၊ အစီရင်ခံစာတင်ရန် တစ်နှစ်အချိန်ရကြောင်း၊ တစ်နှစ်အတွင်းမှာ အလောတကြီးလုပ်မှာ မဟုတ်သလို အချိန်လည်းဆွဲမှာမဟုတ်ဘဲ စိတ်ရှည်လက်ရှည်ဖြင့် အပြည့်အစုံ နှံ့နှံ့စပ်စပ်ဆောင်ရွက်ပြီး ခိုင်မာတဲ့အစီရင်ခံစာတင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှာရှိသည့် အသိုက်အဝန်းအသီးသီးအတွက် ကျွန်တော်တို့၏ အစီရင်ခံစာသည် အကျိုးပြု၊ အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ကြောင်း ယနေ့စာနယ်ဇင်းရှင်းလင်းပွဲအဖွင့်တွင် ပြောသည်။

ပြည်တွင်း ပြည်ပမှ ကော်မရှင်အဖွဲ့ဝင် ကိုးဦးပါဝင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့သည် ပြီးခဲ့သော စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ရခိုင်ပြည်နယ်အတွင်းရှိ သံဃာတော်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အသိုက်အဝန်းအသီးသီးမှ ခေါင်းဆောင်များ ပြည်နယ်တွင်းရှိကျေးရွာများမှ ပြည်သူများ စသည့် တာဝန်ရှိသူအသီးသီးတို့အား ပထမအကြိမ်အဖြစ် သွားရောက်လေ့လာဆန်းစစ်ခဲ့သည်။ ယင်းနှစ်ရက် သွားရောက်လေ့လာဆန်းစစ်မှုပြုရာတွင် ရခိုင်ပြည်နယ်မှ ပြည်သူသုံးထောင်ကျော်က ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း သိရသည်။

ယင်းကန့်ကွက် ဆန္ဒပြမှုအပေါ် ခံစားမှုကို မီဒီယာများက ကိုဖီအာနန်အားမေးမြန်းရာ "ဒီလိုမျိုး ဆန္ဒပြတယ်ဆိုတာက သိသွားအောင်လုပ်တဲ့ နည်းတစ်မျိုးပါ။ ထင်ထင်ရှားရှား ဆန္ဒဖော်ထုတ်နည်းတစ်မျိုးလို့ ထင်ပါတယ်။ ကောင်းမွန်တဲ့ သဘောရှိတယ်လို့မြင်ပါတယ်။ ပြည်သူလူထုအနေနဲ့ ရှုမြင်ပုံတွေကို သူတို့နည်း သူတို့ဟန်နဲ့ ဖော်ပြကြမှာဖြစ်ပါတယ်။ လက်ခံရမှာပါပဲ။ ဒါနဲ့ပတ်သက်ပြီး ဒီနေ့ နေပြည်တော်မှာ နိုင်ငံတော်သမ္မတနဲ့ရော၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ပါ တွေ့ဆုံခဲ့ပါတယ်။ အဲဒီအတွက် ကော်မရှင်က ကူညီမယ်လို့ ပြောပါတယ်။ ပြီးတော့ လွှတ်တော်ကလည်း ကော်မရှင်ကို ထောက်ခံပြီးတော့ မဲခွဲဆုံးဖြတ်ခဲ့တာရှိပါတယ်။ ဒါကြောင့်မို့ ဒီပြဿနာကို ထားခဲ့လို့ရပြီလို့ မျှော်လင့်ပါတယ်။ ကျွန်တော်ပြောနိုင်တာကတော့ ကော်မရှင်အနေနဲ့ ရခိုင်အကျိုးစီးပွား မုချထည့်သွင်းစဉ်းစားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပြုတဲ့ အဆိုပြုချက်တွေဟာ အားလုံးအကျိုးကျေးဇူးအတွက် ဖြစ်ရပါမယ်။ ရခိုင်ပြည်နယ်မှာရှိသူတွေအားလုံး မြန်မာတစ်နိုင်ငံလုံး အကျိုးဖြစ်မယ့် အဆိုပြုချက်တွေဖြစ်အောင် ကြိုးစားသွားပါ့မယ်။ အဲဒီအတိုင်းပဲ လုပ်ငန်းတာဝန်ဖြစ်ပါတယ်။ အဲဒီအတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမှာပါ။ အဲဒီတော့ ကော်မရှင်နဲ့ပတ်သက်လို့ တွန့်ဆုတ်နေတဲ့သူတွေရှိပါလိမ့်မယ်။ ကျွန်တော်တို့ဆီကိုလာပြီးဆွေးနွေးဖို့ ဖိတ်ကြားပါတယ်။ ကျွန်တော်တို့တွေအနေနဲ့ကတော့ တတ်နိုင်သလောက် အဖွဲ့များများနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ ဆောင်ရွက်သွားလိုတာဖြစ်ပါတယ်"ဟု ဖြေကြားခဲ့သည်။

ထို့အပြင် ကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်သည် မီဒီယာများမေးမြန်းမှုကို ဆက်လက်ဖြေကြားခဲ့ရာ အရင်ကော်မရှင်ရှိခဲ့တယ်ဆိုတာ သိရှိပါကြောင်း၊ အခုဖွဲ့စည်းလိုက်သည့် ကော်မရှင်က ပြည်တွင်း၊ ပြည်ပရောနှောဖွဲ့စည်းထားသည့် မြန်မာကော်မရှင်အဖွဲ့ဖြစ်ကြောင်း၊ နိုင်ငံခြားသားကဏ္ဍပါဝင်ရုံသာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒီကော်မရှင်က နိုင်ငံတကာက ပါဝင်တာဖြစ်ပေမည့် အကြံပေးရန်သာ ဖြစ်ကြောင်း၊ ဆရာလုပ်ရန်မဟုတ်ကြောင်း၊ နယ်မြေတွင်းသာမက မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း ပိုကောင်းအောင် ဘယ်လိုထိန်းချုပ်သွားနိုင်သည် ဆိုသည့် အပိုင်းတွေလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြံပြုချက်ပေးသည့်အခါမှာလည်း ရခိုင်ပြည်နယ်မှာရှိသည့် အစုအဖွဲ့အားလုံး အထောက်အကူပြုရန် အကူအညီပေးရန်သာဖြစ်ပါကြောင်း၊ တစ်ဖက်ဖက်ကို အာရုံစူးစိုက်ရုံနှင့် မပြေလည်နိုင်ပါကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးကို စုံစမ်းရန်မဟုတ်ကြောင်း၊ လူ့အခွင့်အရေး အစီရင်ခံစာတင်ရန်လည်း မဟုတ်ကြောင်း၊ ကော်မရှင်အနေနှင့် အကြံပြုချက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ အကြံပြုချက်ပေးရာမှာလည်း နှစ်ဖက်တင်းမာမှုများ လျော့ပါးအောင်၊ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်အောင်နှင့် အထောက်အကူပြုမည့် အကြံပြုချက်များပေးနိုင်ရန်မှာ ကော်မရှင်၏ လုပ်ငန်းတာဝန်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ ပြုလုပ်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့၏ ပထမဆုံးအကြိမ် မီဒီယာရှင်းလင်းပွဲသို့ ပြည်တွင်း၊ ပြည်ပမီဒီယာ စာနယ်ဇင်းသမား ၁၀၀ ကျော် တက်ရောက်မေးမြန်းမှုများပြုလုပ်ခဲ့ပြီး မေးမြန်းရာတွင်လည်း အချိန်အားဖြင့် ၂၅ မိနစ်သာရခဲ့သဖြင့် အချို့မီဒီယာများ စိတ်ကျေနပ်မှုမရခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**



ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ မီဒီယာရှင်းလင်းနေစဉ်

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၈**

မီဒီယာများမှ ဝေဖန်အကြံပြုဖော်ပြခဲ့သည့် 'ထင်သာမြင်သာ ပြုပြင်ရန်လိုအပ်လျက်ရှိသည့် ကိစ္စရပ်များ'အား အလေးထားပြုပြင်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် ၂၇ တွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း "ဓာတ်အားမပြတ်တောက်စေဖို့နှင့် ပြည်သူများ ဗို့အားပြည့်ဝတည်ငြိမ်စွာ အသုံးပြုနိုင်ဖို့" အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးထားမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ လုပ်ငန်းပြီးစီးမှုအခြေအနေများ၊ ချောက်မြို့၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာကို ဗဟိုပြု၍ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင် လှုပ်ခတ်ခဲ့မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မကွေးတိုင်းဒေသကြီး ကမ္မမြို့နယ်အတွင်း နေရာလေးနေရာ၌ ရေနံပိုက်အခြေအနေ၊ ဒေသအတွင်းရေနံချက်စက်ဖိုများ ပိုမိုစနစ်ကျစေရန်နှင့်ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ထုတ်ပြန်ကြေညာခဲ့ပြီးသော အမိန့်ကြော်ငြာစာများကို ပိုမိုလက်တွေ့ကျသည့် လိုအပ်ချက်များ ထည့်သွင်းပြင်ဆင်ဆောင်ရွက်မှု အခြေအနေများနှင့်ပတ်သက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က ရှင်းလင်းပြောကြားခဲ့သည်။

ရှင်းလင်းပြောကြားချက်များအပေါ် တက်ရောက်လာသော သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း အထွေထွေမန်နေဂျာ ဦးသန့်ဇင်နှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြသူရတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးပန်ကြား

**ရန်ကုန် စက်တင်ဘာ ၈**

ယခု မိုးရာသီကာလအတွင်း မီးသုံးသူပြည်သူများ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရေးအတွက် ရှုပ်ထွေး Service ဝိုင်ယာကြိုးများ ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများဖြင့် လဲလှယ်တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို **"ပြည်သူပါဝင်သော လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက်"** အနေဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အပတ်စဉ်စနေ ၊ တနင်္ဂနွေနေ့တိုင်းဆောင်ရွက်လျက်ရှိသည်။

၁၀-၉-၂၀၁၆ ရက်တွင် ဒဂုံအရှေ့၊ ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း၊ မြောက်ဥက္ကလာ၊ သဃ်္ဃန်းကျွန်း၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ လသာ၊ အလုံ၊ စမ်းချောင်း၊ လှိုင်၊ ကမာရွတ်၊ မရမ်းကုန်း၊ သန်လျင်၊ ကျောက်တန်း၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ခရမ်း၊ သုံးခွ၊ ကျိုက်ထော်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ မြောင်းတကာ၊ လှည်းကူး၊ ဖောင်ကြီး၊ ထန်းတပင်၊ အဖျောက်၊ အင်းတိုင်မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက်၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

၁၁-၉-၂၀၁၆ ရက်တွင် ဒဂုံမြောက်၊ သဃ်္ဃန်းကျွန်း၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ထောက်ကြန့်၊ တိုက်ကြီး၊ ဥက္ကံမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းတွင် လည်းကောင်း၊ ၂၃၀ ကေဗွီ သာကေတပင်မဓာတ်အားခွဲရုံ ထိန်းပြင်လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ သာကေတနှင့်ဒေါပုံမြို့နယ်များ၏ ရပ်ကွက်အချို့တို့တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ အတွင်းတွင် လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီ အတွင်းတွင်လည်းကောင်း ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ယခုဖော်ပြပါရှိသော မြို့နယ်များ၏ ရပ်ကွက်အချို့ နေရာအချို့တို့တွင်သာ အချိန်ပိုင်း ဓာတ်အားပြတ်တောက်မည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုး မဟုတ်ပါကြောင်းနှင့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူထံသို့ အသိပေး ပန်ကြားထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး ၊ ကချင်ပြည်နယ် ၊ရှမ်းပြည်နယ်မြောက်ပိုင်း နှင့်အရှေ့ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မိုး/ဇလ)**

# (၇၇)နှစ်မြောက် ဆရာတော်ဦးဉတ္တမနေ့ စည်ကားစွာကျင်းပမည်

**ပုဏ္ဏားကျွန်း စက်တင်ဘာ ၈**

စက်တင်ဘာ ၉ရက်နေ့တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ဆရာတော် ဦးဉတ္တမနေ့ အခမ်းအနားကို ပုဏ္ဏားကျွန်းမြို့ လောကမာရဇိန်ဘုရားကြီး သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ဆောင်ရွက်နေကြောင်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၏ ပြောပြချက်အရ သိရသည်။

ဆရာတော်ဦးဉတ္တမနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းမေးခွန်းလွှာ ပြိုင်ပွဲများနှင့် စက်တင်ဘာ ၉ ရက် အခမ်းအနားကျရောက်သောနေ့တွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ လွမ်းသူ့ပန်းခွေများချခြင်း၊ နာမည်ကျော်ရခိုင် စာရေးဆရာကြီးများက စာပေဟောပြောပွဲကျင်းပခြင်း စသည်တို့ဖြင့် နံနက် ၈ နာရီမှ ညနေ ၃ နာရီထိ တစ်နေကုန်ပြပွဲ၊ ပြိုင်ပွဲများဖြင့် စည်ကားစွာကျင်းပသွားမည်ဖြစ်သည်။

ဆရာတော်ဦးဉတ္တမကို ၁၈၇၉ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့၌ စစ်တွေမြို့ရူပ မြောက်ရပ်ကွက်တွင် (ဘ) ဦးမြသာဦးနှင့် (မိခင်)ဒေါ်အောင်ကြွဖြူတို့မှ မွေးဖွားခဲ့ပြီး ငယ်အမည်မှာ ပေါ်ထွန်းအောင်ဖြစ်သည်။ အသက် ၁၆ နှစ်အရွယ်တွင် စစ်တွေမြို့ ရွှေစေတီကျောင်း၌ ရှင်သာမဏေအဖြစ်ခံယူပြီး လောကီလောကုတ္တရာစာပေများကို ဆည်းပူးလေ့လာခဲ့ရာ ၁၉၀၈ ခုနှစ်တွင် အင်္ဂလိပ် ၁၀ တန်းကို ဖြေဆိုအောင်မြင်ခဲ့သည်။

ဆရာတော်သည် အင်္ဂလိပ်၊ ပါဠိ၊ နာဂရီ၊ သက္ကဋ၊ တိဗက်၊ ပြင်သစ်၊ ဂျပန်စသည့်ဘာသာစကားများကို ကျွမ်းကျင်စွာပြောနိုင်သူဖြစ်သည့်အပြင် အိန္ဒိယ၊ အီဂျစ်၊ ပြင်သစ်၊ ဂျပန်နိုင်ငံ များသို့သွားရောက်ပညာဆည်းပူးကာ တရုတ်၊ ကိုရီးယား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်း၊ သီရိလင်္ကာ၊ အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့လည်း သွားရောက်ခဲ့သူဖြစ်သည်။

ဆရာတော်သည် မြန်မာ့လွတ်လပ်ရေး တိုက်ပွဲဝင်သူရဲကောင်းများထဲမှ အစောဆုံး နိုင်ငံရေးမျက်စိဖွင့်ပေးခဲ့သူဖြစ်ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။

အင်္ဂလိပ်မျက်နှာဖြူများအား မော့၍ပင် မကြည့်ဝံ့သောအချိန်မှာ ဘုရင်ခံကရက်ဒေါက်အား ထွက်သွားဟု ရဲရဲတောက်ပြောခဲ့ခြင်းဖြင့် ပြည်သူတို့၏ ဇာတိသွေးဇာတိမာန်ကို နိုးကြားစေခဲ့သည်။ တော်လှန်ရေးကာလတစ်လျှောက် ၁၉၂၂ တွင် မအူပင်ထောင်၌ သုံးနှစ်၊ ၁၉၂၅ တွင် ရန်ကုန်ထောင်၌ သုံးနှစ်နှင့် ၁၉၂၈ခုနှစ်တွင် ကျိုက်ထို၌ အဖမ်းခံရပြီးထောင်ဒဏ်များ အသီးသီးကျခံရင်း တော်လှန်ရေးတရားများဟောပြောကာ ၁၉၃၉ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ပျံလွန်တော်မူခဲ့သည်။

မြန်မာ့လွတ်လပ်ရေး မီးရှူးတန်ဆောင်အဖြစ် သမိုင်းဝင်သမိုင်းတွင်သော အာရှနေဝန်းဆရာတော်ဦးဉတ္တမ၏မျိုးချစ်စိတ်ဓာတ်များကို မျိုးဆက်သစ်လူငယ်များ အားကျအတုယူနိုင်ကြစေရန်ရည်ရွယ်၍ (၇၇) နှစ်မြောက် ဆရာတော် ဦးဉတ္တမနေ့ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြီ)**

# သစ်တောလုံခြုံရေးရဲတပ်ဖွဲ့များ တိုးမြှင့်ချထား



**ပြည် စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ သစ်များဖမ်းဆီးရမိမှုများတွင် ပြည်သူလူထုမှပူးပေါင်းပါဝင်မှုများလည်းရှိလာပြီး သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ကိုလည်း စက်တင်ဘာ ၁ ရက်မှစတင်ထားရှိပေးပြီးဖြစ်ကြောင်း ပြည်ခရိုင်သစ်တောရုံးမှ သိရသည်။

ပြည်ခရိုင်အတွင်း ဧပြီ ၁ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ကျွန်း ၁၄၂ ဒသမ ၂၀၉၂တန်၊ သစ်မာ ၇၄ ဒသမ ၇၅၁၉ တန်၊ အခြားသား ၆၇ ဒသမ ၃၂၁၀ တန် စုစုပေါင်း ၂၈၄ဒသမ ၂၈၂၁ တန်နှင့် ကားခြောက်စီး၊ သစ်ခွဲအင်ဂျင်လေးလုံး၊ လှည်းတစ်စီး၊ နွားနှစ်ကောင်၊ မီးသွေး ၁၀ ဒသမ ၂၄ တန်၊ လွှဝိုင်းသုံးဝိုင်း၊ ချိန်းဆောတစ်လက်၊ ကျွန်းတံခါးရွက် ၅၇ ချပ် ၁ဒသမ ၇၆၇ ကုဗတန်တို့ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်သစ်များအား ဖမ်းဆီးရမိမှုများ၌ ပြည်ခရိုင်အတွင်းမှ သစ်များသာမက နယ်လွန်သစ်များလည်းပါဝင်ပြီး သစ်တောဝန်ထမ်းများအနေဖြင့် တရားမဝင်သစ်များဖမ်းဆီးရာတွင် ပြန်လည်ခုခံခြင်းနှင့် အခြားသောအန္တရာယ်များပါကြုံတွေ့ကြရသောဖြစ်စဉ်များ မကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်နေ့မှစတင်၍ သစ်တောဝန်ထမ်းများကို အကာအကွယ်ပေးနိုင်ရန် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များကို တွဲဖက်တာဝန်ပေးထားပြီဖြစ်သည်။ ယင်းသစ်တောလုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်းဒေသကြီးနှင့် ခရိုင်ပြည်နယ်အစပ်ရှိ ရခိုင်ရိုးမပေါ်တွင်ထားရှိပြီး Mobile အစီအစဉ်ဖြင့် သတင်းရသည့်နေရာများအား ရွှေ့ခိုင်းမည်ဖြစ်ကြောင်း၊ ခရိုင်အစီအစဉ်ဖြင့် ယင်းတပ်ဖွဲ့များနှင့်အတူ သစ်ခိုးထုတ်ခြင်းများမပြုလုပ်စေရန် ဟောပြောစည်းရုံးမှုများလည်း ပြုလုပ်သွားမည်ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့်လည်း ယခုထက်ပိုပြီးပူးပေါင်းပါဝင်စေလိုကြောင်း ပြည်ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်ဦးက ပြောကြားသည်။ **ကိုလွင်(ဆွာ)**

# သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘားအံ စက်တင်ဘာ ၈**

ကရင်ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုဘဝလိုအပ်ချက်တစ်ခုအပါအဝင်ဖြစ်သော ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ၊ ပြည်တွင်းပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီများနှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာတွင် သောက်သုံးရေပေးဝေရေး ဆောင်ရွက်ပေးထားမှုနှင့် ထပ်မံလိုအပ်ချက်များရှိပါက ဆောင်ရွက်ပေးနိုင်ရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၂၅ ရွာတွင် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၉၄၃ ဒသမ ၅၂ သန်းဖြင့် တွင်းတိမ် ၃၂ တွင်း၊ တွင်းနက် ၂၄ တွင်း၊ လက်တူးတွင်း ၅၁ တွင်း၊ မြေသားရေကန်သုံးကန်နှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၅ ခုအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ရွာတွင် တွင်းတိမ်ခြောက်တွင်း၊ တွင်းနက်သုံးတွင်းနှင့် လက်တူးတွင်း ခြောက်တွင်း တူးဖော်ဆောင်ရွက်ထားရှိမှုတွင် ကရုမ်းကျေးရွာ မဲသလွတ်၊ ကတိုင်းတောကျေးရွာ စက်ရေတွင်း တူးဖော်ထားရှိမှုတွင် ရေအရည်အသွေး၊ ရေထွက်ရှိမှုနှုန်းများနှင့် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် ပြည်နယ်ကျေးလက်ဦးစီးမှူး ဦးနေဦးတို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ရဲနွယ်ဆည် ရေပိုလွှဲအနီး နေထိုင်သူများ ရွှေ့ပြောင်းနိုင်ရေး ဆောင်ရွက်

**ကျောက်တံခါး စက်တင်ဘာ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စုအတွင်းရှိ ရဲနွယ်ဆည် ရေအားလျှပ်စစ်ထုတ်လုပ်ရေးရေလှောင်တမံ၏ အမှတ်(၁) ရေပိုလွှဲတမံအနီး၌ သတ်မှတ်ရေမှတ်တစ်ပေခန့်သာလိုတော့သည်ဖြစ်၍ သဲဝါချောင်းနံဘေးအနီး နေထိုင်ကြသော တဲအိမ်ပေါင်း ၃၀ ခန့်မှ ပြည်သူများအား ရေဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် လက်ရှိနေထိုင်သူများဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်နိုင်ရေး စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီက လိုက်လံအသိပေးပြောကြားခဲ့ကြောင်း သိရသည်။

ထိုသို့လိုက်လံအသိပေးပြောကြားရာ၌ မြို့ချောင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်၊ ရဲနွယ်ဆည်မှ ဆည်မြောင်းတာဝန်ခံ SAE ဦးမြတ်ဇော်မောင်နှင့်ဝန်ထမ်းများ၊ ရဲနွယ်ဆည်လုံခြုံရေးတာဝန်ကျ တပ်ကြပ်ကြီးတင်ဝင်းနှင့်တပ်ဖွဲ့ဝင်များက စက်လှေများဖြင့်သွားရောက်ကာ ရေပိုလွှဲသဲဝါချောင်းအနီးနေထိုင်သူများအား ရေဘေးအန္တရာယ်မှကင်းဝေးနိုင်ရေး လိုက်လံအသိပေးပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**


## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ စိုင်ကောင်း အထက တက္ကသိုလ်ဝင်တန်း (ခ) မှ မောင်ကျော်ရှိန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်း ၈/နမန(နိုင်)၀၂၇၂၁၉ ဖြစ်ပါကြောင်း။

ဦးကျော်ဆန်း ၈/နမန(နိုင်)၀၂၇၂၁၉

## အမျှားသိစေရန် ကြေညာချက်

သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ (၁၀)လမ်းအနောက်၊ အမှတ် ၉၂၂/က ရှိ အိမ်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ၂၃-၁၀-၂၀၀၅ရက်တွင် ဒေါ်သန်းခင်ထံမှ ဒေါ်ဝင်းမြင့်က နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ် ကတိစာချုပ်များဖြင့် တရားဝင်ဝယ်ယူ လက်ရောက်ရရှိပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အမျှားသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းမြင့်
၉/စကန(နိုင်)၀၀၂၁၉၄

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လာဘို့-မင်းကင်းလမ်းပေါ်ရှိ ယင်းသွင်တံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော 420'-0" Double Single(D/S)Compact-200(Steel Deck Extra Wide Bailey)တံတားနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ဒုတိယအကြိမ် တင်ဒါခေါ်ယူပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၉-၉-၂၀၁၆ ရက်

၃။ **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၃-၉-၂၀၁၆ ရက်

၄။ **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

၅။ တင်ဒါလျှောက်လွှာနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်လိပ်စာ**
**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**လမ်းဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး**
**မုံရွာမြို့**
**ဖုန်း-၀၇၁-၂၂၅၄၁၊ ၀၇၁-၂၃၇၆၄**

## နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

**(၂၀၁၆-၂၀၁၇) အထူးဝန်ဆောင်မှု အထူးဈေးနှုန်း အစီအစဉ်သစ်**

(၉) သိန်း→(၈)ရက်ခရီး-သံဝေဇနီယ(၄)ဌာန+အဝိဇဟိတသုံးဌာန(အိန္ဒိယ+နီပေါ)Hotel-2Days

(၉.၅)သိန်း→(၁၂)ရက်ခရီး-သံဝေဇနီယ(၄)ဌာန+အဝိဇဟိတသုံးဌာန(အိန္ဒိယ+နီပေါ) Hotel-3Days

(၁၀.၅)သိန်း→(၁၅)ရက်ခရီး-သံဝေဇနီယ(၄)ဌာန+အဝိဇဟိတ(၄)ဌာန+နယူးဒေလီ၊တပ်ချ်မဟာ Hotel-5Days

(၁၁)သိန်း စရိတ်ငြိမ်း→(၁၅)ရက်ခရီး-သံဝေဇနီယ(၄)ဌာန+အဝိဇဟိတ(၄)ဌာန+နယူးဒေလီ၊တပ်ချ်မဟာ+(ကိုလ်ကတ္တား+Shopping+သိပ္ပံကမ္ဘာ+ဝိတိုရိယဘုရင်မပြတိုက်) Hotel-4Days

**ဩဂုတ်လ နှင့် စက်တင်ဘာလ အတွင်း စရံငွေ (၂)သိန်းပေးသွင်းသူများကို**

(၁၂)ဦး စုစည်းလိုက်ပါလျှင် (၁)ဦး အခမဲ့ ပို့ဆောင် ပေးပါမည်။
(၅)ဦး စုစည်းလိုက်ပါလျှင် (၁)ဦး ၂ သောင်း လျှော့ ပေးပါမည်။
(၁၀)ဦး စုစည်းလိုက်ပါလျှင် (၁)ဦး ၄ သောင်းလျှော့ ပေးပါမည်။

ခရီးသွားဘုရားဖူးရာသီချိန်အမှီ (၂)လ ကြိုတင် စာရင်းပေးသွင်း မှ စိတ်ချရမယ်နော်

ခရီးစဉ်အတွင်း လစ်ဟာမှုမရှိ ပြည့်စုံသော ဝန်ဆောင်မှုဖြင့် နီလာမှ ဆောင်ရွက်ပေးပါမည်။

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။

အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ ကံသာအောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ်(က-၀၀၇၀)တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ဖြိုးဇော်၏ ဖခင်အမည်မှန်မှာ ဦးဖိုးဇော်(ခ)ဦးမိုးဝင်းဇော် ၉/မခန(နိုင်)၁၈၀၆၀၃ဖြစ်ပါကြောင်း။ **ဦးမိုးဝင်းဇော်**

## ဖခင်အမည်မှန်

မြင်းခြံမြို့၊ ကံသာအောင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ်(က-၀၃၄၃) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ဘုန်းခန့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းဝင်းကျော် ၉/မခန(နိုင်)၁၄၂၂၁၉ ဖြစ်ပါကြောင်း။ **ဦးဝင်းဝင်းကျော်**

## ဖခင်အမည်မှန်

မြင်းခြံမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(E)မှ မနှင်းဝတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးလင်းလင်းဦး ၉/မခန(နိုင်)၂၄၂၄၅၂ ဖြစ်ပါကြောင်း။

**ဦးလင်းလင်းဦး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်း အထက တက္ကသိုလ်ဝင်တန်းမှ မသူဇာသိမ့်၊ န၀မတန်းမှ မောင်ဇော်လင်းဦး၊ ပဥ္စမတန်းမှ မောင်ချစ်ပိုင်ဦး၏ဖခင်အမည်မှန်မှာ ဦးတင်မြင့် ၈/စလန(နိုင်)၁၅၉၈၀၉၈ ဖြစ်ပါသည်။ **ဦးတင်မြင့်**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မရွှေစင်ဦး၏ အမည်မှန်မှာ မရွှေဇင်ဦး ၈/စလန(နိုင်) ၁၉၃၇၉၂ ဖြစ်ပါသည်။ **မရွှေဇင်ဦး**

## အမည်မှန်

အင်းရှည်ကျေးရွာအုပ်စု၊ ညောင်ကုန်းကျေးရွာနေ နဘူးအထက အဋ္ဌမတန်း (A) မှ နော်စံပယ်မြင့်၏အမည်မှန်မှာ မစိန်မြင့်ဖြစ်ပြီး ဖခင်အမည်မှန်မှာ မောင်ဘမြိုင် ၃/ကကရ(နိုင်)၁၄၃၄၄၁ ဖြစ်ပါကြောင်း။

**မစိန်မြင့်**
**မောင်ဘမြိုင်**

## မိဘအမည်မှန်

သထုံမြို့နယ်၊ အထက (ခွဲ)၊ ညောင်ချောင်း အဋ္ဌမတန်း (B) မှ မရီရီဌေး၏ မိဘအမည်မှန်မှာ ဦးစောဝင်းအောင် ၃/ကကရ(နိုင်)၀၉၆၀၀၇ နှင့် ဒေါ်မြသန်းအေး ၁၀/သထန(နိုင်)၁၆၆၆၉၂ ဖြစ်ကြောင်း။**ဦးစောဝင်းအောင်-ဒေါ်မြသန်းအေး**

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက (ခွဲ)၊ ညောင်ချောင်း၊ တက္ကသိုလ်ဝင်တန်း (A) မှ မမေသဇင်စိုး၏ မိခင်အမည်မှန်မှာ ဒေါ်မနီ ၁၀/သထန(နိုင်)၁၈၇၈၅၃ ဖြစ်ကြောင်း။ **ဒေါ်မနီ**

**၁၀/သထန(နိုင်)၁၈၇၈၅၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း($S_2$)မှ မောင်ညီညီ (က- ၂၄၂၄)၏ဖခင်ဦးကျော်ဝင်း(ခ) ဦးဝင်းမောင် ၉/တကန(နိုင်)၀၉၃၅၇၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း(ခ)ဦးဝင်းမောင်**

## မှတ်ပုံတင်အမှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းခုံအမှတ် (ဆရက-၉၅)ဖြင့် ဖြေဆိုအောင်မြင်ခဲ့သည့် မအိမ့်မြတ်နိုးအောင် ၁၂/ဥကတ(နိုင်)၁၈၉၁၀၁၏ဖခင် ဦးဝင်းအောင်၏ မှတ်ပုံတင်အမှန်မှာ ၁၂/ဥကတ(နိုင်)၀၅၅၇၁၈ဖြစ်ပြီး၊ မိခင် ဒေါ်ဒေါ်နန်းနှင့် ဒေါ်ခိုင်သင်းမေ ၁၃/ဟပတ(နိုင်)၀၁၂၃၃၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြင်းခြံမြို့ အထက(၄) တက္ကသိုလ်ဝင်တန်း(E)မှ မဇင်မာလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြကျန် ၉/မခန(နိုင်)၀၉၄၄၅၉ ဖြစ်ပါကြောင်း။

**ဦးမြကျန်**

# ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်တွင် ရွှေဆွဲကြိုးဖြတ်ပြေးသူအား ဖမ်းဆီးမိ

**ပျဉ်းမနား စက်တင်ဘာ ၈**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာရှမ်းကန်၌ စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက မင်္ဂလာရှမ်းကန်ထိုင်ခုံပေါ်တွင် စကားပြောနေသော သမီးရည်းစားစုံတွဲထံမှ ရွှေဆွဲကြိုးဖြတ်ယူ ထွက်ပြေးမှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ပျဉ်းမနားမြို့နေသူ သမီးရည်းစားနှစ်ဦး မင်္ဂလာရှမ်းကန်အနောက်ဘက်စည်ပင်ရုံးအနီးထိုင်ခုံ၌ စကားပြောနေစဉ် အရက်သေစာသောက်စားထားသော အမည်မသိလူနှစ်ဦးမှာ အနီးသို့ရောက်လာပြီး ခုံ၌ထိုင်နေသူအမျိုးသားထံမှ ပိုက်ဆံတောင်းသဖြင့် ငွေကျပ် ၄၀၀ အားပေးလိုက်သည်။

ထိုငွေကျပ် ၄၀၀ ပေးမှုအပေါ် မကျေနပ်ကြောင်းပြောဆိုကာ ငွေကျပ် ၂၀၀၀၀ ပေးရမည်ဟုပြောသောကြောင့် ထိုင်နေသည့် သမီးရည်းစားစုံတွဲမှ ငွေမပါကြောင်းပြန်ပြောစဉ် အဆိုပါအရက်သေစာမူးယစ်နေသူနှစ်ဦးမှာ ထိုင်ခုံ၌ထိုင်နေသူ သမီးရည်းစား စုံတွဲအမျိုးသားဝတ်ဆင်ထားသော ဆွဲကြိုးအား ဖြတ်ပြေးကြသည်။

၎င်းတို့နှစ်ဦး ရွှေဆွဲကြိုးဖြတ်ပြေးသွားသောကြောင့် အနီးအနားရှိသူများအား အကူအညီတောင်းပြီး ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့သဖြင့် အခင်းဖြစ်ပွားရာသို့ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုတိယရဲမှူးတင်ဌေးနှင့်တပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး စည်ပင်မှဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ပူးပေါင်းကာ လိုက်လံဖမ်းဆီးကြရာ ရွှေဆွဲကြိုးဖြတ်ပြေးသူ ကျော်ကျော်ဦး(ခ) ကြက်ကုလား (၁၉ နှစ်)အား မင်္ဂလာရှမ်းကန် အရှေ့ဘက်လမ်းဘေး၌ ဖမ်းဆီးရမိပြီး သံကြိုးပုံရွှေဆွဲကြိုးအပြတ် သုံးပိုင်းအား ပြန်လည်ရရှိခဲ့သည်။

အဆိုပါ ရွှေဆွဲကြိုး လုယက်ထွက်ပြေးကြသူများဖြစ်သော ကျော်ကျော်ဦး (ခ) ကြက်ကုလားနှင့် ထွက်ပြေးတိမ်းရှောင်သွားသူ သန့်ဇင်ထူးတို့အား အရေးယူပေးရန် အမျိုးသားက ပျဉ်းမနားမြို့မရဲစခန်းသို့ တိုင်ကြားထားကြောင်း သိရသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**



# ကျွန်းတံခါးချပ်ဆိုဒ်စုံ ၆၈ ချပ် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**အင်းတော် စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် စီဖိန်းကျေးရွာ၏တောင်ဘက် ရွှေဘို-မြစ်ကြီးနားကားလမ်း၏ အရှေ့ဘက်တောအတွင်းမှ တရားမဝင် ကျွန်းတံခါးချပ်ဆိုဒ်စုံ ၆၈ ချပ်အား ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိသည်။

အဆိုပါ ကျွန်းတံခါးဆိုဒ်စုံများအား စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီခွဲက ကသာခရိုင် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဝင်းတင့်နှင့်အဖွဲ့၊ မော်လူးသစ်တော ဘိနယ်ရုံးမှ တောအုပ်ဦးစိန်သန်း၊ ကသာသစ်တောလုံခြုံရေးတပ်ဖွဲ့မှ ရဲအရာခံ ထွန်းလင်းနှင့်အဖွဲ့၊ စီးမော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းတန်၊ ရာအိမ်မှူး ဦးဇော်လင်းထွေးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့မှ သတင်းအရ သွားရောက်ရှာဖွေစဉ် ပိုင်ရှင်မဲ့ တွေ့ရှိ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့သော ကျွန်းတံခါးချပ်ဆိုဒ်စုံ ၆၈ ချပ် ဝ ဒသမ ၆၇၆၀တန်ကာလတန်ဖိုး ငွေကျပ် ၁၀၈၁၆၀ ကို မော်လူးသစ်တောဘိနယ်ရုံးတွင် သယ်ယူ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ ကျော်နှင့် လက်နက်ခဲယမ်းများ ဖမ်းမိ



**မြဝတီ စက်တင်ဘာ ၈**

ကျုံဒိုးနယ်မြေရဲစခန်း မူးယစ်အမှုမှုကွင်းဆက် ပြစ်မှုကျူးလွန်သူ၏ ဝန်ခံချက်အရ ပြစ်မှုကျူးလွန်သူ ဂျင်းမီထံမှ သိမ်းဆည်းရမိထားသော မူးယစ်ဆေးဝါးများမှာ မြဝတီမြို့ အမှတ် (၃) ရပ်ကွက်ရှိ နန်းသန်းသန်းမြင့်ထံမှ ဝယ်ယူထားသော ဆေးပြားများဖြစ်ကြောင်း စစ်ဆေးပေါ် ပေါက်ခဲ့သည်။

ကော့ကရိတ်ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့နှင့် နယ်မြေရဲစခန်းများမှ ပူးပေါင်းအဖွဲ့သည် အမှတ်(၃) ရပ်ကွက် ဗိုလ်မင်းရောင်လမ်းရှိ နန်းသန်းသန်းမြင့်၏နေအိမ်သို့ စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီ ခွဲခန့်က ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၂ ပြား မြန်မာငွေစက္ကူရေရာ ငွေကျပ် ၅၀၀၀၀ သိမ်းဆည်းရမိပြီး ဆက်လက် စစ်ဆေးချက်အရ အမှတ် (၄) ရပ်ကွက်နေ မအေးသွယ်၏နေအိမ်အား ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၃ ပြား သိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါးများနှင့် ပတ်သက်ပြီး မေးမြန်းရာ အမှတ် (၄) ရပ်ကွက်နေ ကိုတရုတ်(ခ) စိုင်းသီဟဆိုသူထံမှ ရရှိကြောင်းသိရ၍ ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၁၂၀၀၊ ဆေးပြားအကြေမှုန့် ၃၅၀ ဂရမ်၊ အိုက်စ် ၁ ကီလို ၁၀၀၀ ဂရမ်ကိုလည်းကောင်း၊ ဒသမ ၃၂ ကျည်ဖြင့် ပစ်ခတ်၍ရသော ခြောက်လုံးပြူးသေနတ်လေးလက်၊ မူးယစ်ဆေးဝါးသယ်ဆောင်ရာတွင် အသုံးပြုသော ယာဉ်အမှတ် 2C/---Toyota အမျိုးအစား လိုင်စင်မဲ့ယာဉ်တစ်စီးတို့ကို တွေ့ရှိရ၍ မူးယစ်ဆေးဝါးများအား တရားမဝင် လက်ဝယ်ဖြန့်ဖြူးရောင်းချသူ သုံးဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# မြစ်ငယ်ဘူတာနှင့် တံခွန်တိုင်ဘူတာအကြား လူတစ်ဦး ရထားတိုက်မိ

**မန္တလေး စက်တင်ဘာ ၈**

စက်တင်ဘာ ၈ ရက် နံနက် ၄ နာရီခွဲတွင် ရန်ကုန်မှထွက်ခွာလာသော အမှတ် (၅) အဆန် ရန်ကုန်-မန္တလေး အမြန်ရထားသည် အမရပူရမြို့နယ် မြစ်ငယ်ဘူတာနှင့် တံခွန်တိုင်ဘူတာအကြား၊ တောင်သမန်ကျေးရွာ အိုးဘိုရပ်ရှိ တံတားအမှတ် (၈၃၀)၊ မိုင်တိုင်အမှတ်(၃၄၉/ ၂၂- ၂၃) ကြား စက်ခေါင်းအမှတ် DF 2075 ရထားစက်ခေါင်းမောင်း ဦးရန်နိုင် မောင်းလာစဉ် ရထားသံလမ်းပေါ်၌ လမ်းလျှောက်နေသူ အမည်မသိ အမျိုးသား တစ်ဦးကို ရထားဖြင့်ပွတ်တိုက်မိ၍ ဒဏ်ရာများရရှိသေဆုံးသဖြင့် အမရပူရဆေးရုံသို့ ပို့ဆောင်ပြီး အမရပူရမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# မအူပင်မြို့နယ် မျှင်ခမွတ်ချောင်းအတွင်း ယာဉ်ငယ်တစ်စီးထိုးကျ၊ လိုက်ပါလာသူ အမျိုးသမီးငါးဦး သေဆုံး

**မအူပင် စက်တင်ဘာ ၈**

မအူပင်မြို့နယ် စွန်သိုက်ကျေးရွာအုပ်စု မအူပင် - မော်ကျွန်းကားလမ်း မိုင်တိုင် (၃/၇) နှင့် (၄/၀)အကြားရှိ ငါးအိမ်တန်းကျေးရွာ မျှင်ခမွတ်ချောင်းအတွင်းသို့ ယနေ့ညနေ ၃ နာရီ မိနစ် ၅၀ က ယာဉ်ငယ်တစ်စီး ထိုးကျပြီး ရေထဲနစ်မြုပ်သွားသဖြင့် ယာဉ်ပေါ်လိုက်ပါလာသူ အမျိုးသမီး ငါးဦးစလုံး ယာဉ်အတွင်း ပိတ်မိသေဆုံးခဲ့ကြောင်း သိရသည်။

မော်ကျွန်းမြို့နယ်ဘက်မှ ယာဉ်မောင်း ကျော်ကိုစန်း (၅၀ နှစ်)၊ (၁၆)လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့နေသူ မောင်းနှင်လာသော 9D/---- SURF ယာဉ်ပေါ်တွင် လိပ်စာတူများဖြစ်သော အောင်ဇင်မင်း (၂၃ နှစ်)နှင့် အမျိုးသမီးငါးဦးတို့သည် ကားမှန်တံခါးများပိတ်၍ လိုက်ပါလာခဲ့ကြရာ အဆိုပါနေရာအရောက် လမ်း၏ ဝဲဘက်ဘေးရှိ အကျယ် ပေ ၃၀၊ အနက် ရှစ်ပေရှိ မျှင်ခမွတ်ချောင်းအတွင်း ထိုးကျပြီး ရေထဲနစ်မြုပ်သွားခဲ့သည်။ **(အောက်ပုံ)** ထိုသို့ဖြစ်ပွားမှုကြောင့် ဒေါ်ခင်စန်း (၆၀ နှစ်)၊ ဒေါ်မော်မော်ထွန်း(၄၄ နှစ်)၊ ဒေါ်ရီရီဆွေ (၅၈ နှစ်)၊ ဒေါ်စောမြ (၅၈ နှစ်) နှင့် မလှလှ (၁၅ နှစ်) တို့ ငါးဦးမှာ အဆိုပါယာဉ်ငယ်ထဲ ပိတ်မိသေဆုံးလျက်တွေ့ရှိရပြီး ယာဉ်မောင်း ကျော်ကိုစန်းတွင် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်ကိုစန်းကို မအူပင်မြို့မရဲစခန်းက ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**သန်းဌေး(ဒလ)**




**Professor Dr. Nyan Lin (အင်္ဂလိပ်စာ - ဦးညဏ်လင်း - ရွှေဘုံသာ)**

**Vis. Prof, PhD(London) MSc.,PGD, I.E.S.O.L(Mastery Level), Adv.Dip.Teaching**

➢ Communication Officer အဖြစ် နိုင်ငံပေါင်း ၃၇ နိုင်ငံသို့ သွားရောက်ဆက်ဆံခဲ့သည့် အတွေ့အကြုံများ
➢ London မြို့တွင် နှစ်ပေါင်း ၁၅နှစ်ကျော်ကြာ နေထိုင်၊ ပညာသင်ယူပြီး ကောလိပ်၊ တက္ကသိုလ်များတွင် ဆရာအဖြစ်၊ Examiner အဖြစ်၊ ကျောင်းအုပ်အဖြစ် စသည့်လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံများဖြင့်........ London, U.K တွင် ပညာတတ်ဂုဏ်ရှိသူများ၊ အရပ်သားများ၊ တစ်မိုးတရံများနှင့် ဆက်ဆံရသည့် ယဉ်ကျေးမှုဓလေ့စရိုက်တို့ကို Received Pronunciation (R.P) ဖြင့် ဆရာကြီးကိုယ်တိုင် ဦးစီးသင်ကြားပေးနေပါသည်။

| Course Name | DAYS | TIME | STARTS | DURATION |
|---|---|---|---|---|
| International English 4 Skills with | | | | |
| Etiquette & Manners Level I & II (A) | Mo,Tu,Th,Fr | 6:30-8:00AM | 12.Sep.16 | 2 Months |
| Level I & II (B) | Mo,Tu,Th,Fr | 6:00-7:30PM | 12.Sep.16 | 2 Months |
| Level I & II (C) | Sat & Sun | 6:30-9:30AM | 18.Sep.16 | 2 Months |
| Level I & II (D) | Sat & Sun | 6:30-8:00AM | 18.Sep.16 | *4 Months* |
| Level I & II (E) | Sat & Sun | 8:00-9:30AM | 18.Sep.16 | *4 Months* |
| Level I & II (F) | Sat & Sun | 3:00-4:30PM | 02.Oct.16 | *4 Months* |
| Level I & II (G) | Sat & Sun | 4:30-6:00PM | 02.Oct.16 | *4 Months* |
| Level I & II (H) | Sat & Sun | 6:00-7:30PM | 18.Sep.16 | *4 Months* |
| Level III | Sat & Sun | 6:30-8:00AM | 02.Oct.16 | *4 Months* |
| International Business English LI (A) | Thu & Fri | 6:30-8:00AM | 16.Sep.16 | 2 Months |
| LI (B) | Sat & Sun | 3:00-4:30PM | 18.Sep.16 | 2 Months |
| LI (C) | Sat & Sun | 6:00-7:30PM | 18.Sep.16 | 2 Months |
| Int.Executive Busi.English for Seniors (A) | Wednesday | 6:30-8:15AM | 14.Sep.16 | 2 Months |
| Int.Executive Busi.English for Seniors (B) | Wednesday | 7:30-9:15PM | 14.Sep.16 | 2 Months |
| English-Myanmar for Foreigners | Wednesday | 6:00-7:30PM | 14.Sep.16 | 2 Months |
| English for Air-Line Staff | Thu & Fri | 6:00-7:30PM | 06.Oct.16 | 2 Months |
| English for Hotel Staff | Mon & Tue | 7:30-9:00PM | 03.Oct.16 | 2 Months |
| English for Travel & Tourism | Mon & Tue | 6:30-8:00AM | 03.Oct.16 | 2 Months |
| Medical English | Sat & Sun | 6:30-8:00AM | 02.Oct.16 | 2 Months |
| Engineering English | Sat & Sun | 8:00-9:30AM | 02.Oct.16 | 2 Months |
| Banking English (English for Banking) | Sat & Sun | 4:30-6:00PM | 18.Sep.16 | 2 Months |
| LCCI / Accounting English LI (A) | Sat & Sun | 8:00-9:30AM | 18.Sep.16 | 2 Months |
| LCCI / Accounting English LI (B) | Sat & Sun | 3:00-4:30PM | 18.Sep.16 | 2 Months |
| Shipping English(Mariners English) | Thu & Fri | 6:30-8:00AM | 16.Sep.16 | 2 Months |

272,1st Flr, Danahlaing Tower(above KBZ )near J-Donut, Pyay Rd, Myaynigone, Yangon
Ph - 09-254 310 945, 09-730 390 50, 09-960 887 004 (အောင်လက်မှတ်များချီးမြှင့်ပေးပါသည်။)

ဂျပန်နိုင်ငံပညာရေးဆိုင်ရာပြပွဲ ၂၀၁၆
ဂျပန်နိုင်ငံ ပညာရေး စနစ်နှင့်အတူသင်၏အနာဂတ်ကိုစတင်လိုက်ပါ
(ပညာသင်ယူခြင်းနှင့်အလုပ်အကိုင်)
ပြပွဲအချိန်: ၈ရက်အောက်တိုဘာ ၂၀၁၆(စနေနေ့)၊၉:၃၀-၁၆:၀၀ (ဖွင့်ချိန် ၉:၀၀)
ပြပွဲနေရာ : Novotel Yangon Max
(အမှတ်၄၅၉၊ပြည်လမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်။)
ဝင်ကြေးအခမဲ့
စာရင်းသွင်းရန်မလို
ပါဝင်မည့်တက္ကသိုလ်များ (၄၈) ခု
National University: 13, Private University: 14, Japanese Language Institutions: 6, Relevant Institutions: 5, Professional Training College: 2, Other Educational Institution: 1, Company: 4, Brochure display and distribution: 3
Study in Japan Fair 2016
စီစဉ်သူ: Okayama University (JAPAN) တွဲဖက်စီစဉ်သူ : Myanmar Association of Japan Alumni(MAJA) ပံ့ပိုးကူညီသူ: Embassy of Japan in Myanmar

**ဖခင်အမည်မှန်**
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ အထက မုံရွေး-ကြေးမုံ တက္ကသိုလ်ဝင်တန်း(S2)မှ မခင်မျိုးသက်နှင့် မင်းရွာ အထက(ခွဲ) ဆဋ္ဌမတန်း(က)မှ မောင်အောင်ချမ်းမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၅/မရန(နိုင်)၀၄၃၁၈၃ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
မုံရွာမြို့နယ်၊ ညောင်ပင်စောက် အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မကျော့ကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဌေး ၅/မရန(နိုင်)၂၃၀၉၀၃ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဌေး**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၇ယ/၆၉၄၃၀၊ Honda Dream, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောသိန်းဌေး ၃/ကကရ(နိုင်)၀၇၁၈၀၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၇ယ/၆၉၄၃၁၊ Dream, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောမျိုးမြင့်အောင် ၃/ကကရ(နိုင်)၀၉၅၃၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၂၂ယ/၅၈၅၉၉ ဟွန်ဒါဒရင်း M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၃/ကကရ(နိုင်)၁၄၅၂၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ကော့ကရိတ်)**

**ကျေးဇူးဆပ်ပါမည်**
ကျွန်တော်များ King General Trading Co.,Ltd. မှ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အမှတ် (1658/1999-2000)သည် ၇-၉-၂၀၁၆ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-
**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၄၅၇၅၈၇၇**
**ဦးဇော်ထက်(မန်နေဂျာ)**

## ဖားကန့်မြို့နယ်၌ လက်နက်ဖြင့် မသင့်မလျော်ပြုမူခဲ့သည့် ရဲအရာရှိအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူ

**နေပြည်တော် စက်တင်ဘာ ၈**

လူမှုကွန်ရက်စာမျက်နှာတွင် ရဲအရာရှိတစ်ဦးက ပြည်သူလူထုအား သေနတ်ဖြင့် မသင့်မလျော်ပြုမူဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် စိစစ်ခဲ့ရာ အဆိုပါ ရဲအရာရှိမှာ ဖားကန့်မြို့နယ် ဆန်ခါစခန်းတွင် တာဝန်ကျနေသည့် အမှတ်(၁၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲအုပ် စိုးဇော်ဇော်ဖြစ်ပြီး စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီခန့်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု မော်ပုံကျေးရွာမှ ရာအိမ်မှူး၏ဖိတ်ကြားချက်အရ ရပ်မိရပ်ဖ အစည်းအဝေးသို့ တက်ရောက်ခဲ့စဉ် ရွာသားများနှင့် စကားများခဲ့ပြီး ၎င်းကိုင်ဆောင်သည့် ခြောက်လုံးပြူးသေနတ်ဖြင့် ရဲကျင့်ဝတ်နှင့်မညီသည့် မသင့်မလျော်ပြုမူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုကဲ့သို့ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အား ကာကွယ်စောင့်ရှောက်ရမည့် ရဲအရာရှိတစ်ဦးအနေဖြင့် ပြည်သူလူထုအပေါ် လက်နက်ဖြင့် မသင့်မလျော်ပြုမူခဲ့သည့်အတွက် ၎င်းရဲအရာရှိအား ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မသင်္ကာသူများအားစစ်ဆေးရာ ဓားဖြင့်ထိုး၍ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ရန်ကုန် စက်တင်ဘာ ၈**

လှည့်ကင်းဆောင်ရွက်နေသော ရဲတပ်ကြပ် နိုင်လင်းထွန်း ဦးဆောင်သည့် ရပ်ကွက်အခြေပြုလုံခြုံရေးအဖွဲ့သည် စက်တင်ဘာ ၇ ရက် နံနက် ၁၂ နာရီ မိနစ် ၂၀ က နဝဒေးအိမ်ရာ ပင်မ ဝင်ပေါက်လမ်းပေါ်တွင် မသင်္ကာဖွယ် လူလေးဦးအား စစ်ဆေးနေစဉ် တစ်ဦးက ဓားဖြင့်ထိုး၍ ထွက်ပြေးသွားရာ ဒုတပ်ကြပ် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားခဲ့သည်။

ယနေ့ ညဉ့်ဦးယံတွင် ရဲတပ်ကြပ်နိုင်လင်းထွန်းဦးစီး၍ ဒုတပ်ကြပ် နှစ်ဦးပါဝင်သောလှည့်ကင်းအဖွဲ့သည် နဝဒေးအိမ်ရာ ပင်မဝင်ပေါက်တွင် ကံထူးအောင် စာတန်းပါ အဝါရောင်အင်္ကျီဝတ်ဆင်ထားသူနှင့်အတူ မသင်္ကာဖွယ်ရာ လူလေးဦးကို စစ်ဆေးနေစဉ် စန်းလင်းအောင် (၃၁ နှစ်)က ဓားဖြင့်ထိုးရာ ဒုတပ်ကြပ်ရဲသီဟ၏ ရင်ညွန့်ကိုထိုးမိပြီး အင်းစိန်ဆေးရုံသို့ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့သည်။

ဓားဖြင့်ထိုး၍ ထွက်ပြေးသွားသော ပြစ်မှုကျူးလွန်သူအား လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ဝင်းလွင်ထွန်း၊ ဒုရဲအုပ်ကျော်ခိုင်သက်တို့ဦးစီးသောအဖွဲ့က နဝဒေးအိမ်ရာ လုံခြုံရေးဝန်ထမ်းများနှင့် ပူးပေါင်းရှာဖွေရာ ရေကူးကန်အနီး၌ ချစ်ရင်ထူး(ခ)ဟန်ရှင်း(၂၀ နှစ်)၊ နေလင်းထွန်း (၃၁ နှစ်)၊ ခိုင်ဇော်ဦး(၂၁ နှစ်) တို့ သုံးဦးကိုဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ ထွက်ဆိုချက်အရ ဓားဖြင့်ထိုး၍ထွက်ပြေးသူ စန်းလင်းအောင် (၃၁ နှစ်) ကိုလည်း နံနက် ၅ နာရီခွဲတွင် ဖမ်းဆီးရမိ၍ မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၁၆၄)



## လှိုင်သာယာ(မီးခွက်ဈေး) ဈေးတန်းမီးလောင်မှုကြောင့် ငွေကျပ် သိန်း ၆၉၀ ဆုံးရှုံး

**ရန်ကုန် စက်တင်ဘာ ၈**

လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမကြီး(မီးခွက်ဈေးလမ်း) ရှိ ဈေးဆိုင်တန်းတွင် စက်တင်ဘာ ၇ ရက် နံက် ၄ နာရီ ၅၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့မှုကြောင့် ငွေကျပ်သိန်း ၆၉၀ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အမှတ်(၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းမပေါ်ရှိ(မီးခွက်ဈေးလမ်း) အိမ်အမှတ်(၁၄/ခ)ငွေခြေသေ့မုန့်မျိုးစုံနှင့် ကုန်စုံဆိုင်အရောင်းဝန်ထမ်းဖြစ်သူ မအေးထွေး(ခ)မအေးဌေးသည် နှစ်ပင်လိမ်ဝိုင်ယာဖြင့် ယာယီသွယ်တန်းထားသောပလပ်ခုံတွင် ပန်ကာပလပ်ခေါင်းကိုဖွင့်ပြီး ညအိပ်စောင့်ဆိုင်းရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် နှစ်ထပ်တိုက်ခြောက်လုံးနှင့် ဆိုင်ခန်းရှစ်ခန်း မီးလောင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်တာနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ အုပ်ချုပ်မှုယာဉ်ငါးစီး၊ အထောက်အကူပြုယာဉ်သုံးစီး၊ ရေသယ်ယာဉ်ငါးစီး၊ မီးသတ်ယာဉ် ၁၅ စီးတို့ဖြင့် Level 2 အဆင့်ဖြင့်ငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ပြီး ၅ နာရီ ၅၃ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးသော်တာက "မီးသတ်ယာဉ်အတွက် ဈေးလမ်းမက ဝင်လမ်း၊ ထွက်လမ်းမကောင်းဘူး။ လှိုင်သာယာမှာက မီးလောင်ရင် မီးသတ်ကားဝင်မရအောင် လူတွေများတယ်။ ကူညီရာမရောက်ဘဲ ပိတ်ဆို့သလိုဖြစ်နေတယ်။ ဆိုင်ခန်းတွေကလည်း လမ်းပေါ်ရောက်နေတယ်။ မီးသတ်ယာဉ်နှစ်စီးသွားလို့ရတဲ့လမ်းဟာ တစ်စီးတည်းကို မနည်းဝင်နေရတယ်။ ဒါကြောင့် မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးမှုတွေကြုံခဲ့ရတာပါ"ဟု ပြောသည်။

ယာယီကယ်ဆယ်ရေးစခန်းဖြစ်သော ခိုင်စပါယ်ဓမ္မာရုံတွင် အိမ်ထောင်စုခြောက်စုအားထားရှိပြီး အဆိုပါမီးလောင်မှုနှင့်ပတ်သက်၍ လှိုင်သာယာမြို့မရဲစခန်းက မအေးထွေး(ခ)မအေးဌေးအား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## မူးယစ်ဆေးဝါးနှင့် လက်နက်သိမ်းဆည်းရမိ

**လှိုင်းဘွဲ့ စက်တင်ဘာ ၈** လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအုပ်စု ထီလုံ-တာပေါင်လမ်းမိုင်တိုင်အမှတ် (၀/၇) တံတား အမှတ် (၄/၁) အနီးတွင် BGF ဇဟိုအကြံပေးကွပ်ကဲရေးအဖွဲ့မှ ဗိုလ်ကြီးဇော်လင်း ဦးဆောင်သော တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ထီလုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စောင့်ဆိုင်းနေစဉ် တာပေါင်ကျေးရွာမှ ထီလုံကျေးရွာဘက်သို့ ယာဉ်မောင်း စောကြံဌေး မောင်းနှင်ပြီး နော်ပြူး(ခ)မမြဝင်းလိုက်ပါသော ယာဉ်အမှတ်၊ BH/---- ယာဉ်အားစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၁၉၉ ပြား အလေးချိန် (၁၉ ဒသမ ၉) ဂရမ်ခန့်နှင့် ခြောက်လုံးပြူးသေနတ်တစ်လက်၊ ကျည် ၁၁ တောင့်၊ ဖုန်းတစ်လုံး၊ မြန်မာငွေကျပ် ၆၀၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့ပြီး ထီလုံနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

CMHL
City Mart Holding Co., Ltd.

Congratulations
to
City Mart Holding's
20th Corporate Anniversary

Wishing Greater Success and Prosperity

MIT
Beyond Innovation
Myanmar Information Technology Pte Ltd

ဥပဒေအတွေး ရေးပါရစေ အပိုင်း(၃၃)

# ဝန်ကြီးဌာနများနှင့် ဥပဒေများ



ဦးဟန်ညွန့်(ဥပဒေ)

**စာရင်း**

သတင်းစာများတွင် ဝန်ကြီးဌာနအလိုက်ကျင့်သုံးဆဲဥပဒေများစာရင်းဖော်ပြထားသည်ကိုဖတ်ရသည်။ ကြိုဆိုအပ်ပါသည်။ ဘာကြောင့်လဲ။

**တာဝန်ခံမှု**

ဘယ်ဝန်ကြီးဌာနက ဘယ်တာဝန်တွေထမ်းဆောင်နေသလဲ။ ဘာကိုတာဝန်ခံရမှာလဲ။ တာဝန်တွေထမ်းဆောင်လျှင် ဘယ်ဥပဒေနှင့် တာဝန်ယူမှာလဲ။ တာဝန်ခံရမည့်ဥပဒေဘာလဲ။ ဘယ်လိုပြဋ္ဌာန်းထားသလဲ။ ကိုယ်တာဝန်ခံရမည့် ကိုယ့်ဌာနအကြောင်း ကိုယ်ဘယ်လောက်သိသလဲ။ ဘယ်လောက်ကျေညက်သလဲ။ တည်ဆဲ၊ ကျင့်သုံးဆဲဥပဒေမည်မျှရှိသလဲ။

**လက်တွေ့**

လက်တွေ့ကျင့်သုံးကြည့်သောအခါ ဘယ်လိုအခက်အခဲတွေရှိသလဲ။ အဆိုပါအခက်အခဲတွေကို ဘယ်လိုရှင်းမလဲ။ သိရဲ့လား။ သိအောင်ရော ကြိုးစားရဲ့လား။ ဘယ်သူတာဝန်ယူသလဲ။ ဘယ်လိုလေ့လာမလဲ။ ဘယ်လိုဖြန့်ဝေမလဲ။ ဘယ်လိုပြန့်ပွားမလဲ။ ဘယ်ပေတံနှင့်တိုင်းမည်လဲ။ အကျိုးအပြစ်ဘာလဲ။

**ဝန်ထုပ်ဝန်ပိုး**

ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသလား။ အခက်အခဲဖြစ်နေသလား။ ဥပဒေက တခြား၊ လက်တွေ့ဘဝက တခြား။ စာအုပ်ထဲမှာ အကောင်းစား။ ပြင်ပမှာ ဒုက္ခပင်လယ်ဝေ။ ဘယ်လိုနေသလဲ။ တွေးမိသလား။ စဉ်းစားမိသလား။ သတိထားမိသလား။ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ အမှန်အတိုင်းမြင်သလား။ ဖုံးဖုံးဖိဖိလား။

**ဥပဒေတွေကများလှသည်**

မြန်မာပြည်မှာ ဥပဒေတွေကများလှသည်။ စိတ်မှန်းနှင့် ပြောနေခြင်းလား။ ဝါးလုံးရှည်နှင့် လျှောက်ရမ်းနေတာလား။ စာရင်းအတိအကျ သိသလား။ ဥပဒေစာရင်း မထုတ်ပြန်နိုင်ဘူး။ **ထိပ်တန်းလျှို့ဝှက်**ဟု ပြောသူတွေရှိနေဆဲလား။ လူတိုင်း (ပြည်သူတိုင်း) မသိသင့်ဘူးလား။ မသိအောင် ဝှက်ထားရမည်လား။ သိမှ၊ တတ်မှ၊ နားလည်မှ ဥပဒေ၏အာနိသင်ပီပြင်မည် မဟုတ်လား။ ဥပဒေစာကြည့်တိုက် (မှန်ဗီရို) တွေမှာ သော့ခတ်၍အလှထားဆဲလား။ တကယ်ဖတ်ရှုရမည့်သူတွေကို ပေး၍မဖတ်ဘူးလား။ **"ကြောက်စရာဥပဒေ"**ဟု ပြည်သူကြောက်အောင် ခြောက်လှန့်ဦးမည်လား။ ပြည်သူလိုက်နာဖို့၊ တရားဥပဒေစောင့်ထိန်းဖို့၊ ပြည်သူသိဖို့ အဓိကကျတယ် မဟုတ်လား။ ဘာကြောင့် ဖုံးကွယ်ထားသလဲ။

**ကျင့်သုံးဆဲဥပဒေများ**

ယနေ့ချိန်ခါမှာ ဝန်ကြီးဌာနအလိုက် ကျင့်ဆုံးဆဲဥပဒေများစာရင်း ဖော်ပြသည်။ ကြေညာသည်။ အသိပေးသည်။ မြန်မာပြည်မှာ တည်ဆဲဥပဒေပေါင်း **၉၁၇** ရှိသည်။ ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ **၃၉၇** ရှိသည်။ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်ကလည်း အတည်ပြုမှတ်တမ်းတင်ပြီးပြီ။ ဥပမာကောက်နုတ် တင်ပြပါရစေ။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက စီမံခန့်ခွဲသော ဥပဒေများစာရင်းတွင် ဥပဒေစုစုပေါင်း **၅၂** ရှိသည်။ အင်္ဂလိပ်ဘာသာဖြင့် **၄၃**၊ မြန်မာဘာသာဖြင့် **၉** ဖြစ်သည်။

**ဘာသာပြန်ဆိုရေး**

အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေများ များသည်။ မြန်မာဘာသာပြန်ဖို့၊ တရားဝင်ဘာသာပြန်ဖြစ်ဖို့ လုပ်ကြရဦးမည်။ မြန်မာဘာသာဖြင့်ပြဋ္ဌာန်းပြီးဥပဒေများကို အင်္ဂလိပ်ဘာသာပြန်ဖို့လည်း၊ လုပ်ကြရဦးမည်။ **"ဘာသာပြန်ကော်မရှင်"** လည်းရှိပြီးမို့၊ တာဝန်ကျေစွာထမ်းဆောင်နိုင်မည် မျှော်လင့်သည်။ အလုပ်တွေက စောင့်နေပြီ။

**ဝန်ကြီးဌာနများစုစည်းသွား**

သာသနာရေးနှင့် ယဉ်ကျေးမှုပေါင်းသွားသည်။ ဝန်ကြီးဌာနတစ်ခုတည်းဖြစ်သွားသည်။ ထို့အတူစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလည်း စုပေါင်းဖွဲ့ပြီး ဖြစ်သွားသည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်၊ ကျန်းမာရေးနှင့်အားကစား စသည်စသည် ဖြစ်သည်။ အစိုးရသစ်လက်ထက်၊ ဝန်ကြီးဌာနအသစ်များဟု ဆိုနိုင်သည်။ စုစည်းပြီး၊ သတ်မှတ်ပြီးဝန်ကြီးဌာနများ၏ ကျင့်သုံးဆဲဥပဒေများစာရင်းကို တိတိကျကျသိမှသာ လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူမည်။ ခွဲခြားမရတာ၊ ပူးပေါင်းနေတာ၊ ဆက်စပ်လုပ်စရာတွေ၊ လက်တွေ့မှာထပ်ပြီး ပေါ်လာနိုင်သေးသည်။ ဝန်ကြီးဌာနများ၏ အတွေ့အကြုံများက သက်သေခံပါလိမ့်မည်။ ညှိနှိုင်းလုပ်လျှင် အခက်အခဲမရှိနိုင်။ လုပ်ပိုင်ခွင့်ထပ်နေလျှင် ဘယ်လိုပြင်မည်လဲ။

**ပြင်စရာများရှိမည်လား**

ဥပဒေကြမ်းကော်မတီများ၏ တာဝန်၊ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ တာဝန်များမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဥပဒေပညာရှင်များ၊ လေ့လာသူများ၊ စိတ်ပါဝင်စားသူများအားလုံးက ကျင့်သုံးဆဲဥပဒေများစာရင်းကို သုံးသပ်နိုင်ကြမည်။ လေ့လာနိုင်ကြမည်။ ကျင့်သုံးဆဲဥပဒေများအပေါ် မည်သို့အကြံပြုလိုပါသလဲ။ ဝန်ကြီးဌာနအလိုက် ဆွေးနွေးပွဲများ၊ သုံးသပ်ပွဲများ၊ ဥပဒေပညာရှင်များ၏ အကြံပြုချက်များ၊ နည်းဥပဒေများ၏ ဆက်စပ်ပတ်သက်မှု၊ ထပ်မံဆောင်ရွက်စရာရှိ/မရှိ စသည်များစဉ်းစားနိုင်မည်။ လက်စွဲစာစောင်များ၊ စာအုပ်များ ထုတ်ဝေနိုင်မည်။ ဥပဒေပြဋ္ဌာန်းချက်များ လေ့လာနိုင်မည်။

**ခေတ်အဆက်ဆက်ဥပဒေပေါင်းချုပ်**

လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့တိုင်ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့သည်။ ခေတ်အလိုက်ပြဋ္ဌာန်းဥပဒေများ ရှိသည်။ ပါလီမန်ခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ တပ်မတော်အစိုးရခေတ်၊ ပြည်သူ့လွှတ်တော်ခေတ်စသည်ဖြင့် ဥပဒေများပေါင်းချုပ် မကြွင်းမကျန်ရအောင် စုစည်းသင့်သည်။ တရားဝင်ထုတ်ဝေသင့်သည်။ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က တရားဝင်ထုတ်ဝေသော ဥပဒေပေါင်းချုပ်စာအုပ်များမှာ အားကိုးရသည်။ တရားဝင်ကိုးကားနိုင်သည်။ ရည်ညွှန်းနိုင်သည်။ လုံလုံလောက်လောက် ထုတ်ဝေဖို့တော့ လိုမည်။

**ပုဂ္ဂလိက ဥပဒေစာအုပ်များ**

နိုင်ငံတော်က တရားဝင်စိစစ်ပြီးမှ အချိန်ယူ၍ထုတ်ဝေသော ဥပဒေစာအုပ်များသည် အမှားအယွင်း၊ အတိမ်းအစောင်းမရှိ၍ ကြိုဆိုထိုက်ပါ၏။ သို့သော်ငြား ပုဂ္ဂလိကပြင်ပထုတ်ဝေသော ဥပဒေစာအုပ်များ (အချို့)သည် သတ်ပုံသတ်ညွှန်းကအစ မမှန်၊ ပုံစံလည်းမကျ၊ မူလပြဋ္ဌာန်းချက်စာသားများပင်ကျန်ရစ်၊ ဘာသာပြန်သည့်အခါလည်း လွဲမှားချွတ်ချော်။ မတော်မလျော်သော ဥပဒေစာအုပ်ထုတ်ဝေမှုမှာ မလိုလားအပ်။ ကိုးကားသုံးစွဲမိသော လူငယ်ဥပဒေပညာရှင်များ သတိထားစေလိုသည်။ ထိုကွက်လပ်ကို နိုင်ငံတော်ကလည်း ကြည့်မနေသင့်။ တရားဝင်ဥပဒေစာအုပ်များ၊ ရည်ညွှန်းကိုးကားရမည့်ဥပဒေစာအုပ်ပီသအောင် ကြံဆောင်သင့်ပါသည်။ တရားမဝင်ဘာသာပြန်ဆိုချက်များကို လတ်တလောသုံးနေရခြင်းသည် ဘယ်လိုကုစားသင့်ပါသလဲ။

**အစိုးရပုံနှိပ်တိုက်**

အစိုးရပုံနှိပ်တိုက်ကရိုက်နှိပ်ပြီး စာပေဗိမာန်က တရားဝင်အစိုးရဈေးနှုန်းဖြင့် သက်သက်သာသာ မှန်မှန်ကန်ကန် ပုံနှိပ်ထုတ်ဝေသော ဥပဒေစာအုပ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဥပဒေနှင့်အညီ ပုံနှိပ်ထုတ်ဝေသော နှစ်စဉ်ထုတ်ဥပဒေပေါင်းချုပ်စာအုပ်များ၊ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာထုတ်ဝေခြင်း (ယခုတော့ အင်္ဂလိပ်ဘာသာဖြင့် မထုတ်ဝေနိုင်တာလေးနှစ်ခန့်ရှိပြီ)တို့ကို ကြိုဆိုသည်။ ဥပဒေပညာပြန့်ပွားရေးအတွက် အားတက်ဖွယ်ဖြစ်သည်။ တာဝန်ရှိသူတွေ၏ ကြိုးပမ်းချက်မှာ တည်ဆဲဥပဒေများရှေ့ခရီးအတွက် ချောမွေ့မည်။ ဥပဒေစာအုပ်စနစ်တကျစုဆောင်းသော လူငယ်ဥပဒေပညာရှင်တွေအတွက်လည်း အကျိုးများမည်။ ဝိုင်းစဉ်းစားပေးကြပါ။

**ဥပဒေဆွေးနွေးပွဲများ**

ကျင့်သုံးဆဲဥပဒေများအကြောင်း ဆွေးနွေးပွဲများ ကျင်းပနိုင်ပါသလား။ တရားခွင် လက်တွေ့သရုပ်ပြရုံးများ (နမူနာ)ကို တက္ကသိုလ်ဥပဒေပညာဌာနများတွင် စီစဉ်ကြသည်။ ဥပဒေပါမောက္ခကြီးများ၏ ဝီရိယစေတနာဖြင့် လူငယ်ဥပဒေကျောင်းသားတွေ ဥပဒေအရည်သွေး တောက်ပြောင်စေမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး၊ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး စသည်ဖြင့် လေ့လာရေးခရီးစီစဉ်ပေးသည်။ စာတွေနှင့်လက်တွေ့ပေါင်းစပ်ပေးသည်။ ပြောတတ်ဆိုတတ်၊ လျှောက်လဲတတ်အောင်၊ ဥပဒေလေ့လာပုံလေ့လာနည်း၊ စီရင်ထုံးအကိုးအကား၊ သုတေသနလေ့လာမှု၊ စူးစမ်းမှု၊ အပြည်ပြည်ဆိုင်ရာဥပဒေများအကြောင်း သိကောင်းစရာ၊ နိုင်ငံခြားဥပဒေသင်တန်းများ လက်တွေ့လေ့လာရေး စသည်စသည်ဖြင့် ဥပဒေဗဟုသုတကြွယ်ဝကြစေလိုသည်။ ပြစ်မှုဥပဒေအထူးပြုသူတွေများနေ၍ တရားမအထူးပြုသူတွေလိုအပ်နေသည်။ အင်္ဂလိပ်ဘာသာဖြင့် လျှောက်လဲချက်ပေးနိုင်အောင် ကမ္ဘာ့တရားရုံးများသို့ (အလျဉ်းသင့်သလို) သွားနိုင်အောင် နိုင်ငံတကာအခြေခံဥပဒေများသို့ (အလျဉ်းသင့်သလို)သွားနိုင်အောင် နိုင်ငံတကာအခြေခံဥပဒေများ ကျွမ်းကျင်အောင်၊ ကမ္ဘာနှင့်မြန်မာ တရားဥပဒေတံတားခင်းနိုင်အောင် ဘယ်လိုကြံဆောင်ကြမလဲ၊ နိုင်ငံခြားကတင်သွင်းသော တရားဥပဒေစာအုပ်များ မည်မျှရှိပါသလဲ။ မည်သို့အသုံးချပါသလဲ၊ ပြည်တွင်းဥပဒေမျှနှင့်ပင် ကျေနပ်ပြီလော။ ပြည်တွင်းဥပဒေကိုပင် မစုံမလင်၊ မပြည့်မဝ၊ အားမရနိုင်သေး။ ဘာတွေလိုသေးလဲ။

**သက်ကြီးရွယ်အို**

"သက်ကြီးရွယ်အိုများ"ဟု သုံးစွဲခွင့်ပြုပါ။ အသက်ကြီးအရွယ်အိုနေသော ဥပဒေပညာရှင်၊ အငြိမ်းစားကြီးများသည် အသက်ကြီး အရွယ်အိုနေသော်ငြား ပညာမအိုပါ။ နုပျိုဆဲသာ၊ ဆရာကြီး ဆရာမကြီး၊ ပညာရှင်ကြီးများ၏ လမ်းညွှန်အမှာစကား မှတ်သားစရာများ၊ ဥပဒရေးရာအတွေ့အကြုံများအား မှတ်သားနာယူစေချင်သေးသည်။ ဝန်ကြီးဌာနအသီးသီးက ဖိတ်ကြားခေါ်ယူ၊ အကြံပြုချက်တွေမှတ်တမ်းပြုစေလိုသေးသည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်မှာ ဝန်ထမ်းအတွေ့အကြုံများ မှတ်တမ်းရုပ်ပုံလွှာများချန်ခဲ့၊ ကျန်ခဲ့၊ ရေးခဲ့စေချင်သေးသည်။ တာဝန်ရှိသူတွေက ဝိုင်းကူညီစေချင်သေးသည်။ အခြားအခြားသော ဥပဒေရေးရာ ပညာပေးလုပ်ငန်းတွေလည်း ပြန့်ပွားစေချင်လှသည်။ ဝန်ကြီးဌာနများ ဝိုင်းလုပ်ပေးကြပါခင်ဗျာ။

**တင်ပြချက်**

(၁) ဝန်ကြီးဌာနများ ဥပဒေနှင့်အညီဆောင်ရွက်နိုင်ပါစေ။

(၂) တရားဥပဒေစိုးမိုးရေး မြင့်မားပါစေ။

(၃) အငြိမ်းစားဥပဒေအရာရှိတစ်ဦး၏ ဥပဒေအတွေးမျှသာပါ......။

**မြန်မာပြည်မှာ ဥပဒေတွေကများလှသည်။ စိတ်မှန်းနှင့် ပြောနေခြင်းလား။ ဝါးလုံးရှည်နှင့် လျှောက်ရမ်းနေတာလား။ စာရင်းအတိအကျ သိသလား။ ဥပဒေစာရင်း မထုတ်ပြန်နိုင်ဘူး။ ထိပ်တန်းလျှို့ဝှက်ဟု ပြောသူတွေရှိနေဆဲလား။ လူတိုင်း (ပြည်သူတိုင်း) မသိသင့်ဘူးလား။ မသိအောင် ဝှက်ထားရမည်လား။ သိမှ၊ တတ်မှ၊ နားလည်မှ ဥပဒေ၏အာနိသင်ပီပြင်မည် မဟုတ်လား။ ဥပဒေစာကြည့်တိုက် (မှန်ဗီရို)တွေမှာ သော့ခတ်၍အလှထားဆဲလား။ တကယ်ဖတ်ရှုရမည့်သူတွေကို ပေး၍မဖတ်ဘူးလား။ "ကြောက်စရာဥပဒေ"ဟု ပြည်သူကြောက်အောင် ခြောက်လှန့်ဦးမည်လား။**

## ယခင်နှစ်မုန်းချောင်းရေကြီး၍ မီးရထားလမ်းတာပေါင်များကြောင့် ကိုင်းမြေဧက ၂၀၀ ကျော်ပျက်စီးဆုံးရှုံး



**ပွင့်ဖြူ စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်သည် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း မုန်းချောင်းရေကြီး၊ ရေလျှံမှုများဖြစ်ပွားရာ ပွင့်ဖြူမြို့နယ် သရက်အုပ်ကွင်း အမှတ် (၉၀၂)နှင့် မကျီးကုန်းကွင်း အမှတ် (၇၇၄) ကွင်းအတွင်းရှိ သရက်အုပ်ကျေးရွာ၊ ယောစုကျေးရွာ၊ ပိန္နဲတောကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ညောင်ကုန်းကျေးရွာနှင့် သာစည်ကျေးရွာများရှိ မုန်းချောင်းကမ်းပါးတစ်လျှောက် ကိုင်းမြေ ဧက ၂၀၀ ကျော်ခန့် မုန်းချောင်းရေကြီး၍ မီးရထားလမ်း တာပေါင်များကြောင့် သဲများဖုံးလွှမ်းခဲ့သဖြင့် စိုက်ပျိုးရေးအခက်အခဲတွေ့ကြုံလျက်ရှိသည်။

ရွာသစ်ကျေးရွာနေတောင်သူ ကိုအောင်မြင့်ခိုင်က "ပြီးခဲ့တဲ့နှစ် ရေကြီးပြီး ကိုင်းမြေတွေထဲ သဲကြမ်းတွေ ငါးပေအမြင့်လောက်အထိ ဖုံးလွှမ်းသွားတော့ လူလုပ်အားနဲ့ ကိုင်းမြေပြန်ဖော်ဖို့ မဖြစ်နိုင်ဘူး။ အခုတော့ ကိုင်းမြေ ဧက ၂၀၀ ကျော်လောက် မုန်းချောင်းကမ်းပါးတစ်လျှောက် သဲဖုံးလွှမ်းသွားတော့ ဘာမှလုပ်ကိုင်လို့မရဘူး။ အရင်ရေကြီးတာဖြစ်ဖူးတယ်။ အခုလိုသဲကြမ်းတွေ တင်ကျန်မနေဘူး။ အခုက မီးရထားလမ်းက မုန်းချောင်းကို တုတ်သဖွယ်ကာဆီးထားတော့ မုန်းရေထွက်ပေါက်ကျဉ်းနေတယ်။ ဒါကြောင့် ပွင့်ဖြူမြို့ပေါ်နဲ့ ကျေးရွာတွေပါ ရေတွေ တက်လာပြီး ပျက်စီးဆုံးရှုံးမှုပိုများလာတယ်။ မီးရထားလမ်းဖောက်လုပ်ပြီးကတည်းက မီးရထားဖြတ်သွားတာ တစ်ခါမှမတွေ့ရဘူး၊ တောင်သူတွေ လယ်ယာမြေတွေဆုံးရှုံး၊ သီးနှံစိုက်ခင်းတွေ ပျက်စီးတာပဲရှိတယ်။ အခုလည်း နုန်းမြေနုတွေတင်ကျန်နေရင် စိုက်ပျိုးရတာ အဆင်ပြေပေမယ့် သဲတွေတင်ကျန် နေတော့ ဘာမှစိုက်ပျိုးမရဘူးဖြစ်နေတယ်"ဟု ပြောသည်။

အဆိုပါ မီးရထားလမ်းသည် သရက်-မင်းဘူး-စကု-လယ်ကိုင်း-ပွင့်ဖြူ-စလင်းတို့သို့ ဆက်သွယ်ဖောက်လုပ်ထားပြီး မီးရထားလမ်းဖောက်လုပ်ရာတွင် ရေထွက်ပေါက်များ မပါရှိဘဲ မြေသားတာပေါင်များဖြင့် ဆောင်ရွက်ထားခြင်းဖြစ်ရာ မန်းချောင်းနှင့် မုန်းချောင်းကို မီးရထားတံတားများ တည်ဆောက်ထားသော်လည်း ချဉ်းကပ်လမ်းကို မြေသားများဖြင့် ပြုလုပ်ထားခြင်း၊ မုန်းချောင်း ရေထွက်ပေါက်ကျဉ်းနေခြင်း၊ မင်းဘူးမှ ပွင့်ဖြူ-စလင်းသို့ မီးရထားပြေးဆွဲခြင်းမရှိခြင်း၊ မီးရထားသံလမ်းများ ရေတိုက်စားသဖြင့် ပျက်စီးနေခြင်းများ ဖြစ်ပေါ်နေလျက်ရှိရာ ကျေးလက်နေတောင်သူများ၏ လယ်ယာမြေစိုက်ခင်းများ ပျက်စီးနေသဖြင့် သက်ဆိုင်ရာမှ အချိန်မီပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# လက်ဖက်စိုက်တောင်သူများအား ဂျာမနီနိုင်ငံအဖွဲ့က စိုက်ပျိုးနည်းသရုပ်ပြ

**ရပ်စောက် စက်တင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကောင်းဘို့ကျေးရွာအုပ်စုအတွင်းမှ လက်ဖက်စိုက်တောင်သူများအား လက်ဖက်စိုက်ပျိုးနည်း ပညာပေးဟောပြောဆွေးနွေးပွဲနှင့် စိုက်ပျိုးနည်းလက်တွေ့သရုပ်ပြမှုများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံအခြေစိုက် Deutsche Gesellchaft Fur Internationale Zusammenarbeit(GIZ) အဖွဲ့တို့ပူးပေါင်း၍ ငှက်ပျောကျင်းကျေးရွာ၌ စက်တင်ဘာ ၆ ရက်က ပြုလုပ်ခဲ့သည်။

စိုက်ပျိုးနည်း ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်လှလှနွယ်က အမှာစကားပြောကြားပြီး GIZ အဖွဲ့မှ ပရိုဂရမ်အရာရှိ Mr. Walter Osenberg က မိမိတို့အဖွဲ့လာရောက်ရခြင်းမှာ ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်ကို ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် အကူအညီပေးဆောင်ရွက်နိုင်ရန် လာရောက်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် တောင်ကြီးခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနမှူး ဦးခင်မောင်တင့်က ဒေသ၏ မြေအမျိုးအစားနှင့် စိုက်ပျိုးသီးနှံ ကိုက်ညီမှု ရှိ မရှိကိုလည်းကောင်း၊ မြေဆီလွှာဆုံးရှုံးမှု မရှိစေရန် စိုက်ပျိုးသင့်သည့် နည်းစနစ်များကိုလည်းကောင်း၊ သီးနှံအထွက်ကောင်းစေရန်အတွက် မြေဆီလွှာပြုပြင်ထိန်းသိမ်းရန်နှင့် မြေသြဇာသုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ စိုက်ပျိုးပုံ နည်းစနစ်များအကြောင်းကိုလည်းကောင်း အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့်တောင်သူများကလည်း သိရှိလိုသည်များ မေးမြန်းခဲ့ကြသည်။

ထို့နောက် ငှက်ပျောကျင်းကျေးရွာနေတောင်သူတစ်ဦး၏ လက်ဖက်စိုက်ခင်းအတွင်း၌ ကွန်တိုလိုင်း နှစ်တန်း စိုက်စနစ်ဖြင့် လက်ဖက်စိုက်ပျိုးနည်းစနစ်ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျာမနီနိုင်ငံအခြေစိုက် Deutsche Gesellchaft Fur Internationale Zusammenarbeit(GIZ) အဖွဲ့တို့ ပူးပေါင်း၍ လက်တွေ့သရုပ်ပြခဲ့ကြကာ ငှက်ပျောကျင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လက်ဖက်စိုက်တောင်သူ ၉၀ ခန့် လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပညာပေးယာဉ်ဖြင့် မူးယစ်အသိပညာပေးမှုများ လိုက်လံဆောင်ရွက်



**မြို့သစ် စက်တင်ဘာ ၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ ကွက်သစ်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းများ၌ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ မူခင်းပညာပေး ပြခန်းမော်တော်ယာဉ်ဖြင့် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် မူခင်းကျဆင်းရေး အသိပညာပေးမှုများကို စက်တင်ဘာ ၆ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မူခင်းပညာပေး ပြခန်းမော်တော်ယာဉ်ဖြင့် လူကုန်ကူးမှုအန္တရာယ်အကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မူခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးမှုများကို ကျောင်းသား ကျောင်းသူများအား ပြသပြီး ဟောပြောပွဲများလည်း ပြုလုပ်ကာ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများအား ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ကျောင်းနှစ်ကျောင်းရှေ့၌ ပြခန်းမော်တော်ယာဉ်ဖြင့် မူခင်းပညာပေးမှုများ သွားရောက်ဆောင်ရွက်ခဲ့ရာတွင် ကျောင်းနှစ်ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၂၅၀၀ ခန့်နှင့် ဒေသခံပြည်သူများကို အသိပညာပေး ပြသနိုင်ခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# မြို့ဟောင်းဘုတာနယ်မြေအတွင်း မူခင်းကျဆင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၈**

မန္တလေးမြို့မြို့ဟောင်းဘူတာအတွင်း မူခင်းကျဆင်းရေးအတွက် ဘူတာဝင်းအတွင်းမှ အခြေအနေမဲ့ ကျူးကျော်နေထိုင်သူများအား မူခင်းကျဆင်းရေးဆိုင်ရာများကို တာဝန်ရှိသူများက ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ရထားရဲတပ်ဖွဲ့အမှတ်(၆)တပ်ခွဲ တပ်စု(၂) မြို့ဟောင်းမှ ဒုရဲအုပ်ဟိန်းဇော်၊ ချမ်းမြသာစည် နယ်ထိန်းရဲတပ်ကြပ်ဇော်နိုင်ဦးနှင့် မြို့ဟောင်းဘူတာရုံပိုင်ကြီး ဦးသာလင်းတို့ပါဝင်သည့် ပူးပေါင်းအဖွဲ့က မြို့ဟောင်းဘူတာ စကြံ(၁) နှင့် (၂)တို့တွင် ကျူးကျော်နေထိုင်သူများအား ရှင်းလင်းကာ မြို့ဟောင်းဘူတာ အကွက်(၈၃) ဘူတာဝင်းအတွင်း ကျူးကျော်နေထိုင်သူများအား စာရင်းကောက်ယူခြင်းနှင့် ကျူးကျော်နေထိုင်သူများအနေဖြင့် ညှိစာရင်းတိုင်ရန်၊ ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်စေမည့် အပြုအမူများ မပြုလုပ်ရန်၊ ခိုးဆိုး လုနှိက်မှုများ မပြုလုပ်ရန်နှင့် ဒုစရိုက်သမားများ ဝင်ရောက်လာပါက ရဲတပ်ဖွဲ့သို့ သတင်းပေးရန်အပါအဝင် မူခင်းကျဆင်းရေးဆိုင်ရာများ ပညာပေးဆွေးနွေးခဲ့ခြင်းဖြစ်ပြီး လက်ကမ်းစာစောင်များလည်း ဝေငှပေးခဲ့ကြောင်း သိရသည်။

**မန်းကိုယ်ပွား**

# လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ကလေး စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ မသန်စွမ်းမှုနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံအဖွဲ့၏ ဦးဆောင်မှုဖြင့် စက်တင်ဘာ ၆ ရက်က ရှင်းဟုန်ဟိုတယ်ခန်းမဆောင်၌ ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဖြိုးက အမှာစကားပြောကြားကာ ဒေင်မသန်စွမ်းသက်ငယ်များ ပြုစုရာရိပ်မြုံ မန်နေဂျင်းဒါရိုက်တာ ဦးထာအုပ်က အဖွဲ့အစည်းတည်ထောင်ခြင်းအကြောင်းရင်းနှင့် မသန်စွမ်းကလေးငယ်များနှင့် လူတိုင်းအကျုံးဝင်ပညာရေးဆိုင်ရာများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဒေင်မသန်စွမ်းသက်ငယ်များပြုစုရာရိပ်မြုံကို ၂၀၀၀ ပြည့်နှစ် ဧပြီလမှ စတင်တည်ထောင်ခဲ့ကြောင်း၊ မသန်စွမ်းကလေးငယ်များ လိုအပ်နေသော ပြန်လည်ထူထောင်ရေးနှင့် အထူးပညာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လူမှုဝန်ထမ်းဦးစီးဌာန၏အသိအမှတ်ပြု အဖွဲ့အစည်းဖြစ်သည့်အပြင် ပြည်ထဲရေးဝန်ကြီးဌာနမှ အသင်းအဖွဲ့မှတ်ပုံတင် ရရှိပြီးသောအဖွဲ့အစည်းလည်းဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**



## သတင်းတိုများ

### လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဆင်း

မွန်ပြည်နယ် မော်လမြိုင်မြို့ပြည်နယ်အကူရဲတပ်ဖွဲ့ခွဲ အတ္တရံခန်းမ၌ လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်း အမှတ်စဉ်(၂/၂၀၁၆)ဆင်းပွဲကို စက်တင်ဘာလ ပထမပတ်က ကျင်းပခဲ့ရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးက သင် တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ သင်တန်းကို ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှုဖြင့် မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးက ကြီးကြပ်၍ သင်တန်းကာလ နှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ကာ သင်တန်းသို့ မော်လမြိုင်မြို့နယ်အတွင်းရှိ နယ်မြေရဲတပ်ဖွဲ့များမှ သင်တန်းသား ရဲတပ်ဖွဲ့ဝင် ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

### အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ပြည်သူများအား ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းက (၃၃)ကြိမ်မြောက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ရွှေနဒီပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ အခြေပြု၍ စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးရာသို့ လာရောက်ကုသမှုခံယူသော ပြည်သူများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းလူနာများ အဆင်ပြေစေရန်အတွက် ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့ဝင်များက လိုအပ်သောအကူအညီများပေးခဲ့ကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**



**သန်လျင်မြို့ မြို့မတောင်ရပ်ကွက်သတိပဋ္ဌာန်လမ်းအမှတ်(၂၆)နေ ဦးအောင်ကျော်ဝင်း-ဒေါ်မြသီတာဦး မိသားစုက မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ အလှူငွေကျပ် နှစ်သိန်းကို စက်တင်ဘာ ၇ ရက်က သန်လျင်မြို့နေအိမ်၌ ပေးအပ်လှူဒါန်းရာ အဖွဲ့တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း(သန်လျင်)က လက်ခံယူစဉ်။** (၀၂၇)

# စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူအား ဖမ်းဆီးရမိ

**ပလောက် စက်တင်ဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့၌ မူခင်းကျဆင်းရေးအတွက် ခရီးသွား မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များအား စက်တင်ဘာ ၅ ရက်ညပိုင်းက ပိတ်ဆို့ရှာဖွေစစ်ဆေးစဉ် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ပလောက်မြို့နယ်မြေရဲစခန်းမှ ဒုရဲအုပ်နိုင်မျိုးသန့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများပူးပေါင်း၍ ပလောက်မြို့ တံတားဂိတ်အရှေ့၌ ဖြတ်သန်းသွားလာသော ယာဉ်နှင့် ဆိုင်ကယ်များအား ရပ်တန့်ရှာဖွေစစ်ဆေးစဉ် မြိတ်မြို့မှ ရန်ကုန်မြို့သို့ ယာဉ်မောင်း ကျော်နိုင်ဝင်း မောင်းနှင်လာသောယာဉ်ပေါ်မှ ကြွပ်ကြွပ်အိတ်အတွင်းထည့်ထားသော အအေးစုပ်ပိုက်တပ်လျက် ရေငါးမီလီဂရမ်ခန့်ထည့်ထားသည့် မူးယစ်ဆေးဝါးရှုကိရိယာ ပလတ်စတစ်ဘူးအကြည်တစ်ခု၊ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်ထားပြီး အတွင်း၌ အအေးစုပ်ပိုက်ဖြင့် ထိပ်နှစ်ဖက်ပိတ်လျက် ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားလေးပြားနှင့် ပလတ်စတစ်ကပ်ခွာအိတ်အတွင်း ထည့်ထားသည့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၀ ကို ရှာဖွေတွေ့ရှိခဲ့ပြီး ကားခေါင်းခန်းအတွင်းမှ မူးယစ်ဆေးဝါးရောင်းချရငွေဟု ယူဆရသော မြန်မာငွေစက္ကူ ရောရာကျပ်ခြောက်သိန်းကို တွေ့ရှိရသဖြင့် မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိသူ ယာဉ်မောင်း ကျော်နိုင်ဝင်း အသက်(၄၀ နှစ်)အား ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အင်တာနက်ကို လုံခြုံစိတ်ချစွာအသုံးပြုနည်း ဟောပြော

**ရမည်းသင်း စက်တင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် လူမှုထူးချွန်စာကြည့်တိုက်နှင့် အလင်းအိမ်စင်တာတို့ ပူးပေါင်း၍ အင်တာနက်ကို လုံခြုံစိတ်ချစွာအသုံးပြုနည်း ဟောပြောပွဲနှင့် ဂျာမနီနိုင်ငံနှင့် ILO အသိအမှတ်ပြု စီးပွားရေးသင်တန်းကျောင်းမှသင်ရိုးများ ရှင်းလင်းဟောပြောပွဲကို လူမှုထူးချွန်စာကြည့်တိုက်၌ စက်တင်ဘာ ၆ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် လူမှုထူးချွန်စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေက အမှာ စကားပြောကြားပြီး ရမည်းသင်းမြို့အလင်းအိမ်စင်တာ တာဝန်ခံ ဦးဇော်မင်းစိုးက အင်တာနက်အကြောင်း မိတ်ဆက်ခြင်း၊ အင်တာနက်ကို မှန်ကန်စွာအသုံးပြုခြင်း၊ မိဘများ သိထားသင့်သော လူကြိုက်များသည့် အင်တာနက် application များနှင့် website များ၊ လုံခြုံသည့်အင်တာနက်သုံးစွဲမှု အလေ့အထများကို ကိုယ်တိုင်သင်ယူသွားမည့်နည်းလမ်းနှင့် ဘေးကင်းသည့် အင်တာနက်အသုံးပြုမှုများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် အင်္ဂလန်နိုင်ငံမှ စစ်ဆေးသော စာရင်းကိုင်သင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ရမည်းသင်းမြို့ စိန်လသာ စီးပွားရေးသင်တန်းကျောင်းမှ မချောစုနှင့် မဇလတ်ဖြူ၊ အထူးပြုဖြင့်အောင်မြင်သော မပြုံးမြင့်ဦးနှင့် မအိဖြိုးတို့အား ဆုများချီးမြှင့်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

# မြန်မာ...ဧရာဝတီ...ပြည်သူ (အပိုင်း-၂)

## သိပ္ပံစာရေးဆရာကိုကိုအောင်

ဧရာဝတီမြစ်ကြီး၏ အထက်ပိုင်းဒေသဖြစ်သော ဗန်းမော်နှင့် မန္တလေးမြို့များအကြား မြစ်ရိုးတစ်လျှောက်တွင် ကမ္ဘာသိထင်ရှားသော ဧရာဝတီလင်းပိုင်များ ရှင်သန်ပေါက်ပွားကျက်စားလျက်ရှိပြီး ထိုဒေသတစ်ဝိုက်ကို ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာအဖြစ် သတ်မှတ်ထားသည်။ ဧရာဝတီလင်းပိုင် ကောင်ရေ ၅၀ ကျော်မျှသာကျန်ရှိတော့သည့် ယင်းဒေသသည် ကမ္ဘာလှည့်ခရီးသည်များစိတ်ဝင်စားသည့် ခရီးသွားဒေသတစ်ခု ဖြစ်လာခဲ့သည်။

ဧရာဝတီမြစ်ကြီး၏ အထက်ပိုင်းဒေသတစ်လျှောက်တွင် မူးမြစ်နှင့် မိုးကောင်းမြစ်တို့သည် မြစ်မကြီး၏ လက်ယာဘက်မှလည်းကောင်း၊ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်၊ ရွှေလီမြစ်၊ တပိန်မြစ်၊ နမ္မတူမြစ်၊ ချောင်းမကြီးချောင်း၊ နမ့်တဘက်ချောင်းနှင့် စမုံချောင်းတို့သည် မြစ်မကြီး၏ လက်ဝဲဘက်မှလည်းကောင်း ဧရာဝတီမြစ်ထဲသို့ စီးဝင်ကြသည်။ ထိုကဲ့သို့စီးဝင်ကြသော မြစ်ချောင်းများအနက် တပိန်မြစ်နှင့် ရွှေလီမြစ်တို့သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်အတွင်း၌ မြစ်ဖျားခံသောမြစ်များ ဖြစ်ကြသည်။

တပိန်မြစ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့၏ နယ်နိမိတ်အပိုင်းအခြားဖြစ်သော ဂွန်လီဂေါင်ရှမ်းတောင်၏ တောင်ဘက်အစွန်၌မြစ်ဖျားခံကာ ယူနန်ပြည်နယ် ယင်ကျန်းလွင်ပြင်ကိုဖြတ်သန်းပြီး မြန်မာ-တရုတ် နယ်ခြားမှတ်တိုင် အမှတ်(၃၈)တွင် မြန်မာ-တရုတ် နယ်ခြားမြစ်အဖြစ် အလျား ၁၀ မိုင်ခန့် စီးဆင်းလျက်ရှိသည်။ ထိုမြစ်သည် မြန်မာ-တရုတ် နယ်ခြားမှတ်တိုင် အမှတ်(၃၇)အရောက်တွင် မြန်မာနိုင်ငံထဲသို့ စီးဝင်ပြီးနောက် ဗန်းမော်မြို့အနီး၌ ဧရာဝတီမြစ်ကြီးအတွင်းသို့ စီးဆင်းဝင်ရောက်သည်။ စုစုပေါင်းအရှည် ၁၄၄ မိုင်ခန့်ရှိသည့် တပိန်မြစ်၏ ရေဆင်းဧရိယာအားလုံးအနက် အများစုဖြစ်သော စတုရန်းမိုင် ၂၁၀၀ ကျော်မှာ တရုတ်နိုင်ငံအတွင်း၌ရှိပြီး မြန်မာနိုင်ငံအတွင်း၌မူ စတုန်းရန်းမိုင် ၆၇၀ ခန့်သာရှိသည်။

ရွှေလီမြစ်သည်လည်း တရုတ်နိုင်ငံ ယူနန်ပြည်နယ်အတွင်း၌ မြစ်ဖျားခံကာ အနောက်တောင်ဘက်သို့ စီးဆင်းလာရာမှ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နှင့် နမ်းခမ်းမြို့များအနီးတွင် မြန်မာ-တရုတ် နယ်ခြားမြစ်အဖြစ် ဆက်လက်စီးဆင်းပြီးနောက် နမ်းခမ်းမြို့၏အနောက်တောင်ဘက်တွင် မြန်မာနိုင်ငံအတွင်းသို့ စီးဝင်သည်။ စုစုပေါင်းအရှည် မိုင်ပေါင်း ၃၈၀ ကျော်ရှိသော ရွှေလီမြစ်သည် ကသာမြို့၏တောင်ဘက် မိုင် ၂၀ ခန့်အကွာ၌ ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်သည်။ ရွှေလီမြစ်၏ ရေဆင်းဧရိယာစုစုပေါင်းအနက် အနည်းစုဖြစ်သော စတုန်းရန်မိုင် ၄၈၀၀ ကျော်မှာ တရုတ်နိုင်ငံအတွင်း၌ရှိပြီး မြန်မာနိုင်ငံအတွင်း၌မူ ရေဆင်းဧရိယာအများစုအဖြစ် ၆၇၆၅ စတုရန်းမိုင်ခန့် ရှိနေသည်။

ဧရာဝတီမြစ်သည် မန္တလေးမြို့အနီးသို့အရောက်တွင် အနောက်ဘက်သို့ ချိုးကွေ့စီးဆင်းသည်။ ဘူမိသိပ္ပံပညာရှင်များ၏အဆိုအရ ရှေးပဝေသဏီကာလ လွန်ခဲ့သောနှစ်ပေါင်း ၁၀ သန်းကျော်က ဧရာဝတီမြစ်ကြီးသည် တောင်စူးစူးသို့သာ စီးဆင်းပြီး မုတ္တမပင်လယ်ကွေ့ထဲသို့ စီးဝင်နေခဲ့ရာမှ ပုပ္ပားမီးတောင်ကြီးပေါက်ကွဲမှုကြောင့် မြေလွှာမြင့်တက်မှုများဖြစ်ပေါ်ပြီး မြစ်ကြောင်းပြောင်းလဲကာ မန္တလေးမြို့အနီးတွင် အနောက်ဘက်သို့ချိုးကွေ့သွားခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။ ဧရာဝတီမြစ်၏ မူလရေစီးလမ်းကြောင်း ခါးလယ်ပိုင်းမှာ ပြတ်တောက်သွားပြီး စစ်တောင်းမြစ်အဖြစ် ကျန်ရှိနေခဲ့ကြောင်းကိုလည်း ဘူမိသိပ္ပံပညာရှင်တို့က ထုတ်ဖော်ပြောဆိုကြသည်။

ဧရာဝတီ၏ မြစ်လက်တက်ကြီးဖြစ်သော ချင်းတွင်းမြစ်သည် မြန်မာ-အိန္ဒိယ နယ်ခြားတောင်တန်းများနှင့် ကချင်ပြည်နယ်အနောက်မြောက်ဘက်ရှိ ကူမွန်တောင်တန်းများ၌ မြစ်ဖျားခံကြသည့် တနိုင်းခ၊ တဝန်ခနှင့် တရွန်ခ မြစ်ဖျားသုံးသွယ်တို့ ဟူးကောင်းချိုင့်ဝှမ်း၌ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသည်။ ခန္တီး၊ ဟုမ္မလင်းနှင့် မော်လိုက်မြို့ကြီးများကိုဖြတ်သန်းပြီး တောင်ဘက်သို့စီးဆင်းသော ချင်းတွင်းမြစ်၏ စီးဆင်းရေပမာဏသည် ဧရာဝတီမြစ်ကြီး တစ်စင်းလုံး စီးဆင်းရေ ပမာဏ၏ သုံးပုံတစ်ပုံကျော်ကျော်မျှပင်ရှိနေပြီး ဧရာဝတီနှင့် လာရောက်ပေါင်းဆုံသည့်နေရာတွင် ရေဆင်းဧရိယာမှာ ၄၅၁၅၆ စတုရန်းမိုင်မျှ ရှိသည်။

ချင်းတွင်းမြစ် စတင်ဖြစ်ပေါ်စီးဆင်းရာ ဟူးကောင်းချိုင့်ဝှမ်းဒေသကို 'ဟူးကောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေ'အဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။ ထို့အတူ ချင်းတွင်းမြစ်၏အရှေ့ဘက်ကမ်း ထမံသီဒေသသည်လည်း 'ထမံသီ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေ'အဖြစ် သတ်မှတ်ခံထားရပြီး ဖြစ်သည်။

ချင်းတွင်းမြစ်စီးဆင်းရာ ရေလမ်းကြောင်းအတွင်းသို့ မြစ်သာမြစ်နှင့် မဏိပူရမြစ်တို့သည် ကလေးဝမြို့အနီး၌ လာရောက်ပေါင်းဆုံစီးဝင်သည်။ အိန္ဒိယနိုင်ငံ အရှေ့ဘက် အစွန်ဆုံးပြည်နယ်ဖြစ်သော မဏိပူရပြည်နယ်အတွင်းရှိ လော့တက်ရေအိုင်၌ မြစ်ဖျားခံသည့် မဏိပူရမြစ်သည် မြောက်မှတောင်သို့စီးဆင်းလာရာမှ ချင်းပြည်နယ် တွန်းဇံမြို့၏မြောက်ဘက် ကျီးခါးရွာအနီးတွင် မြန်မာ-အိန္ဒိယနယ်နိမိတ်ကိုဖြတ်သန်းပြီး မြန်မာနိုင်ငံအတွင်းသို့ စီးဝင်သည်။

အိန္ဒိယနိုင်ငံဘက်အခြမ်း၌ အရှည် ၆၃ မိုင်ရှိပြီး မြန်မာနိုင်ငံဘက်အခြမ်း၌ အရှည် ၇၂ မိုင်ကျော်ရှိသော မဏိပူရမြစ်သည် ချင်းပြည်နယ်၏ မြို့ကြီးများဖြစ်ကြသော တွန်းဇံ၊ တီးတိန်နှင့် ဖလမ်းမြို့များကို ဖြတ်သန်းစီးဆင်းလာပြီးနောက် ချင်းပြည်နယ်တောင်ဘက်ရှိ တောင်တန်းများ၌ မြစ်ဖျားခံသော မြစ်သာမြစ်နှင့်ပေါင်းဆုံကာ ချင်းတွင်းမြစ်ထဲသို့ စီးဝင်သည်။ ချင်းတွင်းမြစ်သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မင်းကင်း၊ ကနီနှင့် မုံရွာမြို့များကို ဖြတ်သန်းစီးဆင်းကာ ရေစကြိုမြို့အနီး၌ ဧရာဝတီမြစ်ထဲသို့ လာရောက်ပေါင်းဆုံစီးဝင်သည်။

ချင်းတွင်းမြစ် လာရောက်ပေါင်းဆုံစီးဝင်ရာ နေရာမှစ၍ မြစ်ဝကျွန်းပေါ်ဒေသမရောက်မီ ဟင်္သာတမြို့အထိ မြစ်ကြောင်း တစ်လျှောက်မှာ ဧရာဝတီမြစ်ကြီး၏ အောက်ပိုင်းဒေသပင် ဖြစ်သည်။ ဧရာဝတီမြစ်အောက်ပိုင်းဒေသ မြစ်ကမ်းဘေးဝဲယာတွင် မြင်းခြံ၊ ပခုက္ကူ၊ ပုဂံ-ညောင်ဦး၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ မကွေး၊ သရက်၊ အောင်လံ၊ ပြည်၊ ပန်းတောင်း၊ ကြံခင်း၊ မြန်အောင် စသောမြို့ကြီးများ တည်ရှိကြသည်။ ဧရာဝတီမြစ်အောက်ပိုင်း မြစ်ကြောတစ်လျှောက်တွင် လက်ယာဘက်မှ ယောချောင်း၊ စလင်းချောင်း၊ မန်းချောင်း၊ မုန်းချောင်း၊ မင်းတုန်းချောင်း စသည်တို့ကလည်းကောင်း၊ လက်ဝဲဘက်မှ ယင်းချောင်း၊ ပင်းချောင်း၊ ဘွက်ကြီးချောင်း၊ မြောက်နဝင်းချောင်း၊ တောင်နဝင်းချောင်း စသည်တို့က လည်းကောင်း လာရောက်ပေါင်းဆုံစီးဝင်ကြသည်။

ဧရာဝတီမြစ်သည် ဟင်္သာတမြို့၏မြောက်ဘက် ၅၈ မိုင်အကွာ၌ လက်ယာဘက်တွင် ပုသိမ်မြစ်ခေါ် ငဝန်မြစ်အဖြစ်လည်းကောင်း၊ လက်ဝဲဘက်တွင် ရန်ကုန်မြစ်ခေါ် လှိုင်မြစ်အဖြစ်လည်းကောင်း စတင်ဖြာထွက်ကာ စတုရန်းမိုင်ပေါင်း ၁၃၄၆၀ မျှရှိသည့် မြစ်ဝကျွန်းပေါ်ဒေသကို ဖြစ်ပေါ်လာစေသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ တစ်ခုလုံးသည် ပျမ်းမျှအားဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် ၃၉ ပေမျှသာမြင့်ရာ နှစ်စဉ် မိုးရာသီကာလများ၌ အချို့အရပ်တွင် အမြင့် ၂ ပေမှ ၁၀ ပေခန့်အထိပင် ရေလွှမ်းမိုးခြင်းကို ခံကြရလေ့ရှိသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် မြစ်ခွဲပေါင်းများစွာကို ဖြစ်ထွန်းပေါ်ပေါက်စေပြီး ထိုမြစ်ခွဲများသည် မိုင်ပေါင်း ၁၅၀၀ မျှ ရှည်လျားသည့် ကူးသန်းသွားလာရေးရေကြောင်းလမ်းများ ဖြစ်လာခဲ့ကြသည်။

ဧရာဝတီမြစ်သည် မြစ်ဝကျွန်းပေါ်ဒေသကို ဖြတ်သန်းပြီးနောက် ပင်လယ်ထွက်ပေါက် မြစ်ဝကိုးခု ဖြစ်ပေါ်လျက် ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။ ပုသိမ်မြစ်၊ သက်ကယ်သောင်မြစ်၊ ရွှေးမြစ်၊ ပြန်မလော့မြစ်၊ ပြင်စလူမြစ်၊ ဘိုကလေးမြစ်၊ ဖျာပုံမြစ်၊ သံဒိမြစ်နှင့် တိုးမြစ်တို့သည် ဧရာဝတီ၏ ပင်လယ်ထွက်ပေါက်မြစ်များ ဖြစ်ကြသည်။ ထိုမြစ်ငယ် ကိုးစင်းထဲတွင် ပြင်စလူမြစ်သည် ဧရာဝတီ၏ ပင်မပင်လယ်ထွက်ပေါက်မြစ် ဖြစ်သည်။

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသည် ပင်လယ်ဒီရေအတက်အကျပမာဏ များပြားသောဒေသဖြစ်ကာ ဟင်္သာတမြို့အထိပင် ဒီရေတက်လေ့ရှိသည်။ ပင်လယ်ဝမှ ၆၉ မိုင်ခန့်ကွာဝေးသည့် ပုသိမ်မြို့တွင် ဒီရေအတက်အကျမှာ ခြောက်ပေခွဲမျှသာရှိသော်လည်း ပင်လယ်ဝမှ မိုင် ၂၀ ခန့်သာကွာဝေးသော ရန်ကုန်မြို့တွင် ဒီရေအတက်အကျမှာ ၁၈ ဒသမ ၂ ပေအထိ ရှိသည်။ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ ဖျာပုံ၊ ကျိုက်လတ်၊ မအူပင်၊ ညောင်တုန်း စသော မြို့နယ်များသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေထွက်ပစ္စည်းလုပ်ငန်းများထွန်းကားရာ စီးပွားရေးအချက်အချာကျသော မြို့များဖြစ်ကြသည်။ ဆန်ရေစပါးပေါများကြွယ်ဝပြီး ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အားအလွန်ကောင်းသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို မြန်မာ့စပါးကျီဟုပင် တင်စားခေါ်ဝေါ်ကြသည်။

နှောင်းအတိတ်ကာလများက မြန်မာရှင်ဘုရင်တို့၏ မင်းနေပြည်တော်များဖြစ်ခဲ့ကြသော သရေခေတ္တရာ၊ တကောင်း၊ ပုဂံ၊ အင်းဝနှင့် မန္တလေးတို့သည် ဧရာဝတီမြစ်ကမ်းဘေး ဝဲယာများ၌ တည်ရှိခဲ့ကြသည်။ ခြောက်ရာစုကတည်းကပင် မြန်မာလူမျိုးတို့အနေဖြင့် မြစ်ကြောင်းတစ်လျှောက် ကူးသန်းသွားလာခဲ့ကြသော အထောက်အထားများကို တွေ့ရှိရသည်။ ၁၉၂၀ ပြည့်လွန်နှစ်များက မီးသင်္ဘောအစင်းရေ ၆၀၀ ခန့်ဖြင့် ကမ္ဘာ့အကြီးဆုံး ရေကြောင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီကြီးဖြစ်ခဲ့သော ဧရာဝတီသင်္ဘောကုမ္ပဏီသည် ၁၉၉၅ ခုနှစ်ကတည်းကပင် ဧရာဝတီမြစ်ကြောင်းအတွင်း မီးသင်္ဘောများဖြင့် ကူးသန်းသွားလာမှုပြုခဲ့သည်။

၁၈၉၅ ခုနှစ်သည် အီတလီလူမျိုး ဂူလီမိုးမာကိုနီက ကမ္ဘာ့ပထမဦးဆုံးသော ရေဒီယိုအချက်ပြမှုကို ထုတ်လွှင့်နိုင်ခဲ့သည့်နှစ်ဖြစ်သောကြောင့် ဧရာဝတီမြစ်ကြောင်းအတွင်း မီးသင်္ဘောများဖြင့် ခုတ်မောင်းသွားလာနိုင်ခဲ့သည့် အချိန်ကာလမှာ မည်မျှစောကြောင်း သိရှိနိုင်သည်။ ၁၉၁၂ ခုနှစ် ကမ္ဘာကျော်တိုက်တန်းနစ်မီးသင်္ဘောကြီး နစ်မြုပ်မှုဖြစ်ပွားသည့်အချိန်ကာလတွင် မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ကြီးအတွင်း၌ ခေတ်မီမီးသင်္ဘောများစွာတို့ ခုတ်မောင်းကာ ရေကြောင်းကူးသန်းသွားလာမှု တွင်ကျယ်နေပြီဖြစ်သည်။



နွေရာသီကာလတွင် သဲသောင်များပေါ်ထွန်းနေသော မင်းကွန်းမြို့အနီး ဧရာဝတီမြစ်တွင်းတစ်နေရာ

ယနေ့ မျက်မှောက်ကာလ၌လည်း ဧရာဝတီမြစ်ကြောင်းသည် မြန်မာနိုင်ငံ၏ အဓိကကျသော ပြည်တွင်းရေကြောင်းလမ်းဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသော ဆန်စပါးနှင့် ရေထွက်ပစ္စည်းများကို အထက်အညာဒေသသို့ တင်ပို့ရာ၌လည်းကောင်း၊ အထက်အရပ်မှထွက်ကုန်များကို မြန်မာနိုင်ငံ အလယ်ပိုင်းဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများသို့ ပို့ဆောင်ရာ၌လည်းကောင်း အလွန်အချက်အချာကျသော ကုန်သွယ်ရေးလမ်းကြောင်းကြီးတစ်ခု ဖြစ်သည်။ အထူးသဖြင့် ကုန်းလမ်းပို့ဆောင်ရေးဘက်၌ အားနည်းချက်အများအပြားရှိနေဆဲဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းတွင်းမြစ်အထက်ပိုင်းဒေသများသို့ ကုန်စည်များပို့ဆောင်ဖြန့်ဖြူးရာတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ကို အဓိကအားကိုးအားထားပြုကာ ဆောင်ရွက်နေကြရသည်။

ယနေ့အချိန်တွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် ရေလမ်းကြောင်းတစ်လျှောက်တွင် မြစ်ရေစီးဆင်းမှုပမာဏမှာ မိုးရာသီနှင့် နွေရာသီကာလများ၌ သိသိသာသာ ခြားနားလျက်ရှိနေပြီဖြစ်သည်။ မိုးရာသီနှင့် နွေရာသီကာလများတွင် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အတွင်း စီးဆင်းနေသော မြစ်ရေ၏ အနိမ့်အမြင့်မှာ ၃၂ ပေမှ ၃၉ ပေခန့်အထိပင် ကွာခြားလျက်ရှိနေသည်။ သို့ဖြစ်၍ ဧရာဝတီမြစ်ကမ်းဘေးနှင့် ချင်းတွင်းမြစ်ကမ်းဘေး မြို့ရွာများသည် သင်္ဘောဆိပ်ခံများကို ရာသီအလိုက် အပြောင်းအရွှေ့ပြုလုပ်ပေးနေရလျက်ရှိရာ အချို့ဆိပ်ခံများဆိုလျှင် မိုးရာသီဆိပ်ခံနှင့် နွေရာသီဆိပ်ခံတို့မှာ တစ်ခုနှင့်တစ်ခု သုံးမိုင်နီးပါးခန့်အထိပင် ကွာဝေးကြသည်။

ကမ္ဘာပေါ်ရှိမြစ်ကြီးများအနက် ဧရာဝတီမြစ်သည် နုန်းအနည်အနှစ်ပါဝင်မှု ပဥ္စမအများဆုံးမြစ်ကြီးတစ်စင်းဖြစ်သလို နုန်းသယ်ဆောင်မှု စတုတ္ထအများဆုံးသောမြစ်ကြီးလည်း ဖြစ်သည်။ နယ်သာလန်နိုင်ငံ သိပ္ပံသုတေသီအဖွဲ့၏ ၁၉၈၇ ခုနှစ် လေ့လာတိုင်းတာချက်များအရ ဧရာဝတီမြစ်ကြီး၏ နုန်းအနည်အနှစ်ပါဝင်မှုသည် တစ်နှစ်အတွင်း တန်ချိန်ပေါင်း ၂၇၈ သန်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထိန်းသိမ်းရကောင်းမှန်း မသိသောကြောင့် ထိန်းသိမ်းမှုမရှိခဲ့ခြင်း၊ ထိန်းသိမ်းရကောင်းမှန်းသိလာချိန်၌လည်း နည်းလမ်းတကျ မဆောင်ရွက်နိုင်ခဲ့ခြင်းများကြောင့် ဧရာဝတီမြစ်ဝှမ်း၏ ရေဝေဒေသများ၌ သစ်ပင်သစ်တောဖုံးလွှမ်းမှု သိသာစွာလျော့ကျလာခြင်း၊ မြစ်တွင်းစီမံကိန်းများလုပ်ဆောင်ခြင်းနှင့် မိုင်းလုပ်ငန်းများမှထွက်ရှိလာသော မြေစာမျာ စွန့်ပစ်ခြင်း စသည်တို့ကြောင့် ဧရာဝတီမြစ်ကြီးမှာ တဖြည်းဖြည်းနှင့် ကောလာနေပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ အရှေ့ဘက်အခြမ်းရှိ ပေ ၃၀၀၀ ကျော်မြင့်မားသော ရှမ်းကုန်းပြင်မြင့်နှင့် အနောက်ဘက်အခြမ်းရှိ ပေ ၂၀၀၀ ကျော်မြင့်မားသော အနောက်ရိုးမတောင်တန်းများအကြား၌ မြောက်မှတောင်သို့စီးဆင်းလျက်ရှိနေကြသော ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်တို့သည် မြန်မာနိုင်ငံအတွက် သဘာဝလက်ဆောင် ရေသယံဇာတများပင်ဖြစ်ကြသည်။

မြန်မာနိုင်ငံတစ်ဝန်း ခန့်မှန်းမြေအောက်ရေအရင်းအမြစ် ကုဗမီတာသန်းပေါင်း ၄၉၃၆၀၀ အပါအဝင် နိုင်ငံ၏ ရေသယံဇာတမှာ နှစ်စဉ်ကုဗမီတာသန်းပေါင်း ၁၀၄၅၆၀၀ ခန့်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့ (FAO)၏ စာရင်းဇယားများက ဖော်ပြကြသည်။ သို့ဖြစ်၍ လတ်တလောကောက်ယူထားသော စာရင်းအရ မြန်မာနိုင်ငံလူဦးရေ ၅၂ သန်းကျော်ဖြင့် အချိုးကျတွက်မည်ဆိုပါက လူတစ်ဦးအတွက် နှစ်စဉ် ရေချိုရရှိနိုင်မှုပမာဏမှာ ကုဗမီတာ ၂၀၀၀၀ ကျော် ရှိနေသည်ဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ လူတစ်ဦးချင်း ရေချိုရရှိနိုင်မှုပမာဏများနှင့်နှိုင်းယှဉ်လျှင် အမြင့်ဆုံးကိန်းဂဏန်းများ ဖြစ်လျက်ရှိနေသည်။ တစ်နည်းဆိုရသော် မြန်မာနိုင်ငံ၏ ရေချိုသယံဇာတမှာ အလျှံအပယ်ရှိနေသည့်သဘောပင် ဖြစ်သည်။

သို့ရာတွင် မုတ်သုံရာသီဥတုရှိသော မြန်မာနိုင်ငံအနေဖြင့် မိုးရွာသွန်းမှုများပြားသောဒေသများ၌ ရေသယံဇာတကို တိုး၍ရရှိနေပြီး မြန်မာနိုင်ငံအလယ်ပိုင်းရှိ မိုးနည်းရေရှားဒေသများ၌မူ ရေသယံဇာတမှာ လျော့နည်းလျက်ရှိနေသည်။ ရခိုင်ကမ်းရိုးတန်းနှင့် တနင်္သာရီကမ်းရိုးတန်းဒေသများ၌ နှစ်စဉ် ပျမ်းမျှမိုးရေချိန် လက်မ ၂၀၀ နီးပါး ရရှိနေသော်လည်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌မူ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၃၉ လက်မအောက်သာ ရရှိနေကြသည်။

မြန်မာနိုင်ငံ၏ ရေသယံဇာတနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ကောင်းသောကိစ္စမှာ မြန်မာ့အသက်သွေးကြော ဧရာဝတီမြစ်ကြီးနှင့် ယင်း၏မြစ်လက်တက်ကြီးဖြစ်သော ချင်းတွင်းမြစ်တို့၏ မြစ်ကြောင်းတစ်လျှောက်တွင် ယိုယွင်းပျက်စီးမှုများကြီးမားစွာဖြစ်ပေါ်နေခြင်းပင် ဖြစ်သည်။ ဧရာဝတီမြစ်ကြီး၏ မိုးရာသီနှင့် နွေရာသီ ရေစီးဆင်းမှုနှုန်းမှာ ၁၄ ဆမျှကွာခြားနေပြီဖြစ်သလို တစ်နှစ်ပတ်လုံး ရေစီးပမာဏစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းမှာ မိုးရာသီ၌ စီးဆင်းပြီး နွေရာသီအဓိကပါဝင်သော ခြောက်သွေ့ကာလများတွင် ၁၀ ရာခိုင်နှုန်းမျှသာ စီးဆင်းလျက် ရှိနေတော့သည်။

သာဓကအားဖြင့် ဟင်္သာတမြို့အနီး တိုင်းတာချက်များအရ မိုးရာသီရေစီးဆင်းမှုနှုန်းမှာ တစ်စက္ကန့်လျှင် ကုဗမီတာ ၃၂၆၀၀ ဖြစ်သော်လည်း ခြောက်သွေ့ကာလ ရေစီးဆင်းနှုန်းမှာမူ ပျမ်းမျှအားဖြင့် တစ်စက္ကန့်လျှင် ကုဗမီတာ ၂၃၀၀ မျှသာရှိနေကြောင်း တွေ့ရှိကြရသည်။ အလားတူပင် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၌ ရေကြီးမှုပမာဏ အမြင့်ဆုံးအချိန်တွင် ကျောင်းကုန်းဒေသတစ်ဝိုက်၌ ရေစီးနှုန်းမှာ တစ်စက္ကန့်လျှင် ကုဗမီတာ ၆၃၇၀၀ ရှိနေပြီး နွေရာသီရေစီးနှုန်းကမူ တစ်စက္ကန့်လျှင် ကုဗမီတာ ၁၅၀၀ မျှသာရှိနေသည့်အတွက် မိုးရာသီနှင့် နွေရာသီ ရေစီးနှုန်းကွာဟချက်မှာ ၄၂ ဆဖြစ်ကြောင်း တွေ့ရှိရသည်။

ပူပြင်းခြောက်သွေ့သော နွေလယ်ကောင်ကာလများ၌ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ပျမ်းမျှရေအနက်မှာ ၃၉ လက်မ(သုံးပေကျော်ကျော်)မျှသာရှိပြီး ဧရာဝတီမြစ်အလယ်ပိုင်းတစ်လျှောက်တွင် သဲသောင်များ ပေါ်ထွန်းလာလေ့ရှိသည်။ ချင်းတွင်းမြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ဝှမ်း ရေဝေဒေသများအတွင်း သစ်ပင်သစ်တောများ ခုတ်လှဲဖြိုဖျက်မှုလွန်ကဲခြင်း၊ မြစ်မကြီးနှင့် မြစ်လက်တက်များ၏ အချို့နေရာများရှိ သတ္တုမိုင်းနှင့် ရွှေမိုင်းများ၌ ယန္တရားကြီးများဖြင့် တူးဖော်လုပ်ကိုင်ကြခြင်း၊ ဧရာဝတီမြစ်၏ မြစ်လက်တက်များ၌ ဆည်တမံများ တည်ဆောက်ခြင်း၊ ရေလယ်တိုင်စိပ်သော မြစ်ကူးတံတားများ တည်ဆောက်ခြင်း စသည်တို့ကြောင့် ဧရာဝတီမြစ်ကြီး ကောလာကာ မြစ်ကြောင်းတစ်လျှောက် သောင်ထွန်းမှုများပိုမိုများပြားလာခြင်းနှင့် မိုးဦးရာသီ၌ ကမ်းပြိုခြင်းများကို ဖြစ်ပွားစေလျက်ရှိသည်။

တစ်နေ့တခြား ရေစီးနည်းလာနေသော ဧရာဝတီမြစ်ကြီးအတွင်းသို့ ပင်လယ်ဝမှ ဆားငန်ရေများ တိုးဝင်ရောက်ရှိမှုပမာဏမှာ ပို၍တိုးလာဖွယ်ရှိနေသဖြင့် မြစ်ဝကျွန်းပေါ်ဒေသများ၌ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ကောက်ပဲသီးနှံစိုက်ပျိုးထုတ်လုပ်မှုတို့ကို ခြိမ်းခြောက်လျက်ရှိနေသည်။ ၂၀၁၄ ခုနှစ်၏ ဆောင်းအကုန် နွေအကူးကာလ တိုင်းတာချက်များအရ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ရေစူးမှာ မြစ်ကြီးနားနှင့် ဆင်ဘိုမြို့အကြား၌ ၂ ပေ ၆ လက်မ၊ ဗန်းမော်နှင့် ကသာအကြား၌ ၃ ပေ ၉ လက်မ၊ ကသာနှင့် မန္တလေးအကြား၌ ၄ပေ၊ မန္တလေးနှင့် ပြည်မြို့အကြား၌ ၅ ပေ၊ ပြည်နှင့် ဟင်္သာတအကြား၌ ၅ ပေ ၆ လက်မခန့်သာ ရှိတော့သဖြင့် ဧရာဝတီ၏ အခြေအနေမှာ အလွန်အမင်းစိုးရိမ်ဖွယ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ။

# မော်ရင်ညိုကို အနိုင်ရဖို့ခက်တဲ့ ဂွာဒီယိုလာ



**ပရီမီယာလိဂ်ပွဲစဉ် (၄)ကို လာမယ့်စက်တင်ဘာ ၁၀၊ ၁၁၊ ၁၃ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ မန်ချက်စတာဒါဘီပွဲစဉ်ပါဝင်နေပြီး မော်ရင်ညိုနဲ့ ဂွာဒီယိုလာတို့ ထိပ်တိုက်ဆုံတွေ့မှာဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင်ဒီပွဲစဉ်မှာ လီဗာပူးနဲ့ လက်စတာတို့ဆုံတွေ့တဲ့ ပွဲပါဝင်နေတာကြောင့်လည်း အကြိတ်အနယ်ရှိမှာ သေချာနေပါတယ်။ ဒီပွဲစဉ်မှာတော့ ဥရောပပွဲကစားရဖို့မရှိတဲ့ ချယ်လ်ဆီး၊ အဲဗာတန်တို့နိုင်ပွဲတွေဆက်နိုင်ဖို့ရှိနေကာ စပါးကတော့ ရှုံးကန်ရဖို့ရှိနေပါတယ်။**

## မစ်ဒယ်ဘရော့ vs ပဲလေ့စ်

| ယမန်နှစ် | - | - | - | - |
|---|---|---|---|---|

တန်းတက်မစ်ဒယ်ဘရော့က ခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေပါတယ်။ ကစားသမားအင်အားပိုင်း ကောင်းမွန်သလို အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ရလဒ်ကောင်းဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ ပဲလေ့စ်ကတော့ လက်ရှိအချိန်အထိ ပုံမှန်ခြေစွမ်းရဖို့ ရုန်းကန်နေရဆဲဖြစ်သလို တိုက်စစ်ပိုင်းကလည်း သာမန်သာရှိတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း မစ်ဒယ်ဘရော့တို့ အိမ်ကွင်းမှာအခွင့်အရေး ရနိုင်သလို နိုင်ပွဲလည်း ကပ်ရမယ်။

## လီဗာပူး vs လက်စတာ

| ယမန်နှစ် | လီဗာပူး | ၁ | ၀ | လက်စတာ |
|---|---|---|---|---|

လက်စတာဟာ နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ခဲ့သလို ဒီပွဲမှာလည်းနိုင်ပွဲဆက်နိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့်လည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ ခက်ပါလိမ့်မယ်။ ဒါ့အပြင်တိုက်စစ်ပိုင်းမှာလည်း မူဆာနဲ့ ဗာဒီတို့ထင်သလောက်တွဲဖက်မမိသေးပါဘူး။ လီဗာပူးကတော့ ခြေစွမ်းပိုင်းကောင်းမွန်သလို အိမ်ကွင်းလည်းဖြစ်နေကာ ဥရောပပွဲလည်းကစားရဖို့မရှိပါဘူး။ လီဗာပူးကသာ အိမ်ကွင်းမှာနိုင်ပွဲရမယ်။

## စတုတ် vs စပါး

| ယမန်နှစ် | စတုတ် | ၀ | ၄ | စပါးစ် |
|---|---|---|---|---|

စတုတ်က အသင်းလိုက်ခြေစွမ်းပိုင်းအရ မာကျောမှုရှိနေတယ်ဆိုပေမယ့်လည်း လက်ရှိအချိန်မှာတော့ ပုံမှန်ခြေစွမ်းရယူနိုင်ဖို့ရုန်းကန်နေရဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် ရလဒ်ကောင်းမွန်ဖို့အားစိုက်လာမှာဖြစ်ပါတယ်။ စပါးကတော့ဆစ်ဆိုကိုကို ထပ်မံခေါ်ယူထားနိုင်လို့ ကွင်းလယ်ပိုင်းပိုမိုပြီး ကောင်းမွန်လာနိုင်ပေမယ့် ချန်ပီယံလိဂ်ရှိနေတာကြောင့်ခြေကုန်ထုတ်ဖို့ခက်ပါတယ်။ စပါးကပ်ပြီးသာနိုင်မယ်။

## ဆွမ်ဆီး vs ချယ်လ်ဆီး

| ယမန်နှစ် | ဆွမ်ဆီး | ၁ | ၀ | ချယ်လ်ဆီး |
|---|---|---|---|---|

ဆွမ်ဆီးက ဒီပွဲကိုအိမ်ကွင်းမှာကစားရမှာဖြစ်သလို နိုင်ပွဲတစ်ပွဲသာရရှိထားတာကြောင့်လည်း အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် ခြေစွမ်းနဲ့တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ချယ်လ်ဆီးကတော့ ဒေးဗစ်လူးဝစ်ဇ်ကို ထပ်မံခေါ်ယူထားနိုင်ခဲ့သလို လက်ရှိခြေစွမ်းပိုင်းလည်း ကောင်းမွန်နေပါတယ်။ ဒါ့အပြင် ဥရောပပွဲလည်းကစားရဖို့မရှိတာကြောင့် ချယ်လ်ဆီးတို့ခြေကုန်ထုတ်လာမှာဖြစ်ပြီး နိုင်ပွဲလည်း ရယူသွားနိုင်ဖို့ရှိနေပါတယ်။

## မန်ယူ vs မန်စီးတီး

| ယမန်နှစ် | မန်ယူ | ၀ | ၀ | မန်စီးတီး |
|---|---|---|---|---|

မန်ချက်စတာဒါဘီပွဲစဉ်ဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းသလို မော်ရင်ညိုနဲ့ ဂွါဒီယိုလာတို့ရဲ့ ပြန်လည်ဆုံတွေ့မှုဖြစ်တာကြောင့်လည်း စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ လက်ရှိအချိန်မှာတော့ မန်စီးတီးရဲ့အသင်းလိုက်ခြေစွမ်းက မန်ယူထက် ပိုမိုကောင်းမွန်နေပေမယ့် ဒီပွဲစဉ်မှာ အဂူရိုပါဝင်နိုင်မှာမဟုတ်တာကြောင့် တိုက်စစ်ပိုင်းအားနည်းနိုင်သလို မန်ယူရဲ့အိမ်ကွင်းလည်းဖြစ်နေပါတယ်။ မန်ယူတို့ အနိမ့်ဆုံး သရေလောက်ကစားနိုင်ပါလိမ့်မယ်။

## အာဆင်နယ် VS ဆောက်သမ်တန်

| ယမန်နှစ် | အာဆင်နယ် | ၀ | ၀ | ဆောက်သမ်တန် |
|---|---|---|---|---|

အာဆင်နယ်ဟာ လက်ရှိအချိန်မှာ တစ်ပွဲသာအနိုင်ရသေးတာကြောင့် နိုင်ပွဲဆက်လက်ရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အာဆင်နယ်အနေနဲ့ အိမ်ကွင်းလည်းဖြစ်တဲ့အပြင် မူစတာဖီကိုလည်း ခေါ်ယူထားနိုင်တာကြောင့် ခံစစ်ပိုင်းပိုမိုကောင်းမွန်လာနိုင်ပါတယ်။ ဒါပေမယ့်လည်း အာဆင်နယ်တို့ချန်ပီယံလိဂ်ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ပါလိမ့်မယ်။ ဆောက်သမ်တန်က ခြေစွမ်းပိုင်းအားနည်းမှုများပေမယ့် အာဆင်နယ်ကပ်ပြီးသာ နိုင်မယ်။

## ဝက်စ်ဟမ်း vs ဝက်ဖို့ဒ်

| ယမန်နှစ် | ဝက်စ်ဟမ်း | ၃ | ၁ | ဝက်ဖို့ဒ် |
|---|---|---|---|---|

သုံးပွဲကစားပြီးချိန်မှာ တစ်ပွဲသာနိုင်သေးတဲ့အတွက် ဝက်စ်ဟမ်းတို့အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါ တယ်။ ဒါပေမယ့် ဝက်စ်ဟမ်းကလက်ရှိအချိန်မှာ ဒဏ်ရာရကစားသမားတွေများနေတဲ့အတွက် အသင်းလိုက်ခြေစွမ်းပိုင်းကိုထိခိုက်နေပါတယ်။ ဒါကြောင့် ဝက်ဖို့ဒ်ရဲ့ ခြေစွမ်းပိုင်းအားနည်းမှုများတယ်ဆိုပေမယ့်လည်း ဝက်စ်ဟမ်းတို့အသာရဖို့ရုန်းကန်ရနိုင်ပါတယ်။ အိမ်ကွင်းမှာဝက်စ်ဟမ်းကပ်ပြီးသာနိုင်မယ်။

## ဆန်းဒါးလန်း vs အဲဗာတန်

| ယမန်နှစ် | ဆန်းဒါးလန်း | ၃ | ၀ | အဲဗာတန် |
|---|---|---|---|---|

သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးဘဲ တစ်ပွဲသာသရေကစားနိုင်ခဲ့တာကြောင့် ဆန်းဒါးလန်းတို့ အခုအိမ်ကွင်းပွဲမှာ နိုင်ပွဲရဖို့အားစိုက်လာမှာဖြစ်ပေမယ့် အသင်းလိုက် ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ အထူးသဖြင့် မိုယေးလက်ထက်မှာ ဆန်းဒါးလန်းရဲ့အသင်းလိုက်ဟန်ချက်က တည်ငြိမ်မှုမရှိသေးတာကြောင့် အဲဗာတန်ကိုထိန်းချုပ်နိုင်ဖို့ ခက်ပါလိမ့်မယ်။ အဲဗာတန်ကလည်း ခြေကောင်းနေလို့ အဲဗာတန်ပဲ နိုင်ပွဲရမှာသေချာနေတယ်။

## ဘုန်းမောက် vs ဝက်စ်ဘရွန်း

| ယမန်နှစ် | ဘုန်းမောက် | ၁ | ၁ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ဘုန်းမောက်က ကစားပြီးသမျှ သုံးပွဲစလုံး အနိုင်မရခဲ့ဘူးဆိုပေမယ့်လည်းအသင်းလိုက် ကစားပုံ မဆိုးပါဘူး။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဒီပွဲစဉ်မှာ ပထမဆုံးအနိုင်ရနိုင်ဖို့ အားစိုက်ကစားလာမှာလည်း သေချာနေပါတယ်။ ဒါ့အပြင် ဝက်စ်ရွန်းကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းသာမန်သာရှိတာကြောင့် အိမ်ကွင်းလည်းဖြစ်နေတဲ့ ဘုန်းမောက်တို့အခွင့်အရေးရနိုင်ပါတယ်။ ဒီပွဲစဉ်မှာ ဘုန်းမောက်တို့ သရေလောက်ကစားနိုင်မှာပါ။

## ဘန်လေ vs ဟားလ်

| ယမန်နှစ် | ဘန်လေ | ၁ | ၀ | ဟားလ် |
|---|---|---|---|---|

ဟားလ်ခြေစွမ်းပိုင်းကကောင်းမွန်မှုရှိပါတယ်။ သုံးပွဲကစားခဲ့ပြီးချိန်မှာ မန်ယူတစ်သင်းတည်းကိုသာ ရှုံးနိမ့်ထားခဲ့ရသလို အဆိုပါပွဲမှာလည်း ဟားလ်ခြေစွမ်းပိုင်းက ကောင်းမွန်ခဲ့တာကိုတွေ့ရပါတယ်။ ဒါပေမယ့် ဘန်လေကလည်း အိမ်ကွင်းကစားပုံကောင်းမွန်မှုရှိသလို အိမ်ကွင်းမှာ လီဗာပူးကိုတောင်အနိုင်ကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမယ့် ဘန်လေတို့နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၁)

| အင်္ဂါနေ့ (၁၃-၉-၁၆) | | | | ဗုဒ္ဓဟူးနေ့ (၁၄-၉-၁၆) | | | |
|---|---|---|---|---|---|---|---|
| နံနက် ၁း၁၅ | ပီအက်စ်ဂျီ | - | အာဆင်နယ် | နံနက် ၁း၁၅ | လေဗာကူဆင် | - | စီအက်စ်ကေအေ |
| နံနက် ၁း၁၅ | ဘေဆယ် | - | လူဒိုဂိုရက်စ် | နံနက် ၁း၁၅ | စပါး | - | မိုနာကို |
| နံနက် ၁း၁၅ | ဒီနာမိုကိဗ် | - | နာပိုလီ | နံနက် ၁း၁၅ | ရီးရဲ | - | စပို့တင်း |
| နံနက် ၁း၁၅ | ဘင်ဖီကာ | - | ဘက်ရှီးတပ် | နံနက် ၁း၁၅ | လီဂီယာဝါဆော | - | ဒေါ့မွန် |
| နံနက် ၁း၁၅ | ဘာစီလိုနာ | - | ဆဲလ်တစ် | နံနက် ၁း၁၅ | ဘရူဂျက် | - | လက်စတာ |
| နံနက် ၁း၁၅ | မန်စီးတီး | - | ဂလာဘတ် | နံနက် ၁း၁၅ | ပေါ်တို | - | ကိုပင်ဟေဂင် |
| နံနက် ၁း၁၅ | ဘိုင်ယန် | - | ရော့စတော့ | နံနက် ၁း၁၅ | လိုင်ယွန် | - | ဒိုင်နာမိုဇာဂရပ်စ် |
| နံနက် ၁း၁၅ | အိုင့်ဟိုဗင် | - | အက်သလက် | နံနက် ၁း၁၅ | ဂျူဗင်တပ်စ် | - | ဆီဗီးလာ |

# ပေါ့ဂ်ဘာထက် ဟီဂွာရင်အား ခေါ်ယူမှုသည် ပိုမိုသဘာဝကျသည်ဟု ခရက်စပို မှတ်ချက်ပြု

ဂျူဗင်တပ်စ်အသင်းက တိုက်စစ်မှူး ဟီဂွာရင်အား ပြောင်းရွှေ့ကြေး ယူရို သန်း ၉၀ ဖြင့် ခေါ်ယူခဲ့ခြင်းသည် မန်ယူအသင်းက ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာအား ပြောင်းရွှေ့ကြေး ယူရို ၁၀၅ သန်းဖြင့် ခေါ်ယူခဲ့ခြင်းထက် ပိုမိုကျိုးကြောင်းဆီလျော်မှုရှိသည့် ခေါ် ယူမှုဖြစ်ကြောင်း အာဂျင်တီးနားတိုက်စစ်မှူးဟောင်း ဟာနန်ခရက်စပိုက မှတ်ချက်ပြုပြောဆိုလိုက်သည်။

ဂျူဗင်တပ်စ်အသင်းသည် ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ (၂၃နှစ်)အား ဩဂုတ် ၈ ရက်တွင် မန်ယူသို့ ကမ္ဘာ့စံချိန်တင်ပြောင်း ရွှေ့ကြေးဖြင့် ရောင်းချခဲ့ပြီးနောက် နာပိုလီအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဟီဂွာရင်(၂၈နှစ်) အား ပြောင်းရွှေ့ကြေး ယူရို သန်း ၉၀ ဖြင့် ခေါ်ယူခဲ့သည်။ တိုက်စစ်မှူး ဟီဂွာရင်သည် ပြီးခဲ့သည့် စီးရီးအေပြိုင်ပွဲတွင် နာပိုလီအသင်းအတွက် ၃၅ ပွဲ ပါဝင်ကစားခဲ့ရာတွင် ၃၆ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

အင်တာမီလန်၊ ချယ်လ်ဆီး၊ အေစီမီလန်စသည့် ကလပ်အသင်းများတွင် ပါဝင်ကစားခဲ့ဖူးသူ တိုက်စစ်မှူးဟောင်း ခရက်စပိုက "နာပိုလီအသင်းက တိုက်စစ်မှူး ဟီဂွာရင်ကို ခေါ်ယူဖို့အတွက် ငွေကြေးအများအပြား သုံးစွဲခဲ့တယ်ဆိုရင်လည်း



ဟီဂွာရင်ဟာ ဒီလို ငွေကြေးအများအပြား သုံးစွဲခေါ်ယူဖို့ ထိုက်တန်တဲ့ ကစားသမားဖြစ်တာကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်တော့် အမြင်အရဆိုရင် စီးရီးအေပြိုင်ပွဲ တစ်ရာသီမှာ ၃၆ ဂိုးသွင်းယူနိုင်တဲ့ ကစားသမားတစ်ဦးအတွက် ယူရို သန်း ၉၀ အသုံးပြုတာဟာ ကျိုးကြောင်းဆီလျော်မှုရှိပါတယ်။ ပြောရမယ်ဆိုရင် မန်ယူက ပေါ့ဂ်ဘာကို ခေါ်ယူဖို့အတွက် ငွေကြေးအများအပြား အသုံးပြုခဲ့တာထက် ဟီဂွာရင်ကို ဂျူဗင်တပ်စ်အသင်းက ခေါ်ယူမှုဟာ ပိုမိုသဘာဝကျပါတယ်။ ပေါ့ဂ်ဘာကိုလည်း ကျွန်တော် လေးစားပါတယ်။ သူဟာ တကယ့်ကို ကောင်းမွန်တဲ့ ကွင်းလယ်ကစားသမားပါ"ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး ဟီဂွာရင်သည် ယခုနှစ် စီးရီးအေပြိုင်ပွဲတွင် ဂျူဗင်တပ်စ်အသင်းအတွက်နှစ်ပွဲ ပါဝင်ကစားပြီးချိန်၌ တစ်ဂိုး သွင်းယူပေးထားသည်။ ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာမှာမူ မန်ယူနှင့်အတူ ပရီမီယာလိဂ် နှစ်ပွဲကစားပြီးချိန်တွင် ဂိုးသွင်း ယူပေးနိုင်ခြင်း မရှိသေးပေ။



# ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲများအတွင်း ဂါရတ်ဘေးလ်သည် ဝေလ၏ ဂိုးသွင်းအများဆုံး ကစားသမားဖြစ်လာမည်ဟု ကိုးလ်မန်း ပြောဆို



ဝေလအသင်း တောင်ပံတိုက်စစ် ကစားသမား ဂါရတ်ဘေးလ်သည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲများအတွင်း ဝေလအသင်းသမိုင်းကြောင်း တစ်လျှောက်ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်တင်နိုင်လိမ့်မည်ဟု ဝေလအသင်း မန်နေဂျာ ခရစ္စကိုးလ်မန်းက ထုတ်ဖော်ပြောဆိုလိုက်သည်။

ရီးရဲမက်ဒရစ်ကစားသမား ဂါရတ်ဘေးလ် (၂၇နှစ်) သည် ပြီးခဲ့သည့် စက်တင်ဘာ ၂ ရက်တွင် ဝေလအသင်းက အိမ်ကွင်း၌ မော်လ်ဒိုဗာအသင်းအား ၄-၀ ဖြင့် အနိုင်ရရှိခဲ့သော ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် နိုင်ငံလက်ရွေးစင်အသင်းအတွက် သွင်းဂိုး ၂၄ ဂိုး ရှိသွားပြီဖြစ်သည်။ ဝေလအသင်းသမိုင်းကြောင်း တစ်လျှောက် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် တိုက်စစ်မှူးဟောင်း အီရန်ရပ်က သွင်းဂိုး ၂၈ ဂိုးနှင့် စံချိန်တင်ထားခြင်းဖြစ်သည်။

**ပြီးခဲ့သည့် ငါးနှစ်အတွင်း ဝေလအသင်းအတွက် ဂါရတ်ဘေးလ်၏ စွမ်းဆောင်ပေးနိုင်မှု**

| ခုနှစ် | ပွဲ | သွင်းဂိုး | ပျမ်းမျှဂိုးသွင်းနှုန်း |
|---|---|---|---|
| ၂၀၁၅ | ၆ | ၅ | ၀.၈၃ |
| ၂၀၁၄ | ၅ | ၃ | ၀.၆၀ |
| ၂၀၁၃ | ၅ | ၂ | ၀.၄၀ |
| ၂၀၁၂ | ၅ | ၃ | ၀.၆၀ |
| ၂၀၁၁ | ၆ | ၃ | ၀.၅၀ |

"ဂါရတ်ဘေးလ်ဟာ ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားခြေစစ်ပွဲတွေအတွင်း ဝေလအသင်းရဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်တင်နိုင်ပါလိမ့်မယ်။ ပြီးခဲ့တဲ့နှစ်နှစ်အတွင်း ဝေလအသင်းအတွက် ဂါရတ်ဘေးလ်ရဲ့ ဂိုးသွင်းယူနိုင်မှုနှုန်းကို ကြည့်မယ်ဆိုရင် သူဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲတွေအတွင်း အီရန်ရပ်ရဲ့ စံချိန်ကို ချိုးဖြတ်ဖို့ အခွင့်အလမ်းရှိနေတယ်ဆိုတာ မြင်တွေ့ရမှာ ဖြစ်ပါတယ်"ဟု မန်နေဂျာ ခရစ်ကိုးလ်မန်းက ပြောဆိုခဲ့သည်။

ဂါရတ်ဘေးလ်သည် ၂၀၁၆ ခုနှစ် အတွင်းတွင် ဝေလအသင်းအတွက် ရှစ်ပွဲ ပါဝင်ကစားပြီးချိန်၌ ငါးဂိုးသွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင် ဂါရတ်ဘေးလ်သည် ရီးရဲမက်ဒရစ်အသင်းအတွက် စပိန်လီဂါပြိုင်ပွဲတွင် နှစ်ပွဲပါဝင်ကစားထားကာ နှစ်ဂိုးသွင်းယူပေးထားသည်။

# မဟာပြိုင်ဘက်တို့ရဲ့ အားပြိုင်မှု သို့မဟုတ် မန်ချက်စတာဒါဘီ

● အောင်က

**ပြီးခဲ့တဲ့အပတ်ဟာ ပရီမီယာလိဂ်ပွဲတွေနားခဲ့ပြီး နိုင်ငံတကာခြေစမ်းပွဲတွေနဲ့ ခြေစစ်ပွဲတွေစတင်ခဲ့တာကြောင့် ပရီမီယာလိဂ်ပရိသတ်တွေအနေနဲ့ ကလပ်ဘောလုံးပွဲတွေနဲ့တော့ တစ်ပတ်ဝေးသွားခဲ့တယ်လို့ပြောရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မန်ချက်စတာဒါဘီပွဲ မတိုင်ခင် မျက်နှာပန်းလှခဲ့တဲ့ အင်္ဂလန်နဲ့ ဆမ်အလာဒိုက်စ်တို့ရဲ့ အောင်ပွဲကိုတော့ ဒီကြားထဲမှာဒီကြားထဲ စိတ်ဝင်စားစရာကောင်းတဲ့ပွဲအနေနဲ့ ကြည့်ရှုခဲ့ရတာကတော့ အမှန်ပဲဖြစ်ပါတယ်။**

မန်ချက်စတာဒါဘီဟာ စနေနေ့ ညမှာကစားမှာဖြစ်ပြီး ဒီနှစ်ပရီမီယာလိဂ်ရဲ့ အစောဆုံး ဒါဘီပွဲလို့လည်း ပြောရမှာဖြစ်ပါတယ်။ ယခုနှစ်ပရီမီယာလိဂ်ကို ကြည့်မယ်ဆိုရင်လည်း လူစိတ်ဝင်စားဆုံးကတော့ မန်ယူနဲ့ မန်စီးတီးအသင်းတို့ရဲ့ ထိပ်တိုက်အားပြိုင်မှုဖြစ်ပါတယ်။ ဒါ့အပြင် ဒီနှစ်ရာသီမှာ မန်ချက်စတာနှစ်သင်းစလုံးကို စတင်ကိုင်တွယ်ကြတဲ့ မော်ရင်ညိုနဲ့ ဂွာဒီယိုလာတို့ကလည်း လူတိုင်းကစိတ်ဝင်စားစွာစောင့်ကြည့်နေကြတဲ့သူတွေ လည်းဖြစ်ပါတယ်။ ဒါအပြင် မန်ချက်စတာနှစ်သင်းစလုံးရဲ့ နွေရာသီဈေးကွက်အတွင်း ကစားသမားသစ်ခေါ်ယူမှုနဲ့ အပြိုင်အဆိုင်ငွေကြေးသုံးစွဲမှုတွေကလည်း လူတိုင်းအတွက် စိတ်ဝင်စားစွာဖြစ်စေခဲ့ရပါတယ်။

မန်ယူနဲ့မန်စီးတီးအသင်းတို့ရဲ့ ဒါဘီသမိုင်းကိုကြည့်မယ်ဆိုရင်တော့ လွန်ခဲ့တဲ့ ငါးနှစ်ကျော်က အိုးထရက်ဖို့ဒ်မှာ မန်စီးတီးအသင်းကို ခြောက်ဂိုး-တစ်ဂိုးနဲ့ မန်ယူအသင်းရဲ့ ကြီးမားတဲ့ ရှုံးနိမ့်မှုနဲ့ပတ်သက်ပြီး ပရိသတ်တွေအနေနဲ့ လက်ရှိအချိန်အထိတော့ အမှတ်ရနေဆဲဖြစ်ပါတယ်။ အဲ့ဒါဟာ ဖာဂူဆန်ကိုင်တွယ်ခဲ့စဉ်အတွင်း မန်စီးတီးအသင်းနဲ့ပတ်သက်ပြီး ရှုံးနိမ့်ခဲ့တဲ့ အဆိုးဆုံးရှုံးနိမ့်မှုလည်း ဖြစ်ပါတယ်။ အဲ့ဒီပွဲမှာဂိုးသွင်းယူခဲ့သူတွေကတော့ ဘာလော့တယ်လီ၊ အဂူရို၊ ဇက်ကိုနဲ့ ဒေးဗစ်ဆေးလ်ဗား တို့ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ မန်စီးတီးအသင်းမှာ အဂူရိုနဲ့ဒေးဗစ်ဆေးလ်ဗားတို့သာ ရှိပါတော့တယ်။

> **ဂွာဒီယိုလာအနေနဲ့ အဂူရိုနဲ့ ဒေးဗစ်ဆေးလ်ဗားတို့ကို ထည့်သွင်းအသုံးပြုဖို့တော့ ရှိနိုင်တယ်လို့ ကြိုတင်ခန့်မှန်းမှုတွေ ရှိနေခဲ့ပေမယ့် အဂူရိုဟာ သုံးပွဲပယ်ပြစ်ဒဏ်ကြောင့် ဒါဘီပွဲနဲ့လွဲမှာဖြစ်တာကြောင့် တစ်ချိန်က မန်ယူအသင်းကို ကြီးမားစွာအနိုင်ယူခဲ့တဲ့ မန်စီးတီးအသင်းရဲ့ ကစားသမားတွေထဲမှာတော့ ဒေးဗစ်ဆေးလ်ဗားတစ်ဦးပဲ ဒါဘီပွဲမှာပါဝင်ကစားနိုင်ဖို့ရှိတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။**

ဒါကြောင့် မန်ချက်စတာဒါဘီပွဲကို ပထမဦးဆုံးကိုင်တွယ်မယ့် ဂွာဒီယိုလာအနေနဲ့ အဂူရိုနဲ့ ဒေးဗစ်ဆေးလ်ဗားတို့ကို ထည့်သွင်းအသုံးပြုဖို့တော့ ရှိနိုင်တယ်လို့ ကြိုတင်ခန့်မှန်းမှုတွေ ရှိနေခဲ့ပေမယ့် အဂူရိုဟာ သုံးပွဲပယ်ပြစ်ဒဏ်ကြောင့် ဒါဘီပွဲနဲ့လွဲမှာဖြစ်တာကြောင့် တစ်ချိန်က မန်ယူအသင်းကို ကြီးမားစွာအနိုင်ယူခဲ့တဲ့ မန်စီးတီးအသင်းရဲ့ ကစားသမားတွေထဲမှာတော့ ဒေးဗစ်ဆေးလ်ဗားတစ်ဦးပဲ ဒါဘီပွဲမှာပါဝင်ကစားနိုင်ဖို့ရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အဂူရိုရဲ့နေရာမှာတော့ အနီချီဘီကို စားထိုးနိုင်ဖို့တော့ ရှိနိုင်ပါတယ်။ ဒါ့အပြင် မန်နေဂျာဂွာဒီယိုလာဟာ နိုလီတိုကိုတိုက်စစ်ပိုင်းကိုပို့ပြီး ကွင်းလယ်ပိုင်းကိုလည်းအပြောင်းအလဲလုပ်သွားဖို့လည်း ရှိနိုင်ပါတယ်။ ဘယ်လိုပင် ဆိုစေကာမူ အဂူရိုမန်စီးတီးအသင်းမှာ မပါဝင်ခြင်းဟာ မန်စီးတီးအသင်းရဲ့တိုက်စစ်ပိုင်းအတွက်ကြီးမားတဲ့ ထိုးနှက်ချက်တစ်ခုအဖြစ် ရှိနေတယ်လို့တော့ ဆိုရမှာဖြစ်ပါတယ်။

မန်ယူအသင်းရဲ့တိုက်စစ်ပိုင်းကတော့ အီဘရာဟီမိုဗစ်နဲ့ ရွှန်းနေတို့ဟာ အသက်၃၀ ကျော်ကစားသမားတွေဖြစ်ကြပေမယ့် မန်ယူအသင်းရဲ့တိုက်စစ်ပိုင်းအတွက် အားကိုးရတဲ့ကစားသမားတွေအဖြစ်ရှိနေတာကိုတော့ တွေ့ရဦးမှာ ဖြစ်ပါတယ်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ဆိုရင် မန်ယူအသင်းရဲ့ ပရီမီယာလိဂ်အဖွင့် သုံးပွဲမှာ သုံးဂိုးသွင်းယူပေးထားတဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း မန်ယူအသင်းရဲ့ တိုက်စစ်ပိုင်းကတော့ ဝါရင့်တိုက်စစ်မှူးတွေနဲ့အတူ တောင့်တင်းမှုအပြည့်ရှိတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ကတော့ အသင်းရဲ့တိုက်စစ်ပိုင်းတွက် ဝါရင့်တိုက်စစ်မှူးတွေနဲ့စာရင် လူငယ်တိုက်စစ်မှူး စတာလင်းကိုတော့ ပိုမိုပွဲထုတ်လာတာကိုတော့ တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဟမ်းအသင်းကို ၃-၁ နဲ့နိုင်ခဲ့တဲ့ပွဲမှာ စတာလင်းဟာ မန်စီးတီးအသင်းအတွက် နှစ်ဂိုးသွင်းယူပေးကာ အကောင်းဆုံး အစွမ်းပြနိုင်ခဲ့ပါတယ်။

မန်ယူအသင်းအနေနဲ့ကတော့ ဒဏ်ရာရရှိနေတဲ့ မီခီတာရန်ရှိနေရာ မာရှယ်ကို အစားထိုးဖို့ရှိနိုင်သလို ဟားလ်စီးတီးအသင်းနဲ့ပွဲမှာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကိုသွင်းယူပေးထားနိုင်ခဲ့တဲ့ ရက်ရှ်ဖို့ဒ်ကိုလည်း အသင်းမှာထုတ်သုံးသွားဖို့တော့ရှိနေနိုင်ပါတယ်။ လက်အချိန်မှာတော့ မန်ယူနဲ့ မန်စီးတီးအသင်းတို့ရဲ့အခြေအနေတွေကို ချိန်ထိုးကြည့်မယ်ဆိုရင်တော့ ရှေ့တန်းနဲ့အလယ်တွေမှာတော့ သိပ်ကွာခြားမှုမရှိနိုင်ပေမယ့် နောက်တန်းခံစစ်ပိုင်းမှာတော့ မန်ယူအသင်းရဲ့ ခံစစ်ပိုင်းကို ပိုမိုတောင့်တင်းတဲ့ပုံစံရှိတာကိုတွေ့ရမှာဖြစ်ပြီးဂိုးသမားဒီဂီယာကလည်း အကောင်းဆုံးပုံစံနဲ့ရှိနေတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

မန်စီးတီးအသင်း မန်နေဂျာဂွာဒီယိုလာလာဟာ အသင်းမှာ ဆယ်စုနှစ်တစ်ခုကြာ ဖမ်းလာခဲ့တဲ့ ဂျိုးဟတ်ရဲ့နေရာမှာ ဘာစီလိုနာအသင်းရဲ့ ဂိုးသမားဘရာဗိုကို ခေါ်ယူထားခဲ့ပါတယ်။ ဘရာဗိုအနေနဲ့ လက်စွမ်းကောင်းမွန်တဲ့ ဂိုးသမားတစ်ဦးဖြစ်ပေမယ့် အသင်းသစ်မှာ အသားကျနိုင်ဖို့တော့ အချိန်အတိုင်းအတာတစ်ခုလိုနေသေးတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အဲဗာတန်အသင်းကနေပြောင်းရွှေ့လာခဲ့တဲ့ ဂျွန်စတုန်းကလည်း အတွေ့အကြုံရင့်ကျက်တဲ့ကစားသမားတစ်ဦး မဖြစ်သေးတာကတော့ အမှန်ပါပဲ။ မန်စီးတီးရဲ့ကပ္ပတိန်ကွန်ပါနေးရဲ့ကြံ့ခိုင်မှုကလည်း ထင်သလောက်ကောင်းမွန်မှုမရှိသေးတာကြောင့် ဒါဘီပွဲမှာပါဝင်နိုင်ရေးကလည်း သံသယဝင်စရာပါပဲ။

ဒါတွေကြောင့် ဒီနှစ်ပရီမီယာလိဂ်ရဲ့ ပထမဦးဆုံးဒါဘီပွဲကတော့ ပရိသတ်တိုင်းအတွင်း ရင်ခုန်စွာစောင့် ကြည့်ချင်စရာလည်းဖြစ်နေပါတယ်။ စပိန်လီဂါမှာကတည်းက ပြိုင်ဆိုင်မှုတွေပြင်းထန်လာခဲ့တဲ့ ဂွာဒီယိုလာနဲ့ မော်ရင်ညိုတို့ရဲ့ ပရီမီယာလိဂ်ပထမဦးဆုံး အားပြိုင်မှုကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

## စပိန်လီဂါပွဲစဉ်(၃)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၉-၉-၁၆)** | | | |
| နံနက် ၁း၁၅ | ဆိုစီဒက် | - | အက်စ်ပန်ညို |
| **စနေနေ့ (၁၀-၉-၁၆)** | | | |
| ညနေ ၅း၃၀ | ဆယ်တာဗီဂို | - | အက်သလက် |
| ည ၈း၃၀ | ရီးရဲ | - | အိုဆာဆူနာ |
| ည ၁၀း၄၅ | မာလာဂါ | - | ဗီလာရီးရဲ |
| ည ၁၀း၄၅ | ဆီဗီလာ | - | လက်ပဲလ်မက်စ် |
| နံနက် ၁း၀၀ | ဘာစီလိုနာ | - | အလာဗက်စ် |
| **တနင်္ဂနွေနေ့ (၁၁-၉-၁၆)** | | | |
| ညနေ ၄း၃၀ | ဂီဂျွန် | - | လီဂါနက်စ် |
| ည ၈း၃၀ | ဗလင်စီယာ | - | ဘက်တစ် |
| ည ၁၀း၄၅ | ဂရန်နာဒါ | - | အီဘာ |
| နံနက် ၁း၀၀ | ဒီပိုတီဗို | - | ဘီဘာအို |

## ပရီမီယာလိဂ်ပွဲစဉ်(၄)

| | | | |
|---|---|---|---|
| **စနေနေ့ (၁၀-၉-၁၆)** | | | |
| ည ၆း၀၀ | မန်ယူ | - | မန်စီးတီး |
| ည ၈း၃၀ | ဘုန်းမောက် | - | ဝက်စ်ဘရွန်း |
| ည ၈း၃၀ | အာဆင်နယ် | - | ဆောက်သမ်တန် |
| ည ၈း၃၀ | ဘန်လေ | - | ဟားလ်စီးတီး |
| ည ၈း၃၀ | မစ်ဒယ်ဘရော့ | - | ခရစ္စတဲလ်ပဲလေ့စ် |
| ည ၈း၃၀ | စတုတ်စီးတီး | - | စပါး |
| ည ၈း၃၀ | ဝက်စ်ဟမ်း | - | ဝက်ဖို့ဒ် |
| ည ၁၁း၀၀ | လီဗာပူး | - | လက်စတာ |
| **တနင်္ဂနွေနေ့ (၁၁-၉-၁၆)** | | | |
| ည ၉း၃၀ | ဆွမ်ဆီး | - | ချယ်လ်ဆီး |
| **တနင်္လာနေ့ (၁၂-၉-၁၆)** | | | |
| နံနက် ၁း၃၀ | ဆန်းဒါးလန်း | - | အဲဗာတန် |

# အရေးပေါ်အခြေအနေများအတွက် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရန်နှင့် အကူအညီပေးရန် အလုပ်ရုံဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၈**

အရေးပေါ်အခြေအနေများ တွေ့ကြုံလာချိန်တွင် မျိုးဆက် ပွားကျန်းမာရေးနှင့်ပတ်သက်ပြီး ကိုယ်ဝန်ဆောင်မိခင်များ၊ အမျိုးသမီးများနှင့် ကလေးငယ်များအား အကာအကွယ်ပေးရန်အတွက် အရေးပေါ်အခြေအနေများအတွက် မျိုးဆက်ပွားကျန်းမာရေးတုံ့ပြန်ရေးအဖွဲ့ အလုပ်ရုံဆွေးနွေးပွဲကို မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် ကြက်ခြေနီရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၆ ရက်က ပြုလုပ်ခဲ့သည်။




အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့(UNSPA)တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲတွင် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်က အမှာစကားပြောကြားကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ်(နေပြည်တော်)မှ ကျန်းမာရေးဌာန စီမံချက်မန်နေဂျာ ဦးဇော်ထူးဦးက အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

"ဒီအလုပ်ရုံဆွေးနွေးပွဲမှာက အရေးပေါ်အခြေအနေဖြစ်ပြီဆိုရင် အမျိုးသမီးတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ ကလေးငယ်တွေဟာ မျိုးဆက်ပွားမှုနဲ့ပတ်သက်ပြီး ထိခိုက်လွယ်တယ်။ ဒါတွေကို ဘယ်လိုကူညီပေးမလဲ။ နောက်ပြီး ကယ်ဆယ်ရေးစခန်းတွေ၊ ပဋိပက္ခဖြစ်တဲ့နေရာတွေမှာ ကိုယ်ဝန်ဆောင်မိခင်တွေကို အဲဒီနေရာမှာ မွေးဖွားနိုင်အောင် ဘယ်လိုရွှေ့ပြောင်းပေးမလဲ၊ ဘယ်လိုကူညီပေးရမလဲပေါ့။ တချို့နေရာတွေမှာ အုပ်ချုပ်မှုယန္တရားပျက်ပြားပြီး အကြမ်းဖက်မှုတွေ ရှိလာနိုင်တယ်။ ဒါကိုလည်း ဘယ်လို ကူညီဆက်သွယ်ဆောင်ရွက်ပေးရမလဲ။ ပြီးရင် NGO၊ ဌာနဆိုင်ရာ၊ လူမှုရေးအဖွဲ့အစည်းတွေအနေနဲ့ ဘယ်အခန်းကဏ္ဍကနေ တာဝန်ယူ ကူညီဆောင်ရွက်ပေးနိုင်မလဲ။ ထောက်ပံ့ပေးနိုင်မှုနဲ့ ဘယ်လိုအခက်အခဲတွေရှိမလဲ ဆိုတဲ့အချက်တွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု ကျန်းမာရေးဌာန စီမံချက်မန်နေဂျာက ပြောသည်။

"အဓိကက ဒီစီမံချက်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနဲ့ ကမ္ဘာ့လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး ၂၀၁၆ ခုနှစ်မှစတင်ပြီး အရေးပေါ်မျိုးဆက်ပွားကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ ချင်း၊ ရခိုင်၊ ကချင် ပြည်နယ်သုံးခုမှာ ပြုလုပ်သွားမှာပါ။ ချင်းနဲ့ ရခိုင်ပြည်နယ်မှာတော့ ဆောင်ရွက်ပြီးစီးသွားပြီး ကချင်ပြည်နယ်မှာတော့ အခုမှ စတင်ဆောင်ရွက်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက်နှင့် ၇ ရက် နှစ်ရက်ကြာ ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲသို့ ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (နေပြည်တော်) ရုံးချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကချင်အထူးစီမံချက်ရုံးမှ ဦးဂဲနက်စ်၊ UNSPA မြစ်ကြီးနားရုံးမှ ဒေါက်တာအိခိုင်ဇင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များနှင့် ကချင်ပြည်နယ်အတွင်းမှ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **မင်းရာဇာ**

## အတက်ရောဂါစီမံချက်အကြောင်း အသိပေးရှင်းလင်း

**စစ်ကိုင်း စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်မာနိုင်ငံ အတက်ရောဂါစီမံချက်အကြောင်း အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းမြို့နယ် ကျန်းမာရေးအရာရှိ ဒေါက်တာသက်နိုင်အောင်က အမှာစကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဆေးကုဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာစမ်းဦးက အတက်ရောဂါအကြောင်းနှင့် ပတ်သက်၍ အတက်ရောဂါလူနာများအား မှတ်တမ်းတင်ရိုက်ကူးထားသည့် ဗွီဒီယိုဖိုင်များကို လက်တွေ့ပြသကာ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။



"အတက်ရောဂါဟာ ကုသလို့ရပြီး ဦးနှောက်နှင့်အာရုံကြော ရောဂါဖြစ်ပါတယ်။ ကူးစက်တတ်တဲ့ရောဂါ မဟုတ်ပါဘူး။ ဒါကြောင့် အတက်ရောဂါရှိသူတွေကို စနစ်တကျ ဆေးကုသမှုခံယူစေခြင်းဖြင့် ကျန်းမာပျော်ရွှင်တဲ့ဘဝကို ပိုင်ဆိုင်နိုင်ပါတယ်။ တက်နေတဲ့လူနာကို အရေးပေါ်ပြုစုကုသမယ်ဆိုရင် လူနာကို အထိတ်တလန့် မဖြစ်ပါစေနဲ့။ အန္တရာယ်မကျရောက်နိုင်တဲ့နေရာမှာ လဲလျောင်းထားပါ။ အန္တရာယ်ဖြစ်စေနိုင်မယ့်အရာမှန်သမျှ ဖယ်ရှားထားပါ။ အဝတ်အစားများ တင်းကြပ်နေရင် ဖြေလျှော့ပေးပါ။ ချုပ်ကိုင်မထားပါနဲ့၊ အတက်ကြာမြင့်ချိန် မှတ်သားထားပါ။ အကယ်၍ လူနာကို ထိခိုက်ဒဏ်ရာရရှိပါက ဆေးထည့်ပတ်တီးစည်းပေးထားပါ။ အထူးသဖြင့် ဆွေးနွေးလိုတာကတော့ အတက်ရောဂါဟာ စိတ်ရောဂါတစ်မျိုးဖြစ်တယ်၊ မကောင်းဆိုးဝါးပူးကပ်တယ်၊ ပဋ္ဌာန်းဆက်/သိုက်ဆက်ဖြစ်တယ်၊ လူနာကိုကိုင်တွယ်ရင် ကူးစက်တယ် ၊ လူနာရဲ့လက်ထဲ သော့ချောင်းထည့်ပေးတာတို့၊ ကြက်သွန်နီရှူခိုင်းတာတို့ စတဲ့အယူမှားတွေ မဖြစ်ကြဖို့ လိုပါတယ်"ဟု ဒေါက်တာစမ်းဦးက ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပွဲသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ တာဝန်ရှိသူများ ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ စစ်ကိုင်းခုတင် ၂၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆေးရုံအနီးရှိရပ်ကွက်များမှ ပြည်သူများ တက်ရောက်ခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

## နေရပ်သို့ပြန်ရောက်လာမည့် တိုင်းရင်းသားပြည်သူများအား ကူညီပေးနိုင်ရန်ဆွေးနွေး



**ဘားအံ စက်တင်ဘာ ၈**

ထိုင်းနိုင်ငံရှိ ဒုက္ခသည်စခန်းများသို့ရောက်ရှိနေသော ကရင်တိုင်းရင်းသားများ နေရပ်သို့ ပြန်လည်ရောက်ရှိလာပါက ကူညီပေးနိုင်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် UNHCR တို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ စက်တင်ဘာ ၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်တို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက UNHCR အဖွဲ့ အာရှပစိဖိတ်အခြေစိုက်ရုံးမှ Mr.Josefa Ojano ဦးဆောင်သော အဖွဲ့ဝင်လေးဦးနှင့် တွေ့ဆုံကာ ထိုင်းနိုင်ငံဒုက္ခသည်စခန်းများသို့ ရောက်ရှိနေသော ကရင်ပြည်နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ နေရပ်သို့ ပြန်လည်ရောက်ရှိလာပါက ကူညီပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် UNHCR တို့ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## သတင်းတိုများ

### လူကုန်ကူးမှုအကြောင်းအသိပညာပေးဟောပြော

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေဖီဦးခန်းမ၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၆ ရက်က ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းကြည်က အမှာစကားပြောကြားကာ ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုဆိုင်ရာများကို အထက်တန်းပြ ဆရာမ ဒေါ်နိုင်နိုင်ကျော်က အသိပညာပေး ဟောပြောခဲ့သည်။ ဟောပြောပွဲအပြီးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပန်းချီပြိုင်ပွဲများ ဆက်လက်ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူ ၅၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ဆုရရှိသူများကို ဆရာ ဆရာမများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

### မြို့မရဲစခန်းသို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးပြီး ရဲလုပ်ငန်းစဉ်များရှင်းလင်း

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ မြို့မရဲတပ်ဖွဲ့စခန်းသို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လူလူသန်းနှင့် ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကျော်တို့ ဦးဆောင်သည့်အဖွဲ့က စက်တင်ဘာလ ပထမပတ်က ရှောင်တခင်စစ်ဆေးမှုများ လာရောက်ပြုလုပ်ခဲ့ပြီး ဗဟိုရဲကင်း၊ အချုပ်ခန်းများနှင့် လက်နက်တိုက်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဆက်က လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ရေဦးနှင့် ဒီပဲယင်းမြို့နယ်များမှ ရဲတပ်ဖွဲ့ဝင် ၇၂ ဦးနှင့်တွေ့ဆုံကာ ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစဉ်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

### ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှုအကြောင်းပညာပေးဟောပြော

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မြတ်သီရိခန်းမ)၌ ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုအကြောင်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၅ ရက်က ပြုလုပ်ခဲ့ပြီး ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွယ်တို့က အမှာစကားပြောကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်နွယ်ဦးက လူကုန်ကူးမှုအန္တရာယ်အကြောင်း၊ မြို့မရဲတပ်ဖွဲ့စခန်းမှူး ဒုရဲမှူးသက်ဝေက လူကုန်ကူးမှုနှင့် မှုခင်းပိုင်းဆိုင်ရာအကြောင်းအရာများ၊ မြို့နယ်ဥပဒေအရာရှိ ဦးစိုးသူအောင်က လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဥပဒေများ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းလှိုင်လှိုင်ဦးက မြန်မာအမျိုးသမီးများအား ဖြားယောင်းသွေးဆောင် လူကုန်ကူးမှု စသည့်အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထက(မိုင်းကိုင်)မှ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် မြို့နယ် အဆင့် လူကုန်ကူးမှုအသိပညာပေး စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## မိုးစပါး မျိုးစေ့ချစိုက်ပျိုးနည်းစနစ် ကွင်းဆင်းသရုပ်ပြ

**ဆားလင်းကြီး စက်တင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကံတောကျေးရွာမှ ဒေသခံတောင်သူများအား Drum Seeder ဖြင့် မိုးစပါး မျိုးစေ့ချစိုက်ပျိုးနည်းစနစ်ကို ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများပူးပေါင်း၍ စက်တင်ဘာ ၆ ရက်က ကွင်းဆင်းသရုပ်ပြခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ်အတွင်းရှိ စပါးစိုက်ပျိုးသော တောင်သူများအနေဖြင့် ပျိုးထောင်စရိတ်၊ ပျိုးနုတ်စရိတ်၊ ကောက်စိုက်စရိတ်များ သက်သာစေရန် Drum Seeder ဖြင့် မျိုးစေ့ချစိုက်ပျိုးနည်းစနစ်ကို တောင်သူများသိရှိနားလည်အောင် လက်တွေ့စိုက်ပျိုးပြသပေးခြင်းဖြစ်ကြောင်း သိရသည်။ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွန်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဒေါ်စန္ဒာမိုး၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်အေးတို့ဦးဆောင်ပြီး ဆားလင်းကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဇင်အောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းသရုပ်ပြခဲ့ကြကာ ကံတောကျေးရွာ၊ ပလောင်ကျေးရွာနှင့် ငွေသာကျေးရွာများမှ တောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။ **ဦးငယ်(ဆားလင်းကြီး)**



**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ကြေးနီကန်အတွင်း၌ ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်စိုး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၆ ရက်က ဇီဝိတဒါန ငါးမျိုးစိုက်ထည့်စဉ်။**
အတ်ကလေး(ရမည်းသင်း)

## သတင်းတိုများ

### ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မွန်ပြည်နယ် ကျိုက်မရောမြို့ရန်မျိုးအောင်ရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝင်း အတွင်းနှင့် အပြင်မှ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခုတ်ထွင်ခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းစေရန် တူးဖော်ဆယ်ယူခြင်းတို့ အပါအဝင် သန့်ရှင်းရေးလုပ်ငန်းများကို ကျိုက်မရောမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သန်းနှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်ကိုဦးတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၄၀ က ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအဖြစ် စက်တင်ဘာလ ပထမပတ်က ဆောင်ရွက်ပေးခဲ့ကြသည်။ ဆက်လက်၍ မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများမှ အခြေခံပညာကျောင်းများနှင့် သာသနာ့နယ်မြေ ဘုန်းတော်ကြီးကျောင်းများတွင်လည်း သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

### သဘာဝဘေးကြောင့်ပျက်စီးခဲ့သော မိုးသီးနှံများအတွက် မျိုးစေ့များထောက်ပံ့

ရှမ်းပြည်နယ် သိန်းနီမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် မိုးသီးနှံစိုက်ခင်းများ ပျက်စီးခဲ့သည့် တောင်သူများအတွက် မျိုးစပါးနှင့် မိုးသီးနှံမျိုးစေ့များကို ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် စက်တင်ဘာ ၆ ရက်က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ သီးနှံမျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းထင်စိုးက မျိုးစပါးများထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက တောင်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားကာ ပျက်စီးသွားသော စိုက်ခင်းများအတွက် မျိုးစပါးနှင့် မိုးသီးနှံမျိုးစေ့ တစ်ဧကလျှင်တစ်တင်းနှုန်းဖြင့် တင်း ၆၀ ကို ဒေသခံတောင်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

## တောင်ယာကွက်မြဲတန်းစိုက်ခင်း၌ စုပေါင်းမြေသြဇာကြဲပက်

**ရိခေါဒါရ် စက်တင်ဘာ ၈**

ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်မြို့ဒေသအတွင်း ရိရွာဟောင်းကျေးရွာရှိ တောင်ယာကွက်မြဲတန်းစိုက်ခင်း၌ မြို့အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများပူးပေါင်း၍ စက်တင်ဘာ ၆ ရက်က မြေသြဇာများ စုပေါင်းကြဲပက်ခဲ့ကြောင်း သိရသည်။

ရိခေါဒါရ်မြို့ဒေသရှိ ကျေးရွာများမှ ပြည်သူအများစုမှာ တောင်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး ရိခေါဒါရ်ရွာဟောင်းတစ်ဝိုက်ဒေသမှာ လယ်ယာမြေဖော်ထုတ်ရန် နေရာမရှိနိုင်သည့် ဒေသဖြစ်ခြင်းကြောင့် ရိခေါဒါရ်မြို့ စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် တောင်ယာကွက်မြဲတန်းစိုက်ပျိုးခြင်းကို ကျေးရွာသုံးရွာရှိ တောင်သူခြောက်ဦးတို့က စိုက်ပျိုးခဲ့ပြီး စိုက်ဧက ၅ ဒသမ ၅ ဧကတွင် ကွက်မြဲတန်းစိုက်နည်းဖြင့် စိုက်ပျိုးခဲ့ကြောင်း၊ တောင်ယာကွက်မြဲတန်းစိုက်ပျိုးခြင်းမှာ ဒေသထုံးစံ စိုက်ပျိုးခြင်းများထက် အထွက် နှုန်းပိုမိုမြင့်မားသောကြောင့် ဒေသခံတောင်သူများအနေဖြင့် ပိုမိုစိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် တောင်ယာကွက်မြဲတန်းစိုက်ခင်း၌ မြေသြဇာကြဲပက်ခြင်းကို ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဗန်ရိုထန်းတို့၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



## ရွှေမြို့ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းဆောင်နှင့် ကျောင်းသားဦးရေ အချိုးမညီဖြစ်လျက်ရှိ

**တပ်ကုန်း စက်တင်ဘာ ၈**

နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ဘူတာရွာရှိ မြို့ဒိပ်ကျောင်းတိုက်၌ ၂၀၀၄ ခုနှစ်မှစ၍ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းကို စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသားကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိရာ ယခုအခါ ကျောင်းသားဦးရေ တစ်နှစ်ထက်တစ်နှစ် များပြားလာသောကြောင့် စာသင်ဆောင်များ လိုအပ်လျက်ရှိနေကြောင်း သိရသည်။

"စဖွင့်ခါစက ကျောင်းဆောင်အတွက် သိပ်အခက်အခဲမရှိပေမယ့် တစ်နှစ်ထက်တစ်နှစ် ကျောင်းသားဦးရေကများလာတယ်။ စတည်ထောင်တဲ့နှစ်ကတော့ ကျောင်းသား ၄၀ လောက်နဲ့စခဲ့တာ။ အခုနှစ်မှာ ၁၀၆ ဦးဆိုတော့ ကျောင်းဆောင်အတွက် အခက်အခဲဖြစ်လာတယ်။ အရင်နှစ်တွေက ဓမ္မာရုံထဲမှာ သင်လိုက်၊ ဆွမ်းစားဆောင်မှာသင်လိုက်နဲ့ နေရာအတည်တကျမရှိ ဖြစ်နေပါတယ်။ ကျောင်းသားတွေက များလာတော့ စာသင်ဆောင်အလှူရှင် လိုအပ်နေပါတယ်။ ဓမ္မာရုံကလည်း သံဃာတော်အလုပ်တွေအတွက် ထားရမယ်။ ဒါကြောင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိကျောင်းနှင့် စာသင်သားဦးရေ အချိုးမညီဖြစ်တဲ့အတွက် ကျောင်းဆောင် တကယ်လိုအပ်နေပါတယ်"ဟု ဆရာတော် ဘဒ္ဒန္တ စန္ဒမုခ(မဟာသဒ္ဓမ္မဇောတိကဓဇ)က မိန့်ကြားသည်။



ရွှေမြို့ဘူတာရွာ မြို့ဒိပ်ကျောင်းတိုက် ဘုန်းတော်ကြီး ပညာရေးကျောင်း၌ ယခု ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူတစ်ရာကျော်ကို ဆရာမ ခုနစ်ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိပြီး ကျောင်းအိပ်ကျောင်းစား ပလောင်ကျောင်းသား ၂၂ ဦးလည်းရှိကြောင်း၊ ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရန်အတွက် စာသင်ဆောင်တစ်ဆောင် အရေးပေါ်လိုအပ်လျက်ရှိကြောင်း၊ လိုအပ်သော စာသင်ဆောင် တစ်ဆောင်အတွက် စေတနာရှင်၊ အလှူရှင်များ လှူဒါန်းလိုပါက နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ ဘူတာရွာမြို့ ဒိပ်ကျောင်းတိုက် ကျောင်းအုပ်ဆရာတော်နှင့် ကျောင်းအကျိုးဆောင်အဖွဲ့ ဖုန်း-၀၉-၂၅၀၂၉၆၉၉၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တစန္ဒမုခ (မဟာသဒ္ဓမ္မဇောတိကဓဇ) ထံမှ သိရသည်။

တပ်ကုန်းမြို့နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခြောက်ကျောင်းရှိပြီး ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေတောင်သူများ၊ လက်လုပ်လက်စားများ၏ သားသမီးများနှင့် မိဘမဲ့ကလေးများအား ပညာသင်ကြားပေးလျက်ရှိသည်။

**သတင်း-မောင်ကျော်ကြီး၊**
**ဓာတ်ပုံ-သက်ထက်**

## ယာဉ်မောင်းသူများ မူးယစ်သောက်စားခြင်းမရှိစေရန် အရက်မူးတိုင်းကိရိယာဖြင့် စမ်းသပ်စစ်ဆေး

**ကသာ စက်တင်ဘာ ၈**

ကသာမြို့နယ်အတွင်း ယာဉ်မတော်တဆမှု မဖြစ်စေရန်နှင့် ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် မော်တော်ယာဉ်မောင်းနှင်သူများအား အရက်မူးတိုင်းကိရိယာဖြင့် စမ်းသပ်စစ်ဆေးခြင်းဖြင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုက နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ် အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုအနေဖြင့် ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား အရေးယူမှုများလည်း ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်အတွင်း ကား ၃၇၅ စီး၊ အမှု ၅၃၀ ကို ဖမ်းဆီးနိုင်ခဲ့ပြီး ဒဏ်ကြေးငွေ ကျပ် ၃၁ သိန်းကျော်၊ ထော်လာဂျီ ၄၃ စီး၊ အမှု ၅၉ မှုမှ ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းကျော်၊ ဆိုင်ကယ် ၄၇၁၅ စီး၊ အမှု ၅၈၆၇ မှုမှ ဒဏ်ကြေးငွေ ကျပ် ၁၈၁ သိန်းကျော်၊ သုံးဘီး ၁၀၈ စီး အမှု ၁၃၈ မှုမှ ဒဏ်ကြေးငွေ ကျပ်ခြောက်သိန်းကျော်၊ စုစုပေါင်း အမှု ၆၅၉၄ မှုမှ ဒဏ်ကြေးငွေ ကျပ် ၂၂၁၃၅၀၀ ကို နိုင်ငံတော် ဘဏ္ဍာအတွက် ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှကြီးမှူး၍ လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများဆွေးနွေး

**ရေး စက်တင်ဘာ ၈**

လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကြီးမှူး၍ မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အကြောင်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာညဏ်ဇော်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် တိုင်တန်းချက်များ၊ လုပ်ထုံး လုပ်နည်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ကော်မရှင်မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**နေမျိုးထွဋ်(ရေး)**

## လယ်မြေဧရိယာ ၅၄၅၂ ဧကကို အကျိုးပြုလျက်ရှိသော ထီလုံရေဘုတ်ရေလှောင်တမံ

**လှိုင်းဘွဲ့ စက်တင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီး ရေဘုတ်ချောင်းနှင့် ကစိုင်းချောင်းကို အခြေပြုတည်ဆောက်ထားသော ရေဘုတ်ရေလှောင်တမံသည် အလျား ပေ ၁၇၇၂၀၊ အမြင့် ၇၁ ပေနှင့် ရေသိုလှောင်ပမာဏ ဧကပေ ၃၆၀၀၀ ခန့်ရှိသည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး ဆည်ရေသောက် လယ်မြေဧရိယာ ၅၄၅၂ ဧကကို အကျိုးပြုလျက်ရှိသော ရေလှောင်တမံလည်းဖြစ်ကြောင်း သိရသည်။

ရေဘုတ်ရေလှောင်တမံကို ၂၀၀၅ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရေလှောင်တမံ၏ ရေသိုလှောင်မှု ရေအမြင့် ၆၃ ပေသို့ ရောက်ရှိလာပါက တမံထိခိုက်မှုမရှိစေရေးအတွက် ရေထုတ်ပေးရန် အကျယ်ပေ ၄၀၊ အလျား ၂၇၅ ပေ၊ ရေထုစီးနှုန်း တစ်စက္ကန့်လျှင် ၁၂၉၃ ကုဗပေရှိသည့် သံကူကွန်ကရစ်ရေပို ရေလွှဲကို ထည့်သွင်းတည်ဆောက်ထားသော်လည်း ၂၀၁၃ ခုနှစ် ဇွန်လအတွင်းက မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ဆည်ရေပြည့်အမြင့်ဆုံးအမှတ် ၇၀ ဒသမ ၈ ပေသို့ ရောက်ရှိခဲ့သဖြင့် အရေးပေါ်ရေလွှဲပေါက်တစ်ခုကို ဖောက်ချခဲ့ရဖူးသည်။

အဆိုပါအခြေအနေမျိုးတွင် တမံမကျိုးပေါက်စေရန်နှင့် တမံအောက်ပိုင်းရှိ ကျေးရွာများမှ ပြည်သူများ၏ အိုးအိမ်၊အဆောက်အအုံများနှင့် တောင်သူလယ်သမားများ၏ လယ်ယာများ၊ ရော်ဘာခြံများ၊ ရေနစ်မြုပ်ထိခိုက်မှု မရှိစေရန်၊ ထူးကဲစွာ ရေဝင်ရောက်မှုရှိလာပါက တမံရေကျော် ကျိုးပေါက်ပျက်စီးမှု မရှိစေရန်အတွက် အကျယ်ပေ ၇၀၊ အလျား ၃၂၉ ပေရှိ အလိုအလျောက် ရေဖွင့်/ပိတ်ထိန်းသိမ်းစနစ်(Automatic Falling Shutter) တပ်ဆင်ထားသော အကူသံကူကွန်ကရစ် ရေပိုလွှဲတစ်ခုကိုထပ်မံတည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

အဆိုပါ အကူရေပိုလွှဲ တည်ဆောက်ပြီးစီးခဲ့ခြင်းကြောင့် ယခုနှစ် မိုးရာသီကာလတွင် ဆည်ရေပြည့် အမြင့်ဆုံးအမှတ် ၆၄ ဒသမ ၂ သို့ ရောက်ရှိခဲ့သော်လည်း တမံရေကျော် ကျိုးပေါက်မှုမရှိဘဲ ရေလှောင်တမံ၏ ခိုင်ခံ့မှုကို ထိန်းသိမ်းနိုင်ခဲ့သည်။ အနီးပတ်ဝန်းကျင်ကျေးရွာများမှ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မိုးနှောင်းပိုင်းတွင် စိုက်ပျိုးရေလိုအပ်မှုကိုလည်း ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် ဆည်ရေပေးဝေနိုင်ခြင်းအပြင် နွေရာသီတွင် ရေတွင်းရေကန်များ ရေခန်းခြောက်ခြင်းမှလည်း



ကာကွယ်ပေးနိုင်မည်ဖြစ်၍ ဒေသခံတောင်သူများအနေဖြင့်လည်း သီးထပ်သီးညှပ်များစိုက်ပျိုးနိုင်ကာ ဝင်ငွေလည်း တိုးတက်ရရှိလာနိုင်ရန် ထီလုံရေဘုတ်ရေလှောင်တမံအနေဖြင့် အထောက်အကူပြုသွားနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## အလုပ်သင်ဗိုလ်-ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂) (၃၁)နှစ်မြောက်ကျောင်းဆင်းနှစ်ပတ်လည်မိတ်ဆုံစားပွဲ ဖိတ်ကြားခြင်း

တေဇ(၁၂)၏ (၃၁)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ကျဆုံး/ ကွယ်လွန်သွားကြသည့် သူငယ်ချင်းများအားရည်စူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း၍ သံဃာတော်(၁၂၀) ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆရာများအားကန်တော့ခြင်းနှင့် မိသားစုညစာစားပွဲတို့အား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများအားလုံး၊ ကျဆုံး/ကွယ်လွန်သွားကြသည့် သူငယ်ချင်းများ၏မိသားစုများ အပါအဝင် မိသားစုနှင့်အတူတကွ ကြွရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့်ဆရာကန်တော့ခြင်းအစီအစဉ်**

**နေ့ရက်** - ၁၇-၉-၂၀၁၆ရက် (စနေနေ့)
**အချိန်** - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
**နေရာ** - ငွေကြာရံပရိယတ္တိစာသင်တိုက်၊ ဝေဇယန္တာလမ်းနှင့် သစ္စာလမ်းထောင့် တောင်ဥက္ကလာပမြို့နယ်

**ညစာစားပွဲအစီအစဉ်**

**နေ့ရက်** - ၁၇-၉-၂၀၁၆ရက် (စနေနေ့)
**အချိန်** - ည ၇နာရီမှ ၁၀း၃၀နာရီအထိ
**နေရာ** - Gandamar Wholesale Center ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့် မရမ်းကုန်းမြို့နယ်

**တေဇ-၁၂ လူမှုရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးသုံးစက်ကိရိယာပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ သမဝါယမရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းကိရိယာများ (လေအေးပေးစက်များ၊ ကွန်ပျူတာများ၊ ပရိဂျက်တာနှင့် စကရင်၊ မိတ္တူကူးစက်များ၊ ပရင်တာများ၊ စကင်နာများ၊ ဒီဂျစ်တယ် ဗီဒီယိုကင်မရာ အပိုပစ္စည်း၊မြက်ဖြတ်စက်များ၊ ဖက်စ်နှင့် ရုံးလုပ်ငန်းသုံး ပစ္စည်းများ)အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အောက်ပါအတိုင်း တင်ဒါပုံစံများ ဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ** - ၁၂-၉-၂၀၁၆ မှ ၂၃-၉-၂၀၁၆ အထိ (ရုံးပိတ်ရက်မှအပ နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း) ရုံးအမှတ် ၁၆၊ နေပြည်တော်။

၂။ အိတ်ဖွင့်တင်ဒါများကို ၁၁-၁၀-၂၀၁၆ ရက်၊ ၁၀ နာရီမှ ၁၁ နာရီအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရုံးအမှတ် (၁၆)၊ နေပြည်တော် တွင် တင်ဒါလုပ်ငန်းအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်တင်သွင်းရန်ဖြစ်ပြီး ယင်းနေ့ ၁၃း၀၀နာရီတွင် တင်သွင်းသူများရှေ့မှောက်၌ တစ်ပါတည်း တင်ဒါဖွင့်ပွဲပြုလုပ်မည် ဖြစ်ပါသည်။ သတ်မှတ်ရက်၊ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**တင်ဒါလုပ်ငန်းအဖွဲ့**
**ရုံးအမှတ်(၁၆)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၀၃၃**

## INVITATION FOR OPEN TENDER (4/2016)
## TENDER NO. MPPE/HSD/T/2 (2016-2017)

1. Open Tender is invited for the Myanma Petroleum Products Enterprise, Ministry of Electricity and Energy for the supply of High Speed Diesel (423,000± 10% Barrels)
2. Tender Closing Date & Time - 26-9-2016, 12:00 Hrs
3. Tender Opening Date & Time - 26-9-2016, 13:00 Hrs
4. Delivery Time - November 2016 to January 2017
5. Tender documents and details information are available at the Departement of Finance, Myanma Petroleum Products Enterprise, Nay Pyi Taw, during our office hours commencing 8-9-2016 on payment of Myanmar Kyat One Hundred Thousand (Kyats 100,000.) per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Electricity and Energy**
**No (6) Complex, Nay Pyi Taw**

Contact Phone No.
067-411487/411486/411280

## ရောဝတီတိုင်းဒေသကြီးလွှတ်တော်နှင့် လွှတ်တော်ရုံးတည်ဆောက်ရန် Design လုပ်ငန်းများ အပ်နှံရန်အတွက် တင်ဒါခေါ်ယူခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်နှင့် လွှတ်တော်ရုံး တည်ဆောက်ရန်ရှိပါသဖြင့် လွှတ်တော် Design အပ်နှံလိုပါ၍ အောက်ပါ အချက်များနှင့် ဆောင်ရွက်လိုသည့်ကုမ္ပဏီများမှ တင်ဒါတင်သွင်းနိုင်ပါရန်ကြေညာအပ်ပါသည်-

**Design လုပ်ဆောင်ရမည့်လုပ်ငန်းပမာဏ**

**A.** **Number of Building in 12 Acres**
- Hluttaw Hall 1 No.
- Hlutaw Office 1 No.
- Hostel 1 No.
- Staff Housing 1 No.
- Other Facilities.
- Infrastructure.

**B.** **Scope of Works**
- Architecture Design
- Structure Design
- M & E Design
- Including Design, Estimate and Specification.

**မှတ်ချက်** - အသေးစိတ်အချက်အလက်များသိရှိရန်နှင့် မြေပြင်အနေအထားကြည့်ရှုရန် လိုအပ်ပါသောကြောင့် ၁၄-၉-၂၀၁၆ရက်မှ ၁၅-၉-၂၀၁၆ရက်အထိ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ရုံးသို့ လာရောက်ဆက်သွယ်နိုင်ပါရန်နှင့် တင်ဒါပိတ်ရက်ကို ၂၆-၉-၂၀၁၆ရက်တွင် သတ်မှတ်ပါသည်။

**ဆက်သွယ်ရမည့်ဖုန်းများ** -
- ၀၉-၂၅၀၃၁၇၉၁၇(လွှတ်တော်ဥက္ကဋ္ဌ)
- ၀၉-၄၅၉၀၁၇၀၀၇ (လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုဝန်ကြီး)
- ၀၉-၂၅၄၃၃၄၃၅၇(လွှတ်တော်ဒုတိယဥက္ကဋ္ဌ)
- ၀၉-၄၉၈၀၄၃၈၈(လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး)

**လွှတ်တော်တည်ဆောက်ရေးဦးစီးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ပစ္စည်းအရေအတွက် | တင်ဒါပိတ်ရက် |
|---|---|---|---|
| (က) | မီးစက်နှင့်ဆက်စပ်ပစ္စည်းများ | (1) Item | ၃၀-၉-၂၀၁၆ |
| (ခ) | မော်တော်ယာဉ်များ | (၂) စီး | မွန်းတည့် ၁၂ နာရီ |

၂။ တင်ဒါပုံစံစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ၁၂-၉-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့၊**
**ပြည်တွင်းအခွန်များဦးစီးဌာန၊ ရုံးအမှတ်(၄၆)၊**
**နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၀၄၀၇**

## THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR MINISTRY OF ELECTRICITY AND ENERGY LNG BUSINESS SECTOR IMPLEMENTATION AND DEVELOPMENT CENTRAL COMMITTEE

**Dated: 6 September,2016**

INVITATION FOR LETTER OF EXPRESSION OF INTEREST TO CONDUCT LIQUEFIED NATURAL GAS(LNG) BUSINESS IN MYANMAR

1. LNG Business Sector Implementation and Development Central Committee ("the Committee")under the Ministry of Electricity and Energy, the Republic of the Union of Myanmar is planning to implement bulk import and regasification of LNG project(s)in Myanmar through private sector participation.
2. All interested foreign companies are cordially invited to submit a non-binding Letter of Expression of Interest, together with the following documents:-
   (a) Article of Association
   (b) Memorandum of Association
   (c) Certificate of Incorporation
   (d) Latest Audited Annual Report
   (e) Company's Track Record in bulk LNG import and/or regasification
3. All documents shall be submitted in a sealed envelope superscripted "Confidential" "Myanmar LNG Business"to the following address not later than 04:30 pm, by 28th October,2016.
   LNG Business Sector Implementation and Development Central Committee
   Myanma Oil and Gas Enterprise(MOGE)Office
   Ministry of Electricity and Energy
   Buliding No.44,Nay Pyi Taw
   The Republic of the Union of Myanmar
4. The Committee plans to select private sector participant(s) to implement bulk LNG import and/or regasification project(s)through a competitive selection process.
5. For further inquiry(and/or)information, please contact any of the following:-
   (a) Managing Director
   Myanma Oil and Gas Enterprise
   Ministry of Electricity and Energy
   Building No.44,Nay Pyi Taw
   The Republic of the Union of Myanmar
   Fax:95-67-411125/411178
   (b) Director(Production)
   Myanma Oil and Gas Enterprise
   Ministry of Electricity and Energy
   Building No.44,Nay Pyi Taw
   The Republic of the Union of Myanmar
   Fax:95-67-411095

**LNG Business Sector Implementation and Development Central Committee**
**Ministry Of Electricity and Energy**
**The Republic of the Union Of Myanmar**

*This request for Expression of Interest(EOI)is not an offer by the Committee. but an invitation to receive responses from intersted parties.No contractual obligation what soever shall arise from this EOI process. The Committee reserves the right not to proceed with any of the project(s)/ activities Mentioned herein.*

### အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၈)၊ တက္ကသိုလ်ဝင်တန်း($A_7$)မှ မအိမ်ဂျယ်ဂျာဘောက်ပန်၏ အမည်မှန်မှာ မအိန်ဂျယ်ဂျာဘောက်ပန် ဖြစ်ပါသည်။

### အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၇)၊ နဝမတန်း($A_1$)မှ မောင်ရာဇာ၏ အမည်မှန်မှာ မောင်ငွါးဆီရဲ့ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (နမ့်ပေါင်)၊ တက္ကသိုလ်ဝင်တန်း(B) မှ မဆိုင်းအိန်၏ ဖခင်အမည်မှန်မှာ ဦးမရန်လနူးဖြစ်ပါသည်။

### အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၈)၊ တက္ကသိုလ်ဝင်တန်း ($A_7$)မှ မောင်သန်းထိုက်စိုး၏ အမည်မှန်မှာ မောင်သိန်းထိုက်စိုး ဖြစ်ပါသည်။

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် နပတ ၄/၂၀၁၆-၂၀၁၇ ကြိမ်မြောက် စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား အိတ်ဖွင့်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသားများကို အောက်ပါအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၂-၉-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** -
- သစ်မာ သစ်လုံး(၆၄)တန်ခန့်
- ကျွန်းခွဲသား(၃၀)တန်ခန့်
- သစ်မာခွဲသား(၁၁၁၄)တန်ခန့်
- ကျွန်းထင်း(၄၄)တန်ခန့်

(ဂ) **ရောင်းချမည့်နေရာ** - အမှတ်(၃၄)၊ သစ်စက်၊ ပြူတွင်း၊ ပျဉ်းမနားမြို့

၂။ အိတ်ဖွင့်လေလံနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇-၂၂၀၄၀၊ ၀၆၇-၂၂၂၅၉ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်၊ နေပြည်တော်**

### ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ စံပြရပ်ကွက်နေ ဦးအောင်ဝင်း ၁၁/ပဏတ(နိုင်)၀၄၉၁၂၈၏ ဖခင်အမည်မှန်မှာ ဦးဒါးအောင် ဖြစ်ပါကြောင်း။ **ဦးဒါးအောင်**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၂ယ/၉၂၂၇၇ Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ ဦးခင်လှိုင် ၈/မဘန(နိုင်)၀၂၀၅၈၈၈ (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

### မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း ($D_7$)မှ မောင်ကြည်ဇော်သိန်း၏ မိဘအမည်မှန်မှာ ဦးရင်ချွန်နှင့် ဒေါ်လီယွန်ရှင်း ဖြစ်ပါသည်။

### အမည်ပြောင်း

ဦးယုမောင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အလက (၅)၊ ဆဋ္ဌမတန်းမှ မယုမွန်ဦးအား မသဲယုစံဟု ပြောင်းလဲခေါ်ပါရန်။

**မသဲယုစံ**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၆)၊ မောင်အောင်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးမြင့်မောင် ဖြစ်ပါသည်။

**ဦးမြင့်မောင်**

### မှတ်ပုံတင်အမှတ်အမှန်

အထက(နမ္မတီး)၊ တက္ကသိုလ်ဝင်တန်း(F)မှ မအေးရွှေဟန်၏ ဖခင်အမည်မှန်မှာ ဦးအုန်းရွှေဖြစ်ပြီး မှတ်ပုံတင်အမှန်မှာ ၁/မညန(နိုင်)၁၀၅၄၄၉ ဖြစ်ပါသည်။

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက၊ ထောက်ကြန့်၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဆန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆန်း ၅/ကလဝ(နိုင်) ၂၄၄၄၈၇ဖြစ်ပါသည်။

**ဦးခင်မောင်ဆန်း**

### အမည်မှန်နှင့် ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက၊ ထောက်ကြန့်၊ တက္ကသိုလ်ဝင်တန်းမှ မကြွယ်လေ့ဆုန်၏ အမည်မှန်မှာ မကြွယ်လှဲဆုန်ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးလင်ဝုန် ဖြစ်ပါသည်။

**မကြွယ်လှဲဆုန်၊ ဦးလင်ဝုန်**

### အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း (D)မှ မဝင်းတီ၏ အမည်မှန်မှာ မဝင့်တီ ဖြစ်ပါသည်။

### တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း ($A_2$)မှ မထက်ထက်(ခ) မထက်ထက်ဇော် (ဘ)ဦးကျော်ဝင်းဦး ၉/တကန(နိုင်) ၀၅၁၁၉၉ မှာ တစ်ဦးတည်းဖြစ်ကြောင်း။ **မထက်ထက်ဇော်**

**တက္ကသိုလ်ဝင်တန်း($A_2$)**
**အထက(၂)၊ တပ်ကုန်းမြို့**

### ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ အထက(၃) တက္ကသိုလ်ဝင်တန်း(က)မှ မောင်ငြိမ်းချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးငယ်လေး ၃/ဘအန(နိုင်)၁၆၄၈၂၆ ဖြစ်ပါကြောင်း။

**ဦးငယ်လေး**

### ဖခင်အမည်မှန်

စစ်ကိုင်း တိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်းမှ မလားလ်နွန်အဲင်အီး၏ ဖခင်အမည်မှန်မှာ ဦးဖိုင်နိတ်မောအား ၄/တတန(နိုင်)၀၁၄၂၇၈ ဖြစ်ပါသည်။

**ဦးဖိုင်နိတ်မောအား**

### တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း ($S_1$)မှ မသန္တာကျော်(ခ)မစန္ဒာကျော် (ဘ)ဦးကျော်မြင့်မှာ တစ်ဦးတည်းဖြစ်ကြောင်း။

**မသန္တာကျော်**
**တက္ကသိုလ်ဝင်တန်း($S_1$)**
**အထက(၂)၊ တပ်ကုန်းမြို့**

### အမည်ပြောင်း

ဦးသိန်းဝင်း၏သမီး တပ်ကုန်းမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း ($A_1$)မှ မခင်စပယ်ဦးအား မခင်စပါယ်ဦးဟု ပြောင်းလဲခေါ်ပါရန်။

**မခင်စပါယ်ဦး**

## THILAWA PROPERTY DEVELOPMENT LIMITED

No. 1103, Roof Top Floor, UMFCCI Office Tower, No.29, Min Ye Kyaw Swar Street, Lanmadaw Township, Yangon, Myanmar
Tel : ( +95 - 1 ) 230 1772, 230 1773, 230 1853
Email : info@tpdmyanmar.com

## အိတ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ Thilawa Property Development Limited (TPD) ၏ သန်လျင်/ကျောက်တန်းမြို့နယ်အတွင်းရှိ အထူးစီးပွားရေးဇုန် အိမ်ရာစီမံကိန်း (Residential and Commerical Area) အတွင်းတွင် Infrastructure ကွန်ကရစ်လမ်းခင်းခြင်း၊ သံကူကွန်ကရစ်ရေမြောင်းပြုလုပ်ခြင်းနှင့် လျှောက်လမ်းပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ၊ နိုင်ငံခြားသားလုပ်ငန်းရှင်များနှင့်ဖက်စပ်လုပ်ငန်းရှင်များထံမှ အိတ်ပိတ်တင်ဒါ ခေါ်ယူလိုပါသည်-

(က) ကွန်ကရစ်လမ်းခင်းခြင်း၊ သံကူကွန်ကရစ် ရေမြောင်းပြုလုပ်ခြင်း၊ လျှောက်လမ်းပြုလုပ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ အနည်းဆုံး လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့်အထက်ရှိသော အဖွဲ့အစည်းဖြစ်ရပါမည်။

(ခ) ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိသူဖြစ်ရပါမည်။

(ဂ) လျှောက်လွှာတင်သွင်းရာတွင် တင်ဒါအာမခံစပေါ်ငွေအား ကျပ်သိန်း ၁၀၀ပေးသွင်းရပါမည်။ တင်ဒါအောင်မြင်ခြင်းမရှိပါက ပြန်လည်ထုတ်ပေးပါမည်။

၂။ တင်ဒါပုံစံဝယ်ယူချိန်၌ တင်ဒါစည်းကမ်းနှင့်အတူ Detail Design နှင့် Scope of Work တို့ကို TPD မှ ပူးတွဲပေးအပ်မည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံ ရောင်းချမည့်ရက်မှာ ၂၀၁၆ခုနှစ် စက်တင်ဘာ ၁၂ရက်ဖြစ်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၂၀၁၆ခုနှစ် အောက်တိုဘာ ၁၁ရက်ဖြစ်ပါသည်။

၄။ တင်ဒါပုံစံတစ်စောင်လျှင် ကျပ် ၁၀၀၀၀၀/-ဖြင့် အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အမှတ် (၂၉)၊ Roof Top Floor**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၃၀၁၇၇၂၊ ၂၃၀၁၇၇၃(လိုင်းခွဲ ၁) စီမံကိန်းဌာန**
**E-mail address - coordinator@tpdmyanmar.com**




## ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
## နေပြည်တော်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နေ ကရင်ပြည်နယ်တရားလွှတ်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၊ တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်၊ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ မွန်ပြည်နယ်တရားလွှတ်တော်၊ ရခိုင်ပြည်နယ်တရားလွှတ်တော်၊ ရန်ကုန်တိုင်းဒေသ ကြီးတရားလွှတ်တော်၊ ရှမ်းပြည်နယ်တရားလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တို့၌ Video Conferencing System ချိတ်ဆက်ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ အချက်အလက်များအတိုင်း လုပ်ငန်းအပ်နှံလိုပါသဖြင့် လုပ်ငန်းအတွေ့အကြုံရှိသော ကုမ္ပဏီများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|
| ၁ | တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်(၉)ခုတွင် Fiber Cable ချိတ်ဆက်သွယ်တန်းခြင်း | |
| ၂ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်(၉)ခု၌ Virtual Private Network တည်ဆောက်ခြင်း | |
| ၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်(၉)ခု၌ Video Conferencing System(Centralized Management & Control System)များ တည်ဆောက်ခြင်း | |

၂။ **စျေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၆ရက်
၃။ **တင်ဒါပိတ်သိမ်းမည့်ရက်** - ၇-၁၀-၂၀၁၆ရက်
၄။ တင်ဒါပုံစံများအားတစ်စောင်လျှင် (၁၀၀၀၀/-)ကျပ်နှုန်းဖြင့် သတ်မှတ်ကာလရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**Video Conferencing System တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး**
**ရုံးအမှတ်(၅၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၀၃၂၃၊ ၀၆၇-၄၃၀၃၅၃**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆၊ မြေကွက်အမှတ် ၁၁၀၄/က၊ မြေကွက်တည်နေရာ အမှတ် (၁၁၀၄)၊ စိန်မြရုံချယ်လမ်း၊ ဒဂုံတောင် ဦးထွန်းတင် အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးထွန်းတင် (ဖခင်)နှင့်မိခင် ဒေါ်အေးကြည်တို့ ကွယ်လွန်သွားသောကြောင့် ဒေါ်ခင်ငွေးမြင့် ၁၂/ဥကတ(နိုင်)၁၅၁၄၄၁နှင့် ဦးအောင်မျိုးမြင့် ၁၂/ဥကတ(နိုင်) ၀၇၉၇၃၅ က သားသမီးများဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများဖြင့် ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ခဲ့ပြီး ဦးအောင်မျိုးမြင့်က စွန့်လွှတ်ကြောင်း အရပ်စာချုပ်ဖြင့် ၁၅-၁-၁၅တွင် ဒေါ်ခင်ငွေးမြင့်အား စွန့်လွှတ်ခဲ့ပါသည်။ ယခု ဒေါ်ခင်ငွေးမြင့်ထံမှ GP ၃၃၀၄၆/၂၂-၁၂-၁၄ရရှိသူ ဒေါ်တင်ငွေဝင်း ၁၂/ဥကတ (နိုင်)၀၈၆၃၉၄မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ GP မရုပ်သိမ်းကြောင်းနှင့် သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာ၊ ဌာနတွင် ကိုယ်တိုင်ဝန်ခံချက်များတင်ပြ၍ မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၁)ထပ် ထရံကာ/သွပ်မိုး အဆောက်အအုံ (တစ်)လုံးရှိပြီး အိမ်ငှားနေထိုင်ကြောင်း တင်ပြ၍ ပါမစ်ပျောက်နှင့်နှစ်(၆၀)မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/7484 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံး

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၈)၊ သံလွင်လမ်းကြား၊ အိမ်အမှတ်(၁၀၈)နေ TWAN PYIN YONE ၏ Passport No-MB 606777 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၃၇၁၀၈၆၈**

## ပျောက်ဆုံး

လားရှိုးမြို့၊ရပ်ကွက်(၁၂)၊နယ်မြေ(၁၈)၊ သံလွင်လမ်းကြား၊ အိမ်အမှတ်(၁၀၈)နေ Phone Phyin Phone ၏ Passport No-MB 621016 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၃၇၁၀၈၆၈**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မရထ၏ဖခင်အမည်မှန်မှာ ဦးရဲခေ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော်သူရအောင် CDC-63211 ၏ SSA လက်မှတ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉၇၃၁၈၇၉၇၁

## မိဘအမည်မှန်

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်ထူးအောင်ကျော်၏ မိဘအမည်မှန်မှာ ဦးမင်းဆွေအောင် E-LSO-၁၉၁၇၀၃ နှင့် ဒေါ်ရီရီညွန့် ၉/မထလ(နိုင်)၀၄၆၃၄၆ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(E)မှ မထန်ရှမ်းမွါလ် (ခ) မတင်ဇာကျော်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်အမှတ်(M-164)၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ ဒေါ်နီလာဟန် (ဘ) ဦးညွန့်ဟန် ၁၂/မရက(နိုင်)၁၁၂၃၂၈ အမည်ပေါက် ပါမစ်မြေကွက်အား ဦးသက်ထွန်း(ခ)အောင်ခိုင် (ဘ) ဦးတင်ဦး ၁/မကတ(နိုင်)၀၁၅၂၇၁ က မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/1489, Daihatsu Hijet 3200 P/ပစ်ကပ်ယာဉ် လက်ဝယ်ရှိသူ ဒေါ်သင်းသင်းထိုက် ၁၀/မလမ(နိုင်)၁၃၁၀၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၅၁၉၆၆ Honda Dream ND125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးထိုက်သူ ၆/ကစန(နိုင်)၀၈၃၁၁၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/စက်မှုဇုန်၊ မြေကွက်အမှတ် ၅၂၂/က၊ အကျယ်အဝန်း ၄၇'/၁၃၅' × ၁၃၀/၂၀၀ ဧရိယာ ၀ဒသမ ၁၄၄ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်သက်သက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် လူနေရပ်ကွက်အခေါ်အဝေါ်မှာ အမှတ် ၅၂၂/က၊ မိုးကုတ်လမ်း၊(၂၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ အမည်ပေါက် ဒေါ်တင်တင်ဆွေ ၁၂/မဂတ(နိုင်)၀၁၂၃၅၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်အေးမြင့် (စဉ်-၇၁၅၈)** — **LL.B, LL.M, D.B.L** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ညိုမှာ (စဉ်-၃၅၇၇၆)** — **LL.B** — **အထက်တန်းရှေ့နေ**

**အမှတ် G-1၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၂)၊ နဝမတန်း၊ ကျောင်းဝင်အမှတ် ၃၆၁၇၄မှ မောင်ရှိုင်းလင်းအောင်နှင့် တက္ကသိုလ်ဝင်တန်း၊ ကျောင်းဝင်အမှတ် ၃၄၇၄၅မှ မအိဖြိုးဝေတို့၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးနိုင်သူစိုး ဖြစ်ပါကြောင်း။
**ဦးနိုင်သူစိုး ၆/မမန(နိုင်)၁၁၆၂၀၂**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၄)၊ သတ္တမတန်း (D)မှ မောင်ဟိန်းမိုးဦး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကျော်လွင် ၆/မမန(နိုင်)၁၄၆၃၁၄ ဖြစ်ပါကြောင်း။
**ဦးကျော်လွင် ၆/မမန(နိုင်)၁၄၆၄၁၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း Shwe Zabu River View Condo,Tower(A),Unit(4),Room No(404) ဟုခေါ်တွင်သော အကျယ်အဝန်း (2389 စတုရန်းပေ)ရှိသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အခန်းပိုင်ဆိုင်ခွင့်၊ ရေ၊ လျှပ်စစ်မီတာ၊ တယ်လီဖုန်းအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိပိုင်ဆိုင်ထားသူဖြစ်သော ဦးသန်းနိုင် ၁၂/လမန(နိုင်)၀၀၂၄၇၂ Managing Director (ရွှေဇမ္ဗူဒိဂ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အဆိုပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်း အထောက်အထားများဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ဝင်း**
**B.A,H.G.P,R.L,D.B.L,D.I.L,D.M.L**
**M.P.A,M.A(BL),PGDIT(New Delhi),D.Jap.(UFL)**
**အထက်တန်းရှေ့နေ**
**အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃၊ ၃၇၆၄၉၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၊ ကျောက်တိုင်ကျေးရွာနေ ဦးဝင်းစိုး (ကွယ်လွန်)- ဒေါ်ကြူ၏သား မောင်ကျော်မင်းဦးသည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘော ဆန္ဒအလျောက် ပြုမူလုပ်ဆောင်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**မိခင် ဒေါ်ကြူ**
**၅/ဝလန(နိုင်)၁၅၄၅၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊မြေကွက်/ဦးပိုင်အမှတ်(၄၀၆၇)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးမိုးညိုအမည်ပေါက် ပါမစ်မြေကွက်အား ဦးဘရန်အောင်(ခ) ဖန်ဒင်ဖင့် ၁၃/မဆတ(နိုင်)၀၄၇၆၀၃ (ဘ)ဦးဖန်ယိုးခန်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တားမြစ်ကန့်သတ်ထားသည့် ကျောက်မျက်ဧရိယာထဲတွင် ဝင်ရောက်ကျူးကျော်စီးပွားရှာသူများသိရှိစေရန် အသိပေးကြေညာခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ခန္တီးမြို့နယ် နန်စီပွန်ဒေသရှိ နိုင်ငံတော်အားကျသင့် အခွန်များပေးဆောင်ကာ တရားဝင်တူးဖော်ခွင့်ရရှိထားသည့် နန်စီပွန်ကျောက်မျက်ဒေသ တူးဖော်လုပ်ကိုင်နေသည့် ခိုင်နန်းရွှေကုမ္ပဏီ၊ အောင်ထီးဖြူကုမ္ပဏီ၊ ဇမ္ဗူသီရိကုမ္ပဏီ၊ ထက်ရည်လင်းကုမ္ပဏီ၊ မြောက်ကျွန်းသူမမကုမ္ပဏီ၊ မင်းထက်ဦးကုမ္ပဏီနှင့် လင်းအင်အားကုမ္ပဏီတို့မှ အောက်ပါအတိုင်းကြေညာပါသည်။

၂။ ခန္တီးမြို့နယ်၊ နန်စီပွန်ဒေသရှိ အဆိုပါကုမ္ပဏီကြီးများသည် သတ္တုတွင်းဝန်ကြီးဌာနမှ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်ကို သက်တမ်းပြည့်ရရှိထားသည့် ကုမ္ပဏီများဖြစ်ပါသည်။ ကျောက်စိမ်းတူးဖော်ခွင့်ရရှိထားသည့် ကျောက်စိမ်းရိုင်းပါဝင်သည့် ကျောက်ကြောမြေစာပုံများကို ခွင့်ပြုထားသည့် သတ်မှတ်ဧရိယာအတွင်းတွင် စုပုံထားရှိပါသည်။ အဆိုပါမြေစာပုံများတွင် တရားမဝင် ကျူးကျော်ဝင်ရောက်ကာ ရေမဆေး ကျောက်ရှာဖွေနေကြပါသည်။ အဆိုပါတရားမဝင် ကျူးကျော်ဝင်ရောက်ရေမဆေးကျောက်ရှာဖွေနေသူများအားလုံး ကြေညာသည့် ၇-၉-၂၀၁၆ ရက်မှစ၍ ခုနစ်ရက်အတွင်း တရားမဝင်ကျူးကျော်ဝင်ရောက် ရေမဆေးကျောက်ရှာ ဖွေနေခြင်းကို ရပ်တန်းမှရပ်ပြီး ထွက်ခွာသွားရန်တားမြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမပြုပါက တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ထပ်မံအသိပေး ကြေညာအပ်ပါသည်။

**ခိုင်နန်းရွှေကုမ္ပဏီ၊ အောင်ထီးဖြူကုမ္ပဏီ၊ ဇမ္ဗူသီရိကုမ္ပဏီ၊ ထက်ရည်လင်းကုမ္ပဏီ၊**
**မြောက်ကျွန်းသူမမကုမ္ပဏီ၊ မင်းထက်ဦးကုမ္ပဏီနှင့် လင်းအင်အားကုမ္ပဏီ၊**
**နန်စီပွန်ကျောက်မျက်ဒေသ၊ ခန္တီးမြို့နယ်၊ ခန္တီးခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဘိုးဘွားရိပ်သာ(အေးသာယာ)ဒါယကာကြီး**

**ဦးမောင်ဝင်း (သဇင်စတိုး)**

**အသက်(၅၃)နှစ်**

အေးသာယာမြို့၊ အမှတ်(၁၀)ရပ်ကွက် (သဇင်စတိုး)မှ ဦးမောင်ဝင်းသည် ၅-၉-၂၀၁၆ ရက်၊ ၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်(တနင်္လာနေ့)ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသည်။ အမြဲတမ်း အပြုံးမျက်နှာ၊ စိတ်သဘောထားဖြူစင်စွာဖြင့် အလှူရေစက်လက်နဲ့မကွာ ကူညီလှူဒါန်းပေးသော မိတ်ဆွေကောင်း တစ်ယောက် အကြွေစောရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

- **မေတ္တာလှိုင်းလှူမှုကူညီရေးအသင်းသူ/သားများ(အေးသာယာ)**
- **ဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့(အေးသာယာ)**
- **အေးသာယာ အမှတ်(၁၀)ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သူ/သားများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဘုရင့်နောင်၊ မြေကွက်အမှတ် ၎/၅၃၊ မြေကွက်တည်နေရာအမှတ် ၎/၅၃၊ ၎ဝါလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (ဦးခင်ဇော်၊ ဦးအောင်ကြိုင်၊ ဦးကံဝင်း)အမည်ပေါက် ၂၅နှစ်ဂရန်မြေအား အမည်ပေါက်သုံးဦးအနက် ဦးခင်ဇော်(ခ)အန်ကျော်ချောင်းနှင့် ဦးကံဝင်းတို့မှ (တရားလို)ပြုလုပ်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ တရားမကြီးမှုအမှတ် ၁၀၂၆/၂၀၁၁ ဖြင့် ဦးအောင်ကြိုင်အား (တရားပြိုင်)ထားရှိပြီး စွန့်လွှတ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ တရားလိုများမှ အနိုင်ဒီကရီရရှိခဲ့ပါသည်။ ဇာရီမှုအမှတ် ၉/၂၀၁၄ အရ တရားရုံးကိုယ်စား ဆောင်ရွက်ရန်အတွက် တရားရုံးမှ တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်မီမီဟန်(ဦးစီးအရာရှိ) ၁၂/စခန(နိုင်)၀၄၁၆၉၅ မှ တရားရုံးအနိုင်ဒီကရီ၊ တရားရုံးမှ တာဝန်ပေးအပ်စာ၊ တရားနိုင်တစ်ဦးဖြစ်သူ ဦးခင်ဇော်(ခ)အန်ကျော်ချောင်းမှာ ၂၀-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့်၎င်း၏ဇနီးဖြစ်သူ ဒေါ်ရှုတ်ခါ(ခ)ရှုတ်ဝါအား ဆက်လက်ဆောင်ရွက်ခွင့်ပြုသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ဇာရီမှုအမှတ် ၃၉/၂၀၁၆၊ မြေစာရင်းမှတ်ချက်ရှိ ၂၀၀၂ခုနှစ် ဘဏ်ချေးမြေပုံမှုရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ စွန့်လွှတ်စာချုပ် ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ကက-၅၊ ဦးပိုင်အမှတ် ၂၃၊ ၅၅×၅၆ လမ်းကြား၊ သိပ္ပံလမ်း×နတ်စင်လမ်းကြားရှိ ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်းအမည်ဖြင့် ချထားပေးသောမြေကွက်အား ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း ၅/ရဘန(နိုင်) ၀၄၈၉၄၄က တောဂရန်မြေချထားမိန့်နှင့်ငွေသွင်းပြေစာတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ တောမှ မြို့ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့်အမှု တွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (အပိုင်း- ၃)၊ ဦးပိုင်အမှတ် (၄၃·ဂ)၊ ၃၈×၃၉ ကြား၊ ၅၇×၅၈လမ်းကြားရှိ ဦးကျော်စိန် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဦးကျော်စိန် ၉/မရမ(နိုင်)၀၄၈၅၉၆က မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းနှင့် စာရွက်စာတမ်းမူရင်းများလက်ဝယ်တွင် အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရား ရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၇)၊ ဦးပိုင်အမှတ် (၁၁၃)၊ ၆၆လမ်း×၆၇လမ်းကြား၊ ပျူစောထီးလမ်း×ကျန်စစ်သားလမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၂၂၁၂/၉၀-၉၁)အရ တသကျော်ညွန့် ၉/မနမ(နိုင်) ၀၅၄၈၂၀ အမည်ပေါက်သို့ မြေရာဇဝင် ၁·က မှတ်တမ်းတွင် အတည်ပြုပေးပါရန်။ ဦးနိုင်မင်းရှိန် ၉/မဟမ(နိုင်)၀၂၂၄၄၀က မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ အောင်ဇေယျာရပ်ကွက်၊ အကွက်အမှတ်ဂ/အောင်ဇေယျာ၊ မြေကွက်အမှတ် ၄၃၊ ဧရိယာ ၀ဒသမ၀၃၆ဧကရှိ မြေကွက်သည် မူလက ဒေါ်ခင်ညွန့်အမည်ဖြင့် DORP No, ၂၂၆/၁၉၉၁-၁၉၉၂အရ (၃-၉-၁၉၉၁)မှ ၂-၉-၂၀၀၁ထိ(၁၀)နှစ်ဂရန်ရရှိထားပြီး ဖြစ်ပါသည်။ ယခုအခါ မြေကွက်အား ဒေါ်ခင်ညွန့် ၉/မထလ(နိုင်)၀၃၃၁၈၀၏ (အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးညီညီကျော် ၂/မရန(နိုင်)၀၅၈၇၂၁ထံမှ ဒေါ်ခိုင်သူအေး ၁၂/ဥကတ(နိုင်)၀၈၃၅၇၉က မြေနှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်ဖြင့် ၆-၄-၂၀၁၆ရက်တွင် တရားဝင်စာချုပ်စာတမ်း (မူရင်း/မိတ္တူ)များတင်ပြကာ ဒေါ်ခိုင်သူအေးက မြေ၃၀ဂရန်အသစ်လျှောက်ထားမည်ဖြစ်ပါသဖြင့် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိတ္ထီလာမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃အေ၊ မြေကွက်အမှတ် V၁၈၊ မြေကွက်တည် နေရာအမှတ် ၁၂၊ ရွှေဟင်္သာလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ (မောင်ကျော်ဒင်နှင့် မသန်းမြ) အမည်ပေါက် နှစ် ၉၀ဂရန်သက်ကုန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ မောင်ကျော်ဒင်ထံမှ ပိုင်ဆိုင်စာချုပ်(၄၄၉/၈၂)(၇-၇-၈၂)အရ ကျန်အမည်ပေါက် ဒေါ်သန်းမြ ပိုင်ဆိုင်လာပြီး ၎င်းထံမှ မေတ္တာဖြင့်အပိုင်ပေးစာချုပ်(၄၈၁/၈၄)(၁၄-၆-၈၄)အရ ဒေါ်ခင်သန်းနွယ်က ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်သန်းနွယ်ထံမှ အပိုင်ပေးစာချုပ်အမှတ် (၇၂၃/၈၈) (၉-၁၂-၈၈)အရ ဒေါ်မြင့်မြင့်ရီ ၁၂/တမန(နိုင်)၀၅၃၅၈၉က ပိုင်ဆိုင်လာပြီး ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ မြို့မြေစာရင်း၊ မြေရာဇဝင်မှတ်ချက်ရှိ မှတ်တမ်းအမှတ် ၅၄၃/၆၇ (၆-၇-၆၅)အရ ဦးလှကြိုင်+၁ မှ အမည်ပြောင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ဦးလှကြိုင်+၁အား ၎င်းမသိရှိကြောင်းနှင့် ရောင်းချပေါင်နှံထားခြင်း မသိရှိကြောင်း ကျမ်းကျိန်လွှာဖြင့် ရှင်းလင်းတင်ပြထားသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့်**

**အသက်ကယ်ပါ**

## ဦးစိုးသိန်း(ခ)

## ဂီတစာဆိုစိုးသစ်(ခ)ဆရာစိုး

**(နက္ခတ်ဗေဒင်ပညာရှင်)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဆင်မလိုက်၊ အောင်ချမ်းသာလမ်း၊ တိုက် ၁၄၆/၁၄၇၊ အခန်း ၅၀၄နေ ဒေါ်မြင့်မြင့်၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ဝေ(ခ)ချစ်ဝေဝေကျော်၊ ဦးဝင်းငွေ-မခိုင်ခိုင်စိုး၊ ဦးနေလင်းစိုး-မသဲဖြူတို့၏ဖခင်၊ မခိုင်မို့မို့ငွေး၏အဘိုးသည် ၈-၉-၂၀၁၆ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၆ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

**ကျောင်းဒါယိကာမကြီး**

## ဒေါ်မြညွန့်

**အသက်(၆၉)နှစ်**

မုဒုံမြို့နေ (ဦးဖိုးမျှင်-ဒေါ်ခင်တင့်) တို့၏သမီး၊ မော်လမြိုင်မြို့နေ (ဦးအေအေရာဇတ် - ဒေါ်ဘေဘီ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ တေဇလမ်းနှင့် ဆရာခြုံလမ်းထောင့်၊ ၃-ဘီ၊ အမှတ် ၆၅နေ ဦးမျိုးဆွေ၏ ချစ်လှစွာသောဇနီး၊ကိုထိန်ဝင်းမြင့်-မနှင်းစုလှိုင်၊ မမြတ်သက်ခိုင်၊ ကိုမောင်ဦး-မနှင်းကြည်စင်လဲ့တို့၏မိခင်ကြီး၊ မဝင်းပြည့်ပြည့်ဖြိုး၊ မမေသက်နှင်း၊ မသက်ယွန်းဝတီဦး၊ မောင်ကျော်မြတ်ဘုန်းထိန်တို့၏အဘွားသည် ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၆ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဦးလှဝင်း(ခ)

## မိုဟာမဒ်အစ်က်ဗားလ်

**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ အမှတ် ၁၁၂/၁၁၄နေ(ဦးဝင်းတင်-ဒေါ်ခင်မြင့်)တို့၏သား၊ ဦးမြင့်သိန်း-ဒေါ်ခင်ဝင်းမြင့်တို့၏မောင်၊ ဦးအောင်မြင့်(စစစ၊ ငြိမ်း)၏ညီ၊ ဦးသန်းထွန်း၊ ဦးအောင်မင်းနိုင်-ဒေါ်သီတာထွန်း၊ဒေါက်တာဇော်မင်းနိုင် (ဒုညွှန်ချုပ်၊ DRI)-ဒေါက်တာမွေးမွေးရီ၊ ဦးလှိုင်ဝင်း-ဒေါ်ကေသီ၊ဦးသန်းမင်းနိုင်-ဒေါ်စန်းသီတာ၊ ဒေါ်ဥမ္မာသန်းတို့၏အစ်ကို၊ ဒေါ်မာမာအေး၏ခင်ပွန်း၊ မဇင်မာဝင်း (တတိယနှစ်၊ IC၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မသဇင်ဝင်းတို့၏ဖခင်သည် ၈-၉-၂၀၁၆ရက် ညနေ ၃း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၉-၉-၂၀၁၆ရက် (သောကြာနေ့) ဂျုပ်မာနမားဇ်အပြီးတွင် ဒါဖနာမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမှိုင်းသစ်(ခ)ကျော်အဲ

**(ဒါရိုက်တာ-မြင့်မိုရ်သူကုမ္ပဏီ)**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ သုခလမ်း၊ ၅၈လမ်းသွယ်၊ အမှတ် ၁၂၁နေ ဦးမင်းသစ်-ဒေါ်ရှယ်လီထွားတို့၏သား၊ ကျောက်ဆည်မြို့နေ ဦးထွန်းဦး - ဒေါ်နွဲ့နွဲ့ရီတို့၏ သားသမက်၊ ဒေါ်ချစ်ရေစင်-ဦးရဲကျော်၊ ဒေါ်လှမုန်းခင်-ဦးဝင်းထွေးတို့၏မောင်၊ ကိုစိုးအုပ်ပိုင်(ခ)စူပါ၏အစ်ကို၊ မောင်နေခန့်မင်းသစ်၊ မရှင်းယွန်းမင်းသစ်တို့၏ဦးလေး၊ မရွှန်းဝတီ၏ချစ်လှစွာသောဖခင်၊ မရွှေစင်၏ချစ်လှစွာသောခင်ပွန်းသည် ၇-၉-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၉-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျင်မြိုင်

**ပလောက်မြို့/မြိတ်မြို့**

**အသက်(၁၀၂)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပလောမြို့နယ်၊ ပလောက်မြို့နေ [ဦးစစ်ယူ-ဒေါ်ရွှေရင်(ခ)ဒေါ်တတ်မီး]တို့၏သမီး၊ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ ၁၄လမ်း၊ အမှတ် ၁၈နေ(ဦးအော်ဖောင်)၏ဇနီး၊ ဦးတင်ဝင်း-Mrs.Ingon Chitasaranachai (ဘန်ကောက်မြို့/ထိုင်း)၊ဒေါ်စောရီ-ဦးတင်မောင်ထွေး(ခေတ္တ-U.S.A)၊ ဦးထွန်းလွင်(Tunn Star Co.,Ltd.Tunn Akaree Co.,Ltd. Lynn Enterprise Ltd.)၊ ဒေါ်စောတင်၊ ဒေါ်စောကြူ၊ ဒေါက်တာဒေါ်စောမူ-ဒေါက်တာဦးယုကြည်၊ ဦးတင်စိန်(ခ)မောင်မောင်(Century Group of Companies)-Mrs.Maggie YUNG (U.S.A)၊ ဦးအင်စုံ-Mrs.Mandy Hsu[ခေတ္တ-တရုတ်(တိုင်ပေ)]တို့၏မိခင်၊ မြေး ၁၆ယောက်တို့၏အဘွား၊ မြစ် ၁၀ယောက်တို့၏ဘွားဘွားကြီးသည် ၈-၉-၂၀၁၆ရက် နံနက် ၂း၂၇နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှခင် (မုံရွာ)

**အသက်(၈၉)နှစ်**

မုံရွာမြို့၊ ၂လမ်း၊ အောင်မင်္ဂလာရပ်နေ(ဦးချစ်မောင်ဦး-ဘုတလင်ချစ်လေး)၏ဇနီး၊ ဦးရဲဝင်း(စာပေဗိမာန်၊ ငြိမ်း)-ဒေါ်သိန်းသိန်း၊ ဦးရဲဝေ(မြန်မာစာ)၊ ဦးရဲနောင်၊ ဒေါ်ခင်လေးဆွေ၊ ဒေါ်ခင်မာဆွေ၊ ဒေါ်ခင်ဝါဆွေ၊ ဦးအောင်နိုင်၊ ဒေါ်ခင်မြတ်ဆွေချစ်၊ (ဦးခင်ကျော်ဦး)-ဒေါ်ခင်မျိုးဆွေချစ်၊ ဦးစောသက်ခိုင်ဝင်း-ဒေါ်ခင်နိုင်နိုင်ဆွေချစ်တို့၏ချစ်လှစွာသောမိခင်၊ ကိုရဲသွေးချစ်၊ ကိုချစ်ကောင်းထက်နိုင်၊ ချစ်မိုးစက်နိုင်၊ ရဲရင့်သက်ခိုင်၊ လင်းမြင့်သက်ခိုင်၊ မြပွင့်မုံချစ်၊ အေးမြသွေးချစ်တို့၏အဘွားသည် ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၂နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၆ရက် (စနေနေ့) ညနေ ၃း၃၀နာရီတွင် ဆားကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်သောင်းခင်

**အသက်(၈၃)နှစ်**

ဦးယဉ်မင်းအောင်(ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ခိုင်ခိုင်ဝင်းတို့၏မိခင်ကြီး ဒေါ်သောင်းခင်သည် ၇-၉-၂၀၁၆ရက်တွင် မန္တလေးမြို့၊ ဈေးကုန်းရပ်၊ ကမ်းနားလမ်းကြား၊ လမ်း ၉၀၊ ၁၉လမ်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေကန်၊ မုခ်ဦး၊ ကုဋီ ဒါယိကာမကြီး**

## ဒေါ်သောင်းခင်

**အသက်(၈၃)နှစ်**

မန္တလေးမြို့၊ ၁၉ လမ်း၊ လမ်း ၉၀၊ ကမ်းနားလမ်းကြား၊ ဈေးကုန်းရပ်နေ ဦးယဉ်မင်းအောင် (ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန) - ဒေါ်ခိုင်ခိုင်ဝင်းတို့၏ မိခင်ကြီး ဒေါ်သောင်းခင် အသက်(၈၃)နှစ်သည် ၇-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **အကောက်ခွန်မိသားစု**

## ဒေါ်ဝင်းမာ

**(ရပ်/ကျေး)ဥက္ကဋ္ဌ၊ ကျီတော်ရပ်ကွက်**

**မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးသန်းထွန်း)-ဒေါ်ခင်သန်းတို့၏သမီး၊ ဦးစိုးလွင်-ဒေါ်ခင်လေးနိုင်၊ ဦးညွန့်သန်း-ဒေါ်သွယ်သွယ်ထွန်း၊ ဦးဖေတိုက်အောင်-ဒေါ်သူဇာထွန်းတို့၏အစ်မ၊ (ဦးသန်းထိုက်)၏ဇနီး၊ မောင်မင်းဇင်ဦး-မလဝန်းအိမ်၊ မောင်ဝေယံမင်းတို့၏မိခင်၊ မောင်မင်းသစ္စာအိမ်၏အဘွားသည် ၈-၉-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီမှ ၁၀နာရီအထိ ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၊ နန္ဒဝန်ဥယျာဉ်ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမှိုင်းသစ်(ခ)ကျော်အဲ

**(ဒါရိုက်တာ-မြင့်မိုရ်သူကုမ္ပဏီ)**

**အသက်(၃၉)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈) ရပ်ကွက်၊ သုခလမ်း၊ ၅၈လမ်းသွယ်၊ အမှတ် ၁၂၁နေ ဦးမင်းသစ်-ဒေါ်ရှယ်လီထွားတို့၏သား၊ (ဦးမျိုးချွန်)၊ ဦးမျိုးဆိုင်၊ ဦးမျိုးသျှမ်း-ဒေါ်သန်းသန်းအေး၊ စစ်ကိုင်းမြို့နေ ဦးငွေးနိုင်ဝင်း-ဒေါ်အေးအေးမိုး(ခ)ဒေါ်အေမီတို့၏တူ၊ ဦးနိုင်မင်းသျှမ်း-ဒေါ်လဲ့လဲ့လွင်၊ ဦးမြင့်မိုရ်သျှမ်း-ဒေါ်နန်းထွေးတို့၏ညီ၊ ဒေါ်ဇင်မွန်သျှမ်း - ဦးစောအောင်ဝင်းတို့၏မောင်၊ ဦးစိုးရန်ပိုင် - ဒေါ်ငယ်ထွေးသျှမ်း၊ ဦးနေးရှင်း - ဒေါ်ခိုင်မိုးဝါ၊ ကိုလတ်ကိုတို့၏အစ်ကိုသည် ၇-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းဆီ

**သမဝါယမဦးစီးဌာန(ငြိမ်း)**

**သင်္ဃန်းကျွန်းမြို့နယ်**

**အသက်(၄၉)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ အမှတ် ဃ-၂၊ အခန်း ၁၊ ပိတောက်လမ်း၊(၁၀) တောင်ရပ်ကွက်နေ ဦးသိန်းအောင်-ဒေါ်ရင်နုတို့၏သမီးသည် ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၁၆ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဦးစောသန်းမောင်(ခ)ဖရက်ဒွေး(ခ)ညီညီ အသက်(၉၁)နှစ်

**ဦးစီး(တ) ရေသန့်ဌာန၊ ဆောက်လုပ်ရေးရုံးချုပ်(ငြိမ်း)**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ရွှေဘကုန်လမ်း၊ အမှတ် ၁၉၂၉/ကနေ (ဒေါက်တာဦးထွန်းဖံအေး-ဒေါ်နော်အုံးကျင်)တို့၏သား၊ နော်စားရီ[သူနာပြုဆရာမကြီး(ငြိမ်း)]၏ချစ်လှစွာသောခင်ပွန်း၊ [ဦးစောဘီသာစိန်(ခ)ပိုးပို]-နော်စမ်းဒရာ(Sandra)၊ ဦးစောပီဝင်းအောင်(ခ)ဒေးဒို-နော်ကဒါးရာတို့၏ဖခင်၊ စောဇေလိရှား-နော်အိအိအေး၊ စောပြည့်ဝအေး၊ နော်အေးအေးသက်တို့၏အဘိုး၊ စောဂျရမ်းခူရှား(Saw Jerome Khu Sha)၊ နော်ဇာနီးထာရှားခူ (Naw Zaneta Shar Khu)၊ မြစ်များ၏ဘိုးဘိုးသည် ၇-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၂၀နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၉-၂၀၁၆ရက် (စနေနေ့) နံနက် ၉နာရီတွင် အင်းစိန် ကရင်နှစ်ခြင်းခမ္မတက္ကသိုလ်ကျမ်းစာကျောင်းဝင်း (ကိုသာဖြူအောက်မေ့ဖွယ်ခန်းမ)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးအောင်မြင့် (ငြိမ်း)

**ညွှန်ကြားရေးမှူး-ငြိမ်း (စစစ)**

**အပတ်စဉ်(၃၁)၊ သီဟတပ်ခွဲ၊**

**ကြည်း-၁၀၄၁၈ (မော်လမြိုင်ကျွန်းမြို့)**

**အသက်(၇၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နေ (ဦးထွန်းညွန့်-ဒေါ်ရွှေလယ်)တို့၏သား၊ မော်လမြိုင်ကျွန်းမြို့နေ(ဦးတောအုပ်-ဒေါ်ချစ်ညွန့်)တို့၏သားသမက်၊ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးသိန်းစိုး၊(ဦးရဲမြင့်)၊ဦးရဲထွဋ်(မော်ကျွန်း)၊ မေမြို့နေ ဒေါ်ခင်လေးမြင့်(အထပြ၊ ငြိမ်း)၊ ဒေါ်သန်းသန်းငွေး(ရန်ကုန်)တို့၏အစ်ကို၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ ဝေသန္တရာလမ်း၊ အမှတ် ၁၁၃၄-ကနေ ဒေါ်ခင်အေးကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၇-၉-၂၀၁၆ရက် နံနက် ၁း၃၀နာရီတွင် အမှတ်(၂) ခတင် ၅၀၀ တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၁၆ရက်တွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဗိုလ်မှူးအောင်မြင့် အသက်(၇၇)နှစ်သည် ၇-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

**ရန်ကုန်တိုင်းဒေသကြီးရုံး ဝန်ထမ်းမိသားစုများ**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဆွေ

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ် ၂၅နေ ဦးစိုးညွန့်၏ဇနီး၊ ဦးစိုးဦး(Myanmar Alcobev Limited)-ဒေါ်မြတ်မိုးနှင်း၊ ဦးကြည်စိုး(Ko Kyi Soe Beauty Slon)-ဒေါ်မိုးမိုး(Ko Kyi Soe Beauty Slon)၊ ဦးမြတ်စိုးကြည်၊ ဒေါ်ခင်ခင်စိုး(Color အလှပြင်ဆိုင်)တို့၏မိခင်ကြီး၊ မြေးငါးယောက်တို့၏အဘွားသည် ၈-၉-၂၀၁၆ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၆ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (လှိုင်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ လှိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်လှမြင့်

**အသက်(၆၉)နှစ်**

ဆေးဝါးတက္ကသိုလ်၊ မန္တလေး၊ ဆေးဝါးဖော်စပ်ရေးဗေဒဌာနမှ ကထိက ဒေါ်မဥ္ဇူအေး၏မိခင် ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်လှမြင့် အသက်(၆၉)နှစ်သည် ၇-၉-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခချုပ်**

**ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ**

**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်နုနုချိန်

**အသက်(၅၅)နှစ်**

သူငယ်ချင်း ဗိုလ်မှူးဖြူဝင်း၏ဇနီး ဒေါ်နုနုချိန်သည် ၃-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၈၁)မှ သူငယ်ချင်းများ**

## ဦးခင်အောင်ကြီး (စစ်တွေ)

**အသက်(၆၄)နှစ်**

စစ်တွေမြို့၊ မောလိပ်ရပ်၊ ရေတွင်းလမ်းနေ (ဦးဒိုးအောင်)-ဒေါ်စောယဉ်တို့၏သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်လရောင်လမ်း၊ ဗိုလ်ထွန်းဖဲရပ်ကွက်၊ ငါးလွှာ၊ အမှတ် ၂၆နေ ဒေါ်စောရွှေ-ဦးစောဝင်း၊ (ဒေါ်စောသာနု)-ဦးတင်ထွန်း၊ (ဦးစောသာအောင်)၊ ဦးနုစိန်၊ ဒေါ်စောခင်မြ-ဦးဝင်းနိုင်၊ ဒေါ်စောသူဇာ၊ ဦးလှထွန်းရွှေ၊ (ဦးစောမင်းအောင်)၊ ဦးစောဆန်းအောင်-ဒေါ်ချိုချိုဦးတို့၏အစ်ကို၊ တူ/တူမ ၂၄ယောက်တို့၏ဦးလေးသည် ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၉-၂၀၁၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမျိုးဦး

**လက်ထောက်အင်ဂျင်နီယာ**

**(ဟင်္သာတမြို့နယ်စည်ပင်)**

**အသက်(၄၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ အင်ကြင်းလမ်းနေ ဆရာဦးစစ်အေး-ဒေါ်တင်ဝင်းတို့၏သား၊ ဒေါ်ခင်မာစမ်း၏ ချစ်လှစွာသောခင်ပွန်း၊ မမျိုးသရဖီဦး၊ မောင်ဇေယျာလင်းတို့၏ ချစ်လှစွာသောဖခင်သည် ၇-၉-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၁၆ ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ပန်းတနော်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ရခိုင်တိုင်းရင်းသားများအတွက် ထိရှလွယ်သည့်ဖြစ်စဉ်ဖြစ်၍ ရခိုင်တိုင်းရင်းသားများလက်ခံနိုင်ရန်မှာ အဓိကဖြစ် ကော်မရှင်နှင့်ပတ်သက်၍ လိုအပ်သည်များအား တပ်မတော်က ကူညီဆောင်ရွက်ပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန်အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်တိုင်းရင်းသားများအတွက် ထိရှလွယ်သည့် ဖြစ်စဉ်ဖြစ်၍ ရခိုင်တိုင်းရင်းသားများ လက်ခံနိုင်ရန်မှာ အဓိကဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ ဆန္ဒသည် အဓိကကျကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံသားဖြစ်မှုကိုသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီအရေးတို့ကိုပါ ထည့်သွင်းစဉ်းစားရကြောင်း၊ ကော်မရှင်အနေဖြင့် ဖြစ်စဉ်ဖြစ်ပေါ်ခဲ့ရသည့်အခြေအနေ သမိုင်းကြောင်းနှင့် ယှဉ်၍ လေ့လာဆောင်ရွက်ရန် အကြံပြုလိုကြောင်း၊ ယခု ပြဿနာသည် ဘာသာရေးကြောင့်မဟုတ်ဘဲ ဘာသာရေးကိုအခြေခံပြီး လှုံ့ဆော်နေမှုများကြောင့် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မှုတစ္စာ သုံးသပ်ပြောဆိုလုပ်ဆောင်လျက်ရှိကြောင်း၊ ကော်မရှင်နှင့်ပတ်သက်၍ လိုအပ်သည်များအား တပ်မတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၃ ❖

# မန္တလေးဆိပ်ကမ်း သာယာလှပရေးနှင့် စနစ်တကျရှိစေရေး ကော်မတီဖွဲ့စည်းဆောင်ရွက်



မန္တလေးမြို့ ဧရာဝတီမြစ် ဆိပ်ကမ်းတစ်နေရာကို တွေ့ရစဉ်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး စက်တင်ဘာ ၈**

တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆိပ်ကမ်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်၍ မန္တလေး(ဧရာဝတီ)ဆိပ်ကမ်း သာယာလှပရေးနှင့် ဆိပ်ကမ်းမြေနေရာများ စနစ်တကျရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတိုးအောင်လင်းက ပြောသည်။

အဆိုပါကိစ္စအတွက် ရေအရင်းအမြစ်မှ ဧရာဝတီ မန္တလေးဆိပ်ကမ်းနှင့် အမရပူရ ဆိပ်ကမ်းများအတွက် ဆိပ်ကမ်းအသုံးပြုခွင့်နှင့် စုပုံခွန် လျှောက်လွှာများ ခေါ်ယူနေပြီး စက်တင်ဘာလကုန်အတွင်း လျှောက်ထားနိုင်ကြောင်း သတင်းစာတွင် ကြေညာထားပြီးဖြစ်သည်။

"မန္တလေးဆိပ်ကမ်းမှာ သွားကြည့်ရင် ရှုပ်နေတယ်။ ဆိပ်ကမ်းကော်မတီ ဖွဲ့စည်းပြီး လုပ်ဆောင်မှုကြောင့်

စာမျက်နှာ ၅ ကော်လံ ၁ ❄

## ယနေ့ ⇄ မာတိကာ


ဧကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ စာ - ၄

နှစ်ပတ်ကြာတိုက်ပွဲများ ပြီးဆုံးပြီးနောက် ဆီးရီးယားပြည်သူများ နေရပ်သို့ပြန်ထွက်ခွာ စာ - ၁၀

ဖားကန့်မြို့နယ်၌ လက်နက်ဖြင့် မသင့်မလျော်ပြုမူခဲ့သည့် ရဲအရာရှိအား ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူ စာ - ၁၄


## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် စက်တင်ဘာ ၈**

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့် အတင့်ရှိမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)

# အာဆီယံပြိုင်ပွဲအတွက် မြန်မာ ယူ-၁၉ အသင်း အပြီးသတ်လူရွေးချယ်

**သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်**

**ရန်ကုန် စက်တင်ဘာ ၈**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် ၂၀၁၆ အာဆီယံ ယူ- ၁၉ ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အသင်းသည် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၁၁ ရက်မှ ၂၄ ရက်အထိ ဟနွိုင်းမြို့၌ ကျင်းပမည် ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် လက်ရှိချန်ပီယံ ထိုင်း၊ ဩစတြေးလျ၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားအသင်းတို့နှင့်အတူ ပါဝင်လျက်ရှိသည်။ အုပ်စု (က)တွင် အိမ်ရှင် ဗီယက်နမ်၊ မလေးရှား၊ တီမော၊ စင်ကာပူနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်လျက်ရှိသည်။ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၂၂ ရက် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသလို ခြောက်သင်းပါဝင်သည့် အုပ်စုဖြစ်သော ကြောင့် အုပ်စုပွဲများကို တစ်ရက်ခြားတစ်ပွဲ ကစားရမည်ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၂ ရက်တွင် အင်ဒိုနီးရှား၊ စက်တင်ဘာ ၁၄ ရက်တွင် ဩစတြေးလျ၊ စက်တင်ဘာ ၁၆ ရက်တွင် လာအိုအသင်း၊ စက်တင်ဘာ ၁၈ ရက်တွင် ကမ္ဘောဒီးယား

စာမျက်နှာ ၅ ကော်လံ ၆ ✪



မြန်မာယူ-၁၉ အသင်း ပြိုင်ပွဲမတိုင်မီ လေ့ကျင့်နေစဉ်

**ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှုဖြစ်ပွားပါက အရေးပေါ် Call Centre ဖုန်း - ၁၉၂ (EMS-192) သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်**

သတင်းဆောင်းပါး၊ စာ - ၈